ကြေးမုံ
The Mirror Daily
၁၉၅၇ ဖြေ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

e – paper ဖတ်ရှုရန်

ရန်တုံ့မမူသဖြင့်သာလျှင် ရန်တို့ ငြိမ်း

ဤလောကၹ် ရန်တို့သည် ရန်တုံ့မူခြင်းအားဖြင့် ဘယ်အခါမှ မငြိမ်းကုန်၊ ရန်တုံ့မမူသဖြင့်သာလျှင် ရန်တို့သည် ငြိမ်းကုန်၏၊ ဤသို့ ရန်တုံ့မမူသဖြင့် ရန်ငြိမ်းခြင်းသည် ရှေးအစဉ်အလာ ဓမ္မတာသဘော ပေတည်း။

ယမကဝဂ်(ဓမ္မပဒ-၅)

၁၃၈၈ ခုနှစ်၊ ဝါခေါင်လဆန်း ၂ ရက်၊ စနေနေ့။ Saturday, 15 August 2026 ၁၂၇၁

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ ဘယ်လာရုစ်သမ္မတနိုင်ငံ Belaya Rus ပါတီဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ

နေပြည်တော် ဩဂုတ် ၁၄

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် လွှတ်တော်သို့ လာရောက်လေ့လာသည့် ဘယ်လာရုစ်သမ္မတနိုင်ငံ Belaya Rus ပါတီဥက္ကဋ္ဌ Ms. Olga Chemodanova ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် လွှတ်တော်အဆောက်အအုံ ဧမ္မုသီရိခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌဦးခင်ရီ ဘယ်လာရုစ်သမ္မတနိုင်ငံ Belaya Rus ပါတီဥက္ကဋ္ဌ Ms. Olga Chemodanova အား လက်ခံတွေ့ဆုံစဉ်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး ဘယ်လာရုစ်သမ္မတနိုင်ငံ Belaya Rus ပါတီဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ

နေပြည်တော် ဩဂုတ် ၁၄

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးသည် ဘယ်လာရုစ်သမ္မတနိုင်ငံ Belaya Rus ပါတီဥက္ကဋ္ဌ Ms. Olga Chemodanova ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

စာမျက်နှာ ၃ ကော်လံ ၅ သို့ ❖



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး ဘယ်လာရုစ်သမ္မတနိုင်ငံ Belaya Rus ပါတီဥက္ကဋ္ဌ Ms. Olga Chemodanova အား လက်ခံတွေ့ဆုံစဉ်။

ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေးနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံမှ ဆောင်ရွက်လျက်ရှိသည့် အခြေအနေဆိုင်ရာ သတင်းထုတ်ပြန်ချက်

စာမျက်နှာ » ၅

လေးမျက်နှာမြို့နယ်၊ ဟသ်ာတမြို့နယ်၊ ရေကြည်မြို့နယ်၊ သိုင်းချောင်းမြို့၊ ကျုံပျော်မြို့၊ ကျောင်းကုန်းမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများတွင် ရေဘေး ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် ဩဂုတ် ၁၄

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်၌ ၂၀၂၆ ခုနှစ် ဇူလိုင် ၃၀ ရက် ညပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုကြောင့် ဝန်မြစ်ရေကာတာ ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှု ဖြစ်ပွားခဲ့ရာ ယနေ့အထိ လေးမျက်နှာမြို့ မြို့ပေါ်ရပ်ကွက်ငါးခု၊ မြို့တွင်းလမ်းမကြီးများနှင့် ပတ်ဝန်းကျင် ကျေးရွာ ၁၂၄ ရွာ၊ ဟသ်ာတမြို့နယ် ၃၇ ရွာ၊

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✻



ဝန်ပန်းတာ ရေဝင်လမ်းအား (Geobags)အိတ်များ ချထားစဉ်။



ရေအရည်အသွေး တိုင်းတာစစ်ဆေးနေစဉ်။

ရန်ကုန်မြို့မှာဖြစ်ပွားနေတဲ့ ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်နိုင်ဖို့ ရေဖြန့်ဖြူးပေးဝေနေတဲ့ မြို့နယ်တွေကို ကွင်းဆင်းပြီး ရေဖြန့်ဖြူးပေးဝေရေး ပိုက်လိုင်းကွန်ရက်အတွင်း Chlorine Booster dosing ခတ်မှုအခြေအနေကို လည်း နေ့စဉ်လိုက်လံ ကြည့်ရှုစစ်ဆေးနေပါတယ်

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)က ရန်ကုန်မြို့တော်နေ ပြည်သူများကျန်းမာရေးနှင့် ညီညွတ်ပြီး သန့်ရှင်းသော သောက်သုံးရေများ နေ့စဉ်ဖြန့်ဖြူးပေးနေမှုများနှင့်ပတ်သက်၍ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)မှ ဒုတိယဌာနမှူး (ညွှန်ကြားရေးမှူး) ဒေါ်သွဲ့နိုင်ဦးနှင့် တွေ့ဆုံမေးမြန်းမှုကို ဖော်ပြလိုက်ပါသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ○

ဝိုင်ဘီအက်စ်ယာဉ်စီးခ ကျပ် ၂၀၀ ခရီးစဉ်ကို ကျပ် ၃၀၀၊ ကျပ် ၄၀၀ ခရီးစဉ်ကို ကျပ် ၆၀၀ သို့ စက်တင်ဘာ ၁ ရက်မှ စတင်၍ တိုးမြှင့်ကောက်ခံမည်

ရန်ကုန် ဩဂုတ် ၁၄

ယာဉ်ပြင်ဆင်ထိန်းသိမ်းစရိတ် ကြီးမြင့်လာခြင်းကြောင့် ဝိုင်ဘီအက်စ်ယာဉ်စီးခနှုန်းထားများကို စက်တင်ဘာ ၁ ရက်မှစတင်၍ တိုးမြှင့်ကောက်ခံသွားမည်ဖြစ်ကြောင်း၊ ထိုသို့ တိုးမြှင့်ကောက်ခံရာတွင် လက်ရှိ ကျပ် ၂၀၀ ကောက်ခံမှုအစား ကျပ် ၃၀၀ သို့လည်းကောင်း၊ လက်ရှိကျပ် ၄၀၀ ကောက်ခံမှုအစား ကျပ် ၆၀၀ သို့လည်းကောင်း

စာမျက်နှာ ၅ ကော်လံ ၁ သို့ ◎

အများပြည်သူရောဂါကင်းဝေးရေး ကာကွယ်ကုသဆောင်ရွက်ပေး

ယခုကာလတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားနေသည်သတင်းများကို ကြားသိနေရသည်။ အဆိုပါရောဂါနှင့်ပတ်သက်၍ ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ဆေးဝါးကုသမှုခံယူနေသည့် လူနာပေါင်း ၁၈၂ ဦးရှိရာ ဝမ်းရောဂါပိုးတွေ့ရှိခဲ့သည့် လူနာ ၉၃ ဦးရှိသည်ဟု သိရသည်။ ထိုသို့ဖြစ်ပွားမှုနှင့်ပတ်သက်၍ ပြည်သူများကြားတွင် စိုးရိမ်ပူပန်မှုရှိနေသည်ဟု ကြားသိရရာ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ပြည်သူများ စိုးရိမ်မှုမရှိအောင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ဝမ်းပျက်ဝမ်းလျှောလူနာများကို စနစ်တကျပြုစုစောင့်ရှောက်ကုသပေးလျက်ရှိသည်။

အဆိုပါရောဂါနှင့်ပတ်သက်၍ ယခု သြဂုတ်လ ၈ ရက်၊ ၉ ရက်နှင့် ၁၀ ရက်တို့တွင် လမ်းမတော်မြို့နယ်အတွင်းမှ ဝမ်းပျက်ဝမ်းလျှောဖြစ်ပွားသူ အယောက် ၂၀၊ လသာမြို့နယ်အတွင်းမှ အယောက် ၂၀ နှင့် ဒဂုံဆိပ်ကမ်းမြို့နယ်မှ ၁၄ ယောက် အစုလိုက်ဖြစ်ပွားခဲ့သည်ဟု သိရသည်။ ထိုသို့အစုလိုက်ဖြစ်ပွားလာသောကြောင့် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ရောဂါဖြစ်ပွားမှုဇာစ်မြစ်ကို ရှာဖွေခဲ့သည်။ လူတစ်ဦးတစ်ယောက်ချင်းစီ၏ အပြုအမူအနေအထိုင်အစားအသောက်တို့ကို စစ်ဆေးခဲ့ရာ အစားအသောက်မကောင်းခြင်း၊ ကျန်းမာရေးနှင့်ညီညွတ်အောင် မလိုက်နာခြင်းတို့ကို ယေဘုယျတွေ့ရှိခဲ့သည်။ ရောဂါဖြစ်ပွားမှုပတ်ဝန်းကျင်တွင် အများစုသည် လမ်းဘေး အသင့်စား အစားအစာများကို အလွယ်တကူစားသောက်ခဲ့ကြပြီး အစားအစာ ဆေးကြောသန့်စင်သည့်ရေမှာလည်း မသန့်ရှင်းသည်ကို တွေ့ရသည်။

မိုးဦးကျ၊ မိုးတွင်းကာလများတွင် သွေးလွန်တုပ်ကွေး၊ တုပ်ကွေးနှင့်ဝမ်းပျက်ဝမ်းလျှောရောဂါများမှာ အဖြစ်များပြီး ဖြစ်လေ့ဖြစ်ထရှိသည်။ သို့သော်အစုလိုက်အပြုံလိုက် ဖြစ်ပွားလာခြင်းနှင့်ပတ်သက်၍ စိုးရိမ်ပူပန်မှုများဖြစ်ရသော်လည်း ကျန်းမာရေးဝန်ကြီးဌာနက အထူးဂရုစိုက်ကာ စိုးရိမ်ဖွယ်ရာအခြေအနေမဖြစ်အောင် ဆောင်ရွက်ပေးလျက်ရှိသည်။ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါကြောင့် သေဆုံးမှုမရှိစေရေးအတွက် အထူးဂရုစိုက်ကုသပေးလျက်ရှိသည်။ ဝမ်းပျက်ဝမ်းလျှောရောဂါသည် ကူးစက်ရောဂါဖြစ်သောကြောင့် ရောဂါဖြစ်ပွားသူနှင့်အတူ ၎င်းတို့၏မိသားစု၊ ပတ်ဝန်းကျင်နှင့်လူနာစောင့်များ၊ ကုသပေးသူများပါမကျန် ရောဂါကူးစက်မှုမရှိအောင် ကာကွယ်ထိန်းချုပ်သည့်လုပ်ငန်းများကို အထူးဂရုစိုက်ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါရောဂါနှင့်ပတ်သက်၍ လူမှုကွန်ရက်များပေါ်တွင် ကျယ်ကျယ်ပြန့်ပြန့် မှားယွင်းလျက်ရှိသောကြောင့် စိုးရိမ်ပူပန်မှုဖြစ်နိုင်သော်လည်း လက်တွေ့တွင် ရောဂါကုသမှု၊ ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်မှုတို့ကြောင့် ရောဂါဖြစ်ပွားမှုနှင့် ဆေးရုံတက်ရောက်ကုသမှု ကျဆင်းလာသည်ကိုတွေ့နိုင်သည်။ ဆေးရုံတက်လူနာများအနေဖြင့်လည်း ရောဂါသက်သာလာပြီဖြစ်၍ အချို့ဆိုလျှင် ဆေးရုံမှပင်ဆင်းနိုင်ပြီဖြစ်သည်။ ရောဂါထပ်မံဖြစ်ပွားစေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာန၏လမ်းညွှန်မှု၊ ကုသရေးဦးစီးဌာန၏ကြီးကြပ်မှုနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆေးရုံများအားလုံးတွင် ဝမ်းပျက်ဝမ်းလျှောရောဂါနှင့်ပတ်သက်၍ အသင့်ပြင်ဆင်ဆောင်ရွက်ထားပြီးဖြစ်သကဲ့သို့ အဓိကကျသည့် ကျန်းမာရေးနှင့်ညီညွတ်သော ပတ်ဝန်းကျင်ဖြစ်စေရန် အားလုံးပိုင်းဝန်းပူးပေါင်းဆောင်ရွက်ရမည်ဖြစ်သည်။

ပြည်သူလူထု ကျန်းမာရေးအတွက် အရေးအကြီးဆုံးအချက်မှာ အစာသန့်ရှင်းရေး၊ သောက်သုံးရေသန့်ရှင်းရေးဖြစ်၍ သက်ဆိုင်ရာပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများအားလုံးက အစားအသောက်နှင့် ရေသန့်ရှင်းရေးကို အထူးဂရုပြု ဆောင်ရွက်ကြရမည်ဖြစ်သည်။ ယခုအခါ ပြည်သူများ၏ လူမှုဘဝနေထိုင်မှုပုံစံများ ပြောင်းလဲလာပြီး မိသားစုအများစုသည် အသင့်စားအစားအစာများကို ရွေးချယ်ဝယ်ယူစားသောက်လာကြသည်ကို တွေ့ရမည်ဖြစ်သည်။ ယင်းသည်ပင် ပြည်သူများ၏ ကျန်းမာရေးအတွက် စိန်ခေါ်မှုဖြစ်လာသည်ကို သတိပြုရမည်ဖြစ်သည်။ ပြည်သူများအနေဖြင့် ပူပူနွေးနွေးအစားအသောက်များကို စားသောက်ရန်နှင့် သန့်သန့်ရှင်းရှင်း အစားအသောက်နှင့် ပစ္စည်းများကို အသုံးပြုရန်လိုသည်။ အစားအသောက် ရောင်းချသူများကလည်း ပြည်သူများ၏ ကျန်းမာရေးကိုမထိခိုက်အောင် သန့်ရှင်းသော ရေနှင့် အစားအစာများဖြစ်အောင် ဆောင်ရွက်ရမည်ဖြစ်သည်။

ပြည်သူများအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနက စဉ်ဆက်မပြတ် အသိပေးနှိုးဆော်လျက်ရှိသော ရာသီအလိုက် ကျန်းမာရေးဆိုင်ရာ ပိုက်နာရမည့်အချက်များကို အလေးထားဆောင်ရွက်ကြရမည်ဖြစ်သည်။ မိုးရာသီကာလသည် ရောဂါဖြစ်ပွားမှု၊ ကူးစက်မှုအဖြစ်များသောကာလဖြစ်သည်။ မိုးရာသီကာလတွင် ပြည်သူများအနေဖြင့် တစ်ကိုယ်ရေသန့်ရှင်းရေးကို ဂရုစိုက်ရန်နှင့် မသန့်ရှင်းသောအစားအစာ၊ မလတ်ဆတ်သော အစားအစာများ၊ ယင်နားစာများနှင့်အမှည့်လွှဲသောအသီးအနှံများကို သတိပြု စားသောက်ရန်လိုသည်။ ထို့အပြင် သန့်ရှင်းသောသောက်ရေသို့မဟုတ် ရေကိုကျိုချက် သောက်သုံးရန်လိုသည်။

သို့ဖြစ်ရာ လတ်တလောဖြစ်ပွားနေသော ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် ပတ်သက်၍ ကျန်းမာရေးဝန်ကြီးဌာနက အထူးဂရုစိုက်လွှမ်းခြုံကာကွယ်ကုသပေးလျက်ရှိပြီး ဖြစ်ပွားနေသောအခြေအနေကိုလည်း ထိန်းချုပ်ဆောင်ရွက်လျက်ရှိရာ ပြည်သူများအနေဖြင့် ကျန်းမာရေးနှင့်ညီညွတ်သော နေထိုင်၊ စားသောက်၊ လုပ်ကိုင်ဆောင်ရွက်မှုများကို ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံတိုက်တွန်းအပ်ပါကြောင်း။ ။

၂၃၀ ကေဗွီ ဘဲလင်းပင်မဓာတ်အားခွဲရုံ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းဆောင်ရွက်မည် ဖြစ်သောကြောင့် ယာယီဓာတ်အားပြတ်တောက်မည်

နေပြည်တော် သြဂုတ် ၁၄

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန အနေဖြင့် နိုင်ငံတော်ဓာတ်အားစနစ်အတွင်း ဝန်အားမျှတ တည်ငြိမ်စွာဖြင့် စဉ်ဆက်မပြတ် ဓာတ်အားပို့လွှတ်ဖြန့်ဖြူးနိုင်ရန်အတွက် ပင်မဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများကို အခါအားလျော်စွာ ထိန်းသိမ်းပြုပြင်ခြင်းနှင့် လိုအပ်ပါက အသစ်တိုးချဲ့တည်ဆောက်ခြင်း စသည့် လုပ်ငန်းများကို အားသွန်ခွန်စိုက်ကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ယခုအခါ ၂၃၀ ကေဗွီ ဘဲလင်းပင်မ ဓာတ်အားခွဲရုံရှိ အပူချိန်မြင့်တက်မှု ဖြစ်ပေါ်နေသော ကြားခံလျှပ်ကူးပစ္စည်း များကို အစားထိုးလဲလှယ်ခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရန်အတွက် အဆိုပါခွဲရုံရှိ ပင်မထရန်စဖော်မာ အမှတ်(၂)အား သြဂုတ် ၁၅ ရက် နံနက် ၈ နာရီမှ မွန်းလွဲ ၁ နာရီအထိ ငါးနာရီကြာခန့် ဓာတ်အား ပိတ်ပြီး ဆောင်ရွက်သွားမည် ဖြစ်သော ကြောင့် လုပ်ငန်းဆောင်ရွက်စဉ်အတွင်း မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ကျောက်ဆည်မြို့၊ စဉ့်ကိုင်မြို့၊ တံတားဦးမြို့နှင့် ပလိပ်မြို့တို့ရှိ ရုပ်ကွက်နှင့် ကျေးရွာများ၊ စက်ရုံ၊ အလုပ်ရုံများ အချိန် ငါးနာရီကြာခန့် ဓာတ်အားပြတ်တောက်နေမည် ဖြစ်ကြောင်း၊ ဓာတ်အားပြတ်ဇယားများရှိ ဓာတ်အားသုံးစွဲသူ မိဘပြည်သူများအား သက်ဆိုင်ရာမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးများမှတစ်ဆင့် ကြိုတင်အသိပေးထားပြီး ဖြစ်ကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

သတင်းစဉ်

■

(၁၄-၈-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

	အမေရိကန်ဒေါ်လာ	တရုတ်ယွမ်	ထိုင်းဘတ်	အိန္ဒိယရူပီး
ငွေလဲလှယ်နှုန်း	၃၆၄၇ ~ ၃၆၆၇	၅၁၇ ~ ၅၁၈.၇	၁၂၅.၇	၄၃.၆
ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ	၉,၁၇၉,၀၅၈.၂၄	၂,၁၀၂,၀၉၄.၈၇	၂,၇၈၉,၅၅၆.၀၀	-

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ဆေးနှင့်ဆေးဝါးကုန်ကြမ်းပစ္စည်း၊ စက်မှုကုန်ကြမ်း၊ စားသုံးကုန်စည်၊ ကား/ဆိုင်ကယ်အပိုပစ္စည်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း၊ ဓာတ်မြေဩဇာ၊ တိရစ္ဆာန်အစာနှင့်ပစ္စည်း၊ စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်း တင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍမှဝင်ရောက်ငွေကို စားသုံးဆီကဏ္ဍနှင့် CMP ကဏ္ဍတို့သို့ ရောင်းချပေးခဲ့ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

၁၄ - ၈ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗ စင်တီမီတာနှင့်အထက်ရှိ စံချိန်မီ ရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ **ဈေးနှုန်းမှာ ငွေကျပ် ဂုဝ၅၀၀၀၀ ဖြစ်သည်။**

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့။

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ၁၄ - ၈ - ၂၀၂၆

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အဝိတ်ဈေး (ကျပ်)	ရွယ်ယာစောင်ရေ	ရွယ်ယာတန်ဖိုး (ကျပ်)
FMI	၁၈,၀၀၀	၁၈,၀၀၀	၁,၀၆၂	၁၉,၁၁၆,၀၀၀
MTSH	၈,၇၀၀	၈,၅၀၀	၆၄၅	၅,၅၀၅,၈၀၀
MCB	၁၃,၀၀၀	၁၃,၀၀၀	၅၄	၇၀၅,၀၀၀
FPB	၆,၈၀၀	၆,၈၀၀	၅၅၁	၃,၇၄၆,၉၀၀
TMH	၃,၅၅၀	၃,၅၅၀	၁	၃,၅၅၀
EFR	၂,၀၀၀	၂,၀၀၀	၇၄၀	၁,၄၈၀,၀၀၀
AMATA	၄,၁၀၀	၄,၁၀၀	၆၄	၂၆၂,၄၀၀
MAEX	၆,၇၀၀	၆,၇၀၀	၁,၉၉၃	၁၃,၃၅၃,၁၀၀
MADPL(PLB)	၆,၄၀၀	၆,၃၀၀	၄၇၂	၂,၉၇၄,၆၀၀
ASPGB(PLB)	၆,၆၀၀	၆,၈၀၀	၁၃,၈၅၂	၉၃,၃၄၈,၁၀၀

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ်	- ဝင်းနိုင်	အကြီးတန်း	- ခင်မိုမို့အောင်၊
စာတည်းမှူး	- အေဝမ်းစိုး	သတင်းထောက်များ	ခင်မျိုးနိုင်၊ မာမာစိုး၊
စာတည်းများ	- စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဌာ၊ နိုင်လင်းကြည်		နိုင်သန္တာလွှေ၊ ခင်ယုဆွေ၊ အိအိမွန်
		အငယ်တန်း သတင်းထောက်များ	- အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ
		သုတေသန	- ဇင်မာဝင့်
ဘာသာပြန်	- အောင်ကျော်ကျော်၊ စိုးသူရ	စာပြင်	- ခင်နှင်းယုနှင့်အဖွဲ့
		စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	- နီလာစိုးနှင်းအဖွဲ့
		အီးမေးလ်နှင့် အွန်လိုင်း	- စိုးချစ်ဦးနှင်းအဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၇၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

တိုင်းပြည်အတွက် အလုပ်လုပ်ကြဖို့ လို

စုစည်းညီညွတ်တဲ့ တိုင်းပြည်တစ်ခုဖြစ်ဖို့အတွက် အားလုံးက ညီညွတ်ဖို့လိုပါတယ်။ ညီညွတ်ရုံနဲ့ မရသေးဘူး၊ တိုင်းပြည်အတွက် အလုပ်လုပ်ကြဖို့ လိုပါတယ်။ စည်းကမ်းရှိဖို့လည်း လိုတယ်။ တိုင်းပြည်မှာ စည်းကမ်းအရ လိုအပ်ချက်တွေရှိနေတာ အမှန်ပါပဲ။ ဒါကို စည်းကမ်းတကျ၊ ညီညီညွတ်ညွတ်နဲ့ အလုပ်လုပ်ကြမယ်ဆိုရင်၊ စွမ်းအားရှိသမျှ အလုပ်လုပ်ကြမယ်ဆိုရင် တိုင်းပြည် မဖွံ့ဖြိုးမတိုးတက်စရာ အကြောင်းမရှိပါဘူး။

(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၁၉-၇-၂၀၂၆ ရက်နေ့ အာဇာနည်နေ့အခမ်းအနားသို့ လာရောက်ဂါရဝပြုရခြင်းနှင့် ပစ္စက္ခကာလတွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့နှင့်စပ်လျဉ်း၍ မီဒီယာများ၏ မေးမြန်းမှုများ ဖြေကြားချက်မှ ကောက်နုတ်ချက်)

☆ ပြည်သူ့လွှတ်တော်မှ

ဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်၏ဖွဲ့စည်းပုံနှင့်တာဝန်များ၊ ကော်မတီများဖွဲ့စည်းထားရှိမှုနှင့် ကိုယ်စားလှယ်များအား ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ ကိစ္စရပ်များ၊ သက်ဆိုင်ရာမဲဆန္ဒနယ်အလိုက် ဒေသဖွံ့ဖြိုးရေးနှင့် ပြည်သူများ၏ လိုအပ်ချက်များကို မေးခွန်းများမေးမြန်းခြင်း၊ အဆိုများ တင်သွင်းခြင်းဖြင့် ပြည်သူများ၏ဆန္ဒအား ပြည့်ဆည်းပေးနိုင်ရေး လွှတ်တော်မှဆောင်ရွက်နေသည့် ကိစ္စရပ်များ၊ မြန်မာနိုင်ငံနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံအကြား ချုပ်ကြည်ရင်းနှီးမှုနိုင်မာစွာဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ်များ၊ အာဆီယံပါလီမန်များညီလာခံ (AIPA)၊ နိုင်ငံတကာပါလီမန်များအဖွဲ့ (IPU)များနှင့် ပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စရပ်များကို ဆွေးနွေးပြောကြားသည်။

Belaya Rus ပါတီ ဥက္ကဋ္ဌ Ms. Olga Chemodanova က ဘယ်လာရုစ်သမ္မတနိုင်ငံသည် မြန်မာနိုင်ငံအတွက် ယုံကြည်အားထားရသည့် မိတ်ဆွေနိုင်ငံဖြစ်ပါကြောင်း၊ မိမိတို့ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုတိုးဖြင့်နိုင်ရေးအတွက် မိမိတို့ပါတီဝိုင်း အနေဖြင့် ကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည် ဆွေးနွေးပြီး ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာ ပွင့်ဆန်း၊ ပြည်ထောင်စုကြိန်ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ ပြောရေးဆိုခွင့်ရှိသူ ဦးလှသိန်းနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

သတင်းစဉ်

❖ အမျိုးသားလွှတ်တော်မှ

တွေ့ဆုံစဉ် နှစ်နိုင်ငံလွှတ်တော်များအကြား ဆက်ဆံရေးတိုးမြှင့်ဆောင်ရွက်ခြင်းဖြင့် နှစ်နိုင်ငံပြည်သူ့ကိုယ်စားလှယ်များ၏ ဆက်ဆံရေးတိုးမြှင့်ရေး၊ နှစ်နိုင်ငံအကြား ယုံကြည်နားလည်မှု၊ လေးစားမှုများဖြင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်နိုင်ရေး၊ လွှတ်တော်နှစ်ရပ်အကြား နိုင်ငံရေးဆိုင်ရာဆွေးနွေးမှုများ၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးစွာအမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အတူ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ Jeng Phang နေ့ဝတောင်၊ နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေးကော်မတီဥက္ကဋ္ဌ၊ မြန်မာ-ဘယ်လာရုစ်လွှတ်တော်ချင်း ချုပ်ကြည်ရင်းနှီးရေးအသင်းဥက္ကဋ္ဌနှင့် အတွင်းရေးမှူး၊ အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

သတင်းစဉ်

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၅/၂၀၂၆) ကြိမ်မြောက် အစည်းအဝေးက အလုပ်အကိုင် အခွင့်အလမ်းပေါင်း ၃၃၀၀ ကျော်ကို ဖန်တီးပေးနိုင်မည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် ၁၄ ခု ခွင့်ပြု

နေပြည်တော် သြဂုတ် ၁၄

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၅/၂၀၂၆) ကြိမ်မြောက် အစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရုံးအမှတ်(၅) အစည်းအဝေးခန်းမ၌ ကျင်းပပြီး အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၃၃၀၀ ကျော်ကို ဖန်တီးပေးနိုင်မည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် ၁၄ ခုကို ခွင့်ပြုသည်။



ခွင့်ပြုပေး

အစည်းအဝေးတွင် လက်ရှိဆောင်ရွက်ဆဲ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ မတည့်ဝေရင်းတိုးမြှင့်ခြင်းအပါအဝင် စက်မှုကဏ္ဍမှ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ်နှစ်ခုကို လည်းကောင်း၊ စက်မှုကဏ္ဍမှ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ်ခြောက်ခုကို လည်းကောင်း၊ ဝန်ဆောင်မှုကဏ္ဍမှ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ်နှစ်ခုကို လည်းကောင်း၊ လျှပ်စစ်ဓာတ်အားကဏ္ဍမှ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ်သုံးခုကို လည်းကောင်း၊ အိမ်ရာ အဆောက်အအုံ တည်ဆောက်ဖွံ့ဖြိုးမှု ကဏ္ဍမှ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ်တစ်ခုကို လည်းကောင်း ခွင့်ပြုပေးခဲ့သည်။

အဆိုပါလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၁၄၀ ဒသမ ၄၇၄ သန်းနှင့် ငွေကျပ် ၁၁၇၈၇၃၁ ဒသမ ၉၂၅ သန်းဖြစ်ပြီး အလုပ်အကိုင် အခွင့်အလမ်းပေါင်း ၃၃၃၆ ကို ဖန်တီးပေးနိုင်မည် ဖြစ်သည်။

ယနေ့အစည်းအဝေးက ခွင့်ပြုပေးသည့်လုပ်ငန်းများမှာ စက်သုံးဆီအရောင်းဆိုင်လုပ်ငန်း၊ တန်ဖိုးနည်းအိမ်ရာအကောင်အထည်ဖော်တည်ဆောက်ရောင်းချခြင်းလုပ်ငန်း၊ နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံတည်ဆောက်၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း၊ SKD စနစ်ဖြင့် ကုန်တင်မော်တော်ယာဉ်တပ်ဆင်ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း၊ SKD စနစ်ဖြင့် လျှပ်စစ်သုံးနှစ်ဘီး၊ သုံးဘီးမော်တော်ဆိုင်ကယ်များ တပ်ဆင်ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း၊ မော်တော်ယာဉ် အမျိုးမျိုးတပ်ဆင် ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်းသုံး ထော်လာဂျီယာဉ်အမျိုးမျိုးတပ်ဆင်ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း၊ ကျန်းမာရေးဝန်ဆောင်မှု လုပ်ငန်း၊ လူသုံးကုန် လျှပ်စစ်ပစ္စည်းအမျိုးမျိုးထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း၊ CMP စနစ်ဖြင့် ပလတ်စတစ်ပြားနှင့် ပလတ်စတစ်ဘူးခွံအမျိုးမျိုး ထုတ်လုပ်ခြင်းလုပ်ငန်း၊ ဖိနပ်အမျိုးမျိုးထုတ်လုပ်ခြင်းလုပ်ငန်းနှင့် စားသောက်ကုန် ထုတ်လုပ်ခြင်းလုပ်ငန်းတို့ ပါဝင်သည်။

၂၀၂၆ ခုနှစ် ဇူလိုင်လကုန်အထိ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံထားသည့် နိုင်ငံ ဒေသပေါင်း ၄၈ ခု အနက် ရင်းနှီးမြှုပ်နှံမှု အများဆုံးပြုလုပ်သော နိုင်ငံ၊ ဒေသများမှာ စင်ကာပူနိုင်ငံ၊ တရုတ်နိုင်ငံနှင့် ဟောင်ကောင် (ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ) တို့ဖြစ်ပြီး စီးပွားရေး ကဏ္ဍ ၁၂ ခုအနက် အများဆုံး ရင်းနှီးမြှုပ်နှံထားသည့် ကဏ္ဍများမှာ လျှပ်စစ်ဓာတ်အားကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၂၈ ဒသမ ၀၆ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၀ ဒသမ ၄၁ ရာခိုင်နှုန်းဖြင့် လည်းကောင်း၊ စက်မှုကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၁၅ ဒသမ ၄၇ ရာခိုင်နှုန်းဖြင့် လည်းကောင်း အသီးသီး ရင်းနှီးမြှုပ်နှံထားသည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံသူများက တင်ပြလာသည့် ရင်းနှီးမြှုပ်နှံမှုအဆိုပြုချက်များအား စိစစ်ခွင့်ပြုခြင်းကိုလည်းကောင်း၊ လက်ရှိဆောင်ရွက်ဆဲ ရင်းနှီးမြှုပ်နှံသူများ အတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဝန်ဆောင်မှုများကိုလည်းကောင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ပံ့ပိုးကူညီ ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် အဆိုပါအစည်းအဝေးသို့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးနှင့် ကော်မရှင် အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

✻ လေးမျက်နှာမှ

ရေကြည်မြို့ပေါ် ရပ်ကွက်လေးခုနှင့် ပတ်ဝန်းကျင်ကျေးရွာ ၂၇ ရွာ၊ သေဝိုင်းချောင်းမြို့ မြို့ပေါ်ရပ်ကွက်နှစ်ခု၊ကျေပျော်မြို့ မြို့ပေါ် ရပ်ကွက် နှစ်ခုနှင့် ပတ်ဝန်းကျင်ကျေးရွာကိုးရွာ၊ ကျောင်းကုန်းမြို့ မြို့ပေါ် ရပ်ကွက် နှစ်ခုနှင့် ကျေးရွာနှစ်ရွာ စုစုပေါင်း မြို့ပေါ် ရပ်ကွက် ၁၅ ခုနှင့် ကျေးရွာ ၁၉၉ ရွာသို့ ရေဝေရောက်မှုများ ဖြစ်ပွားခဲ့သည်။

ထို့ကြောင့် အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များ၊ ပရဟိတအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများ စုပေါင်း၍ ရေဘေးကယ်ဆယ်ရေး စခန်းများဖွင့်လှစ်ကာ ရေဘေးသင့်ပြည်သူများအား ရှာဖွေကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ဝဝန်ပန်းတာမှ ရေဝင်လမ်း ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် ဝဝန်ပန်းတာရေဝင်လမ်းအား (Geobags) အိတ်များချခြင်း၊ မျောတုတ်တန်းများ အတွင်းသဲအိတ်များဖြည့်၍ ကာကွယ်ခြင်း၊ Steel Sheet Pile ရိုက်သွင်းခြင်း လုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်နေမှုများကို အနောက်တောင်တိုင်း စစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါ်စေပ်ညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

မြန်မာနိုင်ငံဆေးဝါးနှင့် ဆေးပစ္စည်းထုတ်လုပ်သူများအသင်းက ရေဘေးသင့်ဒေသများရှိ ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုရန် ဆေးနှင့်ဆေးပစ္စည်းများ လှူဒါန်း



နေပြည်တော် ဩဂုတ် ၁၄

မြန်မာနိုင်ငံဆေးဝါးနှင့် ဆေးပစ္စည်းထုတ်လုပ်သူများအသင်းက ရေဘေးသင့်ဒေသများရှိ ပြည်သူများအတွက် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုရန် ဆေးနှင့်ဆေးပစ္စည်းများ၊ ရေဘေးသင့်ကျန်းမာရေးဝန်ထမ်းများအတွက် အလှူငွေများကို ကျန်းမာရေးဝန်ကြီးဌာနသို့ ယနေ့ လာရောက်လှူဒါန်းသည်။

မြန်မာနိုင်ငံဆေးဝါးနှင့် ဆေးပစ္စည်းထုတ်လုပ်သူများအသင်းဥက္ကဋ္ဌနှင့် ကုမ္ပဏီများမှ တာဝန်ရှိသူများက ယနေ့မွန်းလွဲပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာနရုံးအမှတ်(၄) အစည်းအဝေးခန်းမ၌ လာရောက်လှူဒါန်းကြရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်နိုင်ဝင်းက လှူဒါန်းမှုအတွက် ကျေးဇူးတင်စကားပြောကြားပြီး မြန်မာနိုင်ငံဆေးဝါးနှင့် ဆေးပစ္စည်းထုတ်လုပ်သူများအသင်းဥက္ကဋ္ဌက ဆေးနှင့် ဆေးပစ္စည်းများ၊ အလှူငွေများ လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

အဆိုပါလှူဒါန်းပွဲတွင် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်များထံ အလှူရှင်ကုမ္ပဏီများမှ တာဝန်ရှိသူများက ဆေးနှင့်ဆေးပစ္စည်းများ၊ အလှူငွေများ ပေးအပ်၍ ဂုဏ်ပြုမှတ်တမ်းလွှာများပြန်လည်ပေးအပ်ကြသည်။

ယနေ့ လာရောက်လှူဒါန်းမှုသည် ငွေကျပ်သိန်း ၃၇၀၀ ကျော် တန်ဖိုးရှိ ဆေးနှင့် ဆေးပစ္စည်းများနှင့် အလှူငွေ ကျပ်သိန်း ၇၁၀ ကို လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

မြန်မာနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံတို့အကြား ခရီးသွားလုပ်ငန်းကဏ္ဍပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး ဆွေးနွေး



နေပြည်တော် ဩဂုတ် ၁၄

မြန်မာနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံတို့အကြား ခရီးသွားလုပ်ငန်းကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ နှစ်နိုင်ငံပြည်သူများအကြား အပြန်အလှန်ခရီးသွားလာမှု မြှင့်တင်ရေး၊ နှစ်နိုင်ငံ၏ ခရီးသွားနေရာများနှင့်ပတ်သက်သည့် သတင်းအချက်အလက်များ၊ ဓာတ်ပုံနှင့် ဗီဒီယိုများ ဖလှယ်ရေးတို့ကို ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ Belaya Rus ပါတီဥက္ကဋ္ဌ Ms. Olga Chemodanova ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံစဉ် ဆွေးနွေးခဲ့သည်။

ဘယ်လာရုစ်ကိုယ်စားလှယ်များက မြန်မာနိုင်ငံ၏ သဘာဝအလှအပများ၊ ကမ်းခြေဒေသများနှင့် အခြားထင်ရှားသော ခရီးသွားနေရာများကို ဘယ်လာရုစ်ပြည်သူများ ပိုမိုသိရှိလာစေရန် သတင်းအချက်အလက်များ ဖြန့်ဝေပေးရန် လိုအပ်ကြောင်း၊ အထူးသဖြင့် နှစ်နိုင်ငံကြား ဗီဇာကင်းလွတ်ခွင့် များ ရရှိလာပြီဖြစ်၍ မင့်စ်- ရန်ကုန် တိုက်ရိုက်လေကြောင်းခရီးစဉ် ရှိလာပါက ဘယ်လာရုစ်နိုင်ငံမှ ခရီးသွားများ မြန်မာနိုင်ငံသို့ လာရောက်ရန် ပိုမိုလွယ်ကူမည်ဖြစ်ပြီး Tour Operator များအနေဖြင့် ခရီးစဉ်များကို ပိုမိုထိရောက်စွာ စီစဉ်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

အလားတူ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၌ ကမ်းခြေခရီးသွားလုပ်ငန်းအပြင် တောင်တက်ခရီးစဉ်များ၊ စွန့်စားခရီးသွားလုပ်ငန်းများနှင့် အင်းလေးဒေသကဲ့သို့ ထူးခြားသည့် ခရီးသွားအတွေ့အကြုံများ ရရှိနိုင်သည့် နေရာများစွာရှိကြောင်း၊ မြန်မာနိုင်ငံ၏ ထင်ရှားသော ခရီးသွားနေရာများနှင့်ယဉ်ကျေးမှု၊ သဘာဝအလှအပများကို ဖော်ပြထားသည့် ဗီဒီယိုနှင့် ဓာတ်ပုံများကို ဘယ်လာရုစ်နိုင်ငံရှိ မြန်မာသံရုံးမှ တစ်ဆင့်ဖြန့်ဝေ၍ ဘယ်လာရုစ်ပြည်သူများနှင့် Tour Operator များ ပိုမိုသိရှိလာစေရေး ဆောင်ရွက်ရန် ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ရုံးအမှတ်(၃၅) လေ့ကျင့်ရေးကဓာတ်ရုံ၌ အနုပညာဦးစီးဌာနမှ အနုပညာရှင် ဝန်ထမ်းများက ဝတ်စုံပြည့်ကပြ ဖျော်ဖြေတင်ဆက်သည့် "မေတ္တာ ရွှေစောင်း ဓမ္မရသ ဇာတ်တော်ကြီး"ကို ကြည့်ရှုအားပေးပြီး ပါဝင်ကပြဖျော်ဖြေခဲ့သည့် အနုပညာရှင် ဝန်ထမ်းများအား ဂုဏ်ပြုစကား ပြောကြား၍ တက်ရောက်လာကြသည့် ပညာရှင်ကြီးများက အကြံဉာဏ်များ၊ လိုအပ်သည်များကို ဖြည့်စွက်အကြံပြုခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ဘာသာပေါင်းစုချစ်ကြည်ညီညွတ်ရေးအဖွဲ့က ဧရာဝတီတိုင်းဒေသကြီး ရေဘေးကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး အလှူငွေ ပေးအပ်လှူဒါန်း



ရန်ကုန် ဩဂုတ် ၁၄

ဧရာဝတီတိုင်းဒေသကြီး ရေဘေးကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ဘာသာပေါင်းစုချစ်ကြည်ညီညွတ်ရေးအဖွဲ့က အလှူငွေပေးအပ်လှူဒါန်းပွဲ ကို ယမန်နေ့ မွန်းလွဲပိုင်းက ပုသိမ်မြို့ အားကစားရေးရာဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန အားကစားပြိုင်ပွဲရုံ(၂)၌ ကျင်းပသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဘာသာပေါင်းစုချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို) ဥက္ကဋ္ဌ ဦးဝဏ္ဏ ဦးဆောင်သောအဖွဲ့သည် ဧရာဝတီတိုင်းဒေသကြီး ရေဘေးကယ်ဆယ်ရေးနှင့် ပြန်လည် ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် အလှူငွေကျပ်သိန်း ၁၀၀ ကို ပေးအပ်လှူဒါန်းရာ ဧရာဝတီတိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးစိုးညွန့်နှင့် တာဝန်ရှိသူများက လက်ခံရယူခဲ့ကြောင်း သိရသည်။

သတင်းစဉ်

❍ ရှေ့ဖုံမှ

မေး။ ။ ရန်ကုန်မြို့နေပြည်သူတွေ ကျန်းမာရေးနဲ့ ညီညွတ်ပြီး သန့်ရှင်းတဲ့ သောက်သုံးရေ ရရှိဖို့အတွက် အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)က ဆောင်ရွက်ပေးနေတဲ့ လုပ်ငန်းတွေကို ရှင်းပြပေးစေချင်ပါတယ်။

ဖြေ။ ။ ရန်ကုန်မြို့နေပြည်သူတွေကို သန့်ရှင်းပြီး ကျန်းမာရေးနဲ့ ညီညွတ်တဲ့ သောက်သုံးရေ ပေးဝေနိုင်ဖို့အတွက် ရေသန့်စင်စက်ရုံကြီးတွေရဲ့ ရေသန့်စင်စနစ်တွေမှာ ကလိုရင်းဆေးခတ်ပိုးသတ်ခြင်း လုပ်ငန်းကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့ သတ်မှတ်စံချိန်စံညွှန်းတွေအတိုင်း ပုံမှန်ဆောင်ရွက်နေတဲ့အပြင် မိုးရာသီမှာ ဖြစ်ပွားလေ့ရှိတဲ့ ဝမ်းရောဂါကို ကြိုတင်ကာကွယ်နိုင်ဖို့အတွက်လည်း အရေးပေါ်အခြေအနေမှာ ရေဖြန့်ဖြူးပေးဝေတဲ့ မြို့နယ်တွေရဲ့ ရေပေးဝေရေး ကွန်ရက်အတွင်း ရေထဲမှာ ပိုးသတ်နိုင်စွမ်းရှိတဲ့ ကလိုရင်းကျန်ရှိမှု (Residual Chlorine) သတ်မှတ်ပမာဏ ရှိစေဖို့အတွက် Chlorine Booster dosing (Superchlorination) ဆေးခတ်ခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးနေပါတယ်။

မေး။ ။ အခု ရန်ကုန်မြို့ရဲ့ မြို့နယ်အချို့မှာ ဖြစ်ပွားနေတဲ့ ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ရေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေတာနဲ့ ပတ်သက်ပြီးလည်း ပြောပြပေးစေလိုပါတယ်။

ဖြေ။ ။ အခု ရန်ကုန်မြို့မှာဖြစ်ပွားနေတဲ့ ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်နိုင်ဖို့အတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ (မြို့တော်ဝန်)၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ကော်မတီဝင်တွေ၊ ဌာနမှူးတွေ၊ တိုင်းကျန်းမာရေးဦးစီးဌာနက တာဝန်ရှိသူတွေ၊ ခရိုင်၊ မြို့နယ် အုပ်ချုပ်ရေးအဖွဲ့တွေ ပါဝင်တဲ့ ပူးပေါင်းအဖွဲ့နဲ့ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီက ရေဖြန့်ဖြူး ပေးဝေနေတဲ့ မြို့နယ်တွေကို ကွင်းဆင်းပြီး ရေဖြန့်ဖြူးပေးဝေရေး ပိုက်လိုင်း ကွန်ရက်အတွင်း Chlorine Booster dosing ဆက်မှု အခြေအနေကိုလည်း နေ့စဉ်လိုက်လံ ကြည့်ရှုစစ်ဆေးနေပါတယ်။



ဒုတိယဌာနမှူး (ညွှန်ကြားရေးမှူး) ဒေါ်သွဲ့နိုင်ဦး

လက်ရှိရေဖြန့်ဖြူးပေးဝေရေး ပိုက်လိုင်းကွန်ရက်အတွင်း Chlorine Booster dosing (Superchlorination) လုပ်ငန်းကို လသာမြို့နယ်မှာ ရှစ်နေရာ၊ လမ်းမတော်မြို့နယ်မှာ ငါးနေရာ၊ အလုံမြို့နယ်မှာ တစ်နေရာ၊ ပုဇွန်တောင်မြို့နယ်မှာ တစ်နေရာ၊ မင်္ဂလာတောင်ညွန့်မြို့နယ်မှာ တစ်နေရာ၊ ကျောက်တံတားမြို့နယ်မှာ နှစ်နေရာ၊ ပန်းဘဲတန်းမြို့နယ်မှာ နှစ်နေရာနဲ့ ဒဂုံတွင်မြို့နယ်မှာ တစ်နေရာ စုစုပေါင်း ၂၁ နေရာမှာ ဆောင်ရွက် နေပါတယ်။

မေး။ ။ အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)က ရန်ကုန်မြို့အတွင်း ဖြန့်ဖြူးပေးနေတဲ့ သောက်သုံးရေ လေ့လာစမ်းစစ်မှုကဏ္ဍနဲ့ ပတ်သက်ပြီး သိချင်ပါတယ်။

ဖြေ။ ။ Chlorine Booster dosing (Superchlorination) ဆောင်ရွက်မှုကြောင့် ရေဖြန့်ဖြူးပေးဝေရေးကွန်ရက်အတွင်း Residual Chlorine ပါဝင်မှုကို လေ့လာဆန်းစစ်နိုင်ဖို့အတွက် ရေနမူနာရယူပြီး ရေအရည်အသွေးတိုင်းတာကာ စောင့်ကြည့်လေ့လာမှုတွေ ဆောင်ရွက်နေတာမှာ မူလကလည်း Residual Chlorine အထိုက် အလျောက်ရှိလို့ ထွက်ပေါ်လာတဲ့ အဖြေအရ သင့်လျော်မှုရှိတာကို တွေ့ရပါတယ်။

မေး။ ။ ရန်ကုန်မြို့တော်သူ မြို့တော်သားတွေကို အကြံပြုစရာရှိရင်လည်း ဖြည့်စွက်ပြောပေးပါ။

ဖြေ။ ။ ရေသုံးစွဲသူ မိဘပြည်သူတွေအနေနဲ့ သောက်သုံးရေကို သန့်ရှင်းစွာ ထိန်းသိမ်းထားသိုပြီး စနစ်တကျ အသုံးပြုခြင်း၊ ကျန်းမာရေးအသိ၊ သတိနဲ့ နေထိုင်စားသောက်ခြင်းဖြင့် ရောဂါ မဖြစ်ပွားရေး ကြိုတင်ကာကွယ်သင့်ပါကြောင်း အကြံပြုပြောကြား လိုပါတယ်။

သတင်းအဖွဲ့

ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေးနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံမှ ဆောင်ရွက်လျက်ရှိသည့် အခြေအနေဆိုင်ရာ သတင်းထုတ်ပြန်ချက်

(၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်၊ နေပြည်တော်)

ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ၊ အခြားနိုင်ငံများသို့ ရွှေ့ပြောင်းသွားလာကြသည့် လေ့စီးဒုက္ခသည်များနှင့် ဘင်္ဂလားဒေ့ရှ်ကော့စ်ဘဇားရှိစခန်းများတွင် နေထိုင်လျက်ရှိသူများနှင့် ပတ်သက်၍ ကမ္ဘာ့သတင်းဓိဒီယာများတွင် အမျိုးမျိုးအဖွဲ့ဖုံ ပုံဖော်ရေးသားလျက်ရှိကြပါသည်။ ယင်းသို့ ရေးသားထုတ်ဝေ၊ ထုတ်လွှင့်ပြောဆိုနေမှုများသည် သတင်းမှားများ၊ အချက်အလက်မှားများအပေါ် အခြေခံလျက် တစ်ဖက်စောင်းနင်း ရေးသားပြောဆိုနေကြခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။ သို့ဖြစ်ရာ မြန်မာနိုင်ငံအနေဖြင့် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများနှင့်ပတ်သက်၍ ဖြစ်စဉ်မှန်ကို အောက်ပါအတိုင်းရှင်းလင်းဖော်ပြလိုပါသည်-

ရခိုင်ပြည်နယ် မြောက်ပိုင်းမှ နေရပ်စွန့်ခွာသူများနှင့် ပတ်သက်သည့် အဖြစ်မှန်မှာ ၂၀၁၆ ခုနှစ် အောက်တိုဘာလ၊ နိုဝင်ဘာလနှင့် ၂၀၁၇ ခုနှစ်၊ ဩဂုတ်လတွင် အာဆာအကြမ်းဖက်အဖွဲ့က လူအင်အား၊ လက်နက်အင်အားဖြင့် ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ လုံခြုံရေးရဲကင်းများနှင့် ရဲတပ်ရင်းများကို တစ်ပြိုင်နက်တိုက်ခိုက်မှုများ၊ ထပ်တိုးတိုက်ခိုက်မှုများ ပြုလုပ်ရုံသာမက အစိုးရဝန်ထမ်းများ၊ ဒေသခံတိုင်းရင်းသားများအား အကြမ်းဖက်သတ်ဖြတ်မှုများကြောင့် တပ်မတော်က အကြမ်းဖက်နှိမ်နင်းမှုစစ်ဆင်ရေးဖြင့် တုံ့ပြန်ဆောင်ရွက်ခဲ့ရပါသည်။ အာဆာအကြမ်းဖက်အဖွဲ့၏ ခြိမ်းခြောက်တိုက်ခိုက်မှုကြောင့် ဒေသခံတိုင်းရင်းသားများက အခြားမြို့ရွာများသို့ ထွက်ပြေးကြရပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အသီးသီး နေရပ်စွန့်ခွာသွားခဲ့ခြင်းဖြစ်ပါသည်။

မှတ်တမ်းများအရ အာဆာအကြမ်းဖက်တိုက်ခိုက်မှု ဖြစ်စဉ်မတိုင်မီ ဘူးသီးတောင်၊ မောင်တောနှင့် ရသေ့တောင်ရှိ ဘင်္ဂလီလူဦးရေမှာ ၇၄၀၀၀၀ ကျော်ရှိခဲ့ပြီး ဖြစ်စဉ်ဖြစ်ပွားပြီးနောက် ဘင်္ဂလီလူဦးရေ ၂၀၀၀၀၀ ကျော် ကျန်ရှိနေထိုင်လျက်ရှိသဖြင့်၊ ဘင်္ဂလီလူဦးရေ ၅၄၀၀၀၀ ကျော် ဘင်္ဂလားဒေ့ရှ်ဘက်သို့ နေရပ်စွန့်ခွာသွားခဲ့ကြောင်း စိစစ်တွေ့ရှိရပါသည်။ ယင်းစိစစ်ချက်အရ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ (၁)သန်းကျော်ရှိသည်ဟု ပြောကြားနေမှုများမှာ မှားယွင်းကြောင်း ထင်ရှားပါသည်။

မြန်မာနိုင်ငံသည် နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေးအတွက် ဘင်္ဂလားဒေ့ရှ်နှင့် နှစ်လအတွင်း၌ နစ်ခိုင်ငံသဘောတူစာချုပ် (၃)ခု ချုပ်ဆိုခဲ့ပြီး ယင်းစာချုပ်များနှင့်အညီ လက်ခံရန် ၂၃-၁-၂၀၁၈ ရက်တွင် တစ်ကြိမ်၊ ပူးတွဲလုပ်ငန်းအဖွဲ့ သဘောတူညီချက်အရ ၁၅-၁၁-၂၀၁၈ ရက်တွင် တစ်ကြိမ်၊ တရုတ်နှင့် ဘင်္ဂလားဒေ့ရှ်၏အကြောင်းကြားချက်အရ ၂၂-၈-၂၀၁၉ ရက်တွင် တစ်ကြိမ် စုစုပေါင်း(၃)ကြိမ် စီစဉ်စောင့်ဆိုင်းခဲ့သော်လည်း ပြန်လည်ဝင်ရောက်ခဲ့ခြင်းမရှိခဲ့ပါ။

ဘင်္ဂလားဒေ့ရှ်ဘက်မှ မြန်မာဘက်သို့ နေရပ်စွန့်ခွာသူများ စာရင်းအဖြစ် လူဦးရေအမည်စာရင်း ၈၂၈၂၄ ဦး ပေးပို့ခဲ့ရာ၊ ၃၁-၇-၂၀၂၆ ရက်အထိ အမည်စာရင်း ၄၂၆၅၄၅ ဦးအား စိစစ်ခဲ့ပြီးဖြစ်ပါသည်။ စိစစ်ချက်အရ ရခိုင်ပြည်နယ်တွင် နေထိုင်ခဲ့ကြောင်း အထောက်အထားတွေ့ရှိသူ ၃၀၈၇၉၇ ဦး၊ အကြမ်းဖက်လုပ်ရပ်များ ကျူးလွန်ခဲ့သူ ၄၂၄၁ ဦးနှင့် ရခိုင်ပြည်နယ်အတွင်း နေထိုင်ကြောင်း အထောက်အထား မတွေ့ရှိရသူ ၁၁၃၅၀၇ ဦး စိစစ်တွေ့ရှိရပါသည်။

သို့ဖြစ်၍ ယင်းကိန်းဂဏန်းများအရ ဘင်္ဂလားဒေ့ရှ် စခန်းများတွင် နေထိုင်သူအားလုံးအား မြန်မာနိုင်ငံမှ လာရောက်သူဟု စွပ်စွဲပြောဆိုချက်များအပေါ် စိုးရိမ်မကင်းဖြစ်မိပါသည်။ အလားတူပင် လေ့စီးဒုက္ခသည်များနှင့် အခြားနိုင်ငံများသို့ မြန်မာနိုင်ငံတွင်မရှိသည့် လူမျိုးအမည်ဖြင့် ရောက်ရှိနေသူများကို မြန်မာနိုင်ငံမှဟု စွပ်စွဲဖော်ပြနေခြင်းများအား ပြတ်သားစွာ ကန့်ကွက်ပါသည်။

မြန်မာနိုင်ငံတွင် ၁၉၇၈၊ ၁၉၉၁၊ ၁၉၉၂ ခုနှစ်များက လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ အထောက်အထားစစ်ဆေးစီစစ်သည့် လုပ်ငန်းစဉ်များကြောင့် ရခိုင်ပြည်နယ်မှ ဘင်္ဂလားဒေ့ရှ်သို့ နေရပ်စွန့်ခွာခဲ့သူ ဘင်္ဂလီများကို မြန်မာနှင့် ဘင်္ဂလားဒေ့ရှ်အကြား နစ်နိုင်ငံသဘောတူညီချက်များဖြင့် အောင်မြင်စွာ ပြန်လည်လက်ခံနိုင်ခဲ့ပါသည်။ နေရပ်စွန့်ခွာသူများကို ၁၉၇၈-၁၉၇၉ ခုနှစ်များအတွင်း ၁၈၆၉၆၈ ဦး၊ ၁၉၉၂-၂၀၀၅ ခုနှစ်များအတွင်း ၂၃၆၄၉၅ ဦး ပြန်လည်လက်ခံခဲ့ပါသည်။

မြန်မာနိုင်ငံအနေဖြင့် ရခိုင်ပြည်နယ်တွင် အမှန်တစ်ကယ်နေထိုင်ခဲ့သူများကို ပြန်လည်လက်ခံနိုင်ရန် စိတ်ဆန္ဒမှန်ဖြင့် ကြိုးပမ်းခဲ့ရာ၊ ရှေ့ပြေးစမ်းသပ်စီမံကိန်း (Pilot Project) ဖြင့် လက်ခံနိုင်ရေး ရခိုင်ပြည်နယ်သို့ ဖိတ်ကြားရှင်းလင်းသည့် Come-and-See ခရီးစဉ်၊ ဘင်္ဂလားဒေ့ရှ်သို့ သွားရောက်သည့် Go-and-Talk ခရီးစဉ် (၂)ကြိမ်၊ မြန်မာကိုယ်စားလှယ်အဖွဲ့ ဘင်္ဂလားဒေ့ရှ်သို့ သွားရောက်သည့် မျက်မြင်စစ်ဆေးခြင်း ခရီးစဉ် (၂)ကြိမ်၊ Pilot Project အတွက် ပြင်ဆင်ထားမှုကို သံတမန်များအားပြသသည့် ခရီးစဉ် (၂)ကြိမ် ဆောင်ရွက်ခဲ့ပါသည်။

မြန်မာအစိုးရမှ စိစစ်ပြီးသည့် နေရပ်စွန့်ခွာသူများကို ၎င်းတို့၏ဆန္ဒအလျောက်၊ လုံခြုံ၊ ဂုဏ်သိက္ခာရှိစွာ ပြန်လာနိုင်ရေးအတွက် ဘင်္ဂလားဒေ့ရှ်နှင့် နှစ်နိုင်ငံအကြား အိမ်နီးချင်းကောင်း စိတ်ဓာတ်အပေါ် အခြေခံ၍ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးကိစ္စသည် နှစ်နိုင်ငံအကြား ဖြေရှင်းရမည့် ကိစ္စဖြစ်ပြီး၊ နိုင်ငံတကာပြဿနာအဖြစ် လွဲမှားစွာ ပုံဖော်နေမှုအပေါ် စိတ်မသက်မသာ ဖြစ်ရပါသည်။ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့်ပတ်သက်၍ မြန်မာနိုင်ငံအနေဖြင့် မိတ်ဆွေနိုင်ငံများနှင့်လည်း အပြုသဘော ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ရခိုင်ပြည်နယ်၌ နေထိုင်ခဲ့ဖူးကြောင်း စိစစ်ပြီးသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ နေရပ်စွန့်ခွာသူများကို ရခိုင်ပြည်နယ်၏ လုံခြုံရေးအခြေအနေတိုးတက်ကောင်းမွန်လာပါက မြန်မာနိုင်ငံအနေဖြင့် ညှိနှိုင်းကာ ပြန်လည်လက်ခံသွားမည် ဖြစ်ပါသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန
နေပြည်တော်
၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်

ညောင်တုန်းမြို့၌ ဝါခေါင်လ ကရင်ရိုးရာ ချည်ဖြူဖွဲ့မင်္ဂလာ(လက်ချည်ပွဲ) ကျင်းပ

ညောင်တုန်း ဩဂုတ် ၁၄

ညောင်တုန်းမြို့နယ် ကရင်တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းက ဦးဆောင်ကာ ဝါခေါင်လ ကရင်ရိုးရာ ချည်ဖြူဖွဲ့မင်္ဂလာ(လက်ချည်ပွဲ)ကို ယနေ့နံနက်ပိုင်းက ညောင်တုန်းမြို့ အမှတ်(၃) ရပ်ကွက်ရှိ မြို့တော်ခန်းမ၌ ကျင်းပသည်။

အဆိုပါပွဲကို ပြည်ထောင်စုအတိုင်ပင်ခံကောင်စီဝင် မန်းငြိမ်းမောင်၊ ကရင်တိုင်းရင်းသားရေးရာဝန်ကြီး မန်းသိန်းကျော်နှင့် မြို့နယ်ကရင်တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်း နာယက ဆရာတော် ဘဒ္ဒန္တ သုဓင်္ကတို့က မင်္ဂလာဖားစည်၌ ချက်တီး၍ ဖွင့်လှစ်ပေးပြီး ကရင်အမျိုးသားအလံတော်အား အလေးပြုကြသည်။

ချည်ဖြူဖွဲ့.မင်္ဂလာ ကျင်းပ

ဝါခေါင်လ ကရင်ရိုးရာချည်ဖြူဖွဲ့မင်္ဂလာ(လက်ချည်ပွဲ)တွင် ပြည်ထောင်စုအတိုင်ပင်ခံကောင်စီဝင်နှင့် တာဝန်ရှိသူများက အမှာစကားများပြောကြားကြပြီး လူမှုရေးအသင်းအဖွဲ့များ၊ မြို့နယ်အတွင်းရှိ ကရင်တိုင်းရင်းသားများနှင့်အတူ ချည်ဖြူဖွဲ့မင်္ဂလာ(လက်ချည်ပွဲ)ကို ကျင်းပကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



✪ ပိုင်ဘီအက်စ်မှ

ပြောင်းလဲကောက်ခံသွားမည်ဖြစ်ကြောင်း၊ YPSကတ်များကိုပါအဆိုပါနှုန်းထားနည်းတူတစ်ပြိုင်တည်း ပြောင်းလဲကောက်ခံသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိက သယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ (YRTC) တွဲဖက်အတွင်းရေးမှူး ဦးလျန်ကျင့်မန်က ပြောကြားသည်။

ယနေ့ ညနေ ၃ နာရီက ရန်ကုန်မြို့တာမွေမြို့နယ်ရှိ YRTC ရုံးချုပ်၌ ပြုလုပ်သော မိဒီယာတွေ့ဆုံပွဲတွင် ၎င်းက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

"ဒီနှစ်စမှာ ပိုင်ဘီအက်စ်ယာဉ်အစီးရေ ၃၆၀၀ ခန့် ပြေးဆွဲပြီး စီးတဲ့ခရီးသည်ဦးရေ ကလည်း ၁ ဒသမ ၄ သန်းခန့်ရှိပါတယ်။ စက်သုံးဆီအခက်အခဲတွေ ဖြစ်တဲ့အချိန် ကစပြီး ပိုင်ဘီအက်စ်စီးတဲ့ခရီးသည် အရေအတွက်က ပိုများလာတယ်။ စီးတဲ့သူ ၁ ဒသမ ၈ သန်းခန့် ဖြစ်လာတဲ့အတွက်



ရန်ကုန်မြို့တွင်းပြေးဆွဲလျက်ရှိသည့် ပိုင်ဘီအက်စ်ယာဉ်များကို တွေ့ရစဉ်။

ရုံးတက်၊ ရုံးဆင်းချိန်မှာဆိုရင် မှတ်တိုင်တွေမှာ ခရီးသည်စုပုံတာတွေ၊ ကားပေါ်မှာ ပြည့်ကျပ်စွာ လိုက်ပါစီးနင်းရတာတွေ ဖြစ်ပြီး စီးတဲ့ခရီးသည်နဲ့ ပြေးဆွဲတဲ့ ယာဉ်စီးရေ လောက်မမှုမရှိတာကို တွေ့ရှိရပါတယ်။

အဲဒီလိုဖြစ်ရတဲ့ အကြောင်းရင်းက စာရင်းရှိယာဉ်စီးရေ ၅၃၀၀ ကျော်မှာ လက်ရှိပြေးဆွဲပေးနေတာက ၃၃၀၀ လောက်ပဲရှိပြီး ကျန်တာတွေက ပြုပြင်မှု တွေလုပ်နေလို့ မပြေးဆွဲနိုင်တဲ့အတွက် ကားကျပ်တဲ့ကိစ္စတွေ ဖြစ်လာပါတယ်။ ပြုပြင်နေတဲ့ယာဉ်တွေကို အမြန်ဆုံးပြုပြင်ပြီး ပြေးဆွဲနိုင်ဖို့ ပိုင်ဘီအက်စ်အများပိုင် ကုမ္ပဏီတွေကို စီစစ်ကြပ်မတ်ဆောင်ရွက်တဲ့အခါကျတော့ ယာဉ်အပိုပစ္စည်းရှားပါးမှုနဲ့ ဈေးနှုန်းကြီးမြင့်မှုတို့ကြောင့် ဝယ်ယူပြုပြင်ဖို့အခက်အခဲတွေ ဖြစ်ပေါ်နေတာတွေ့ရှိရပါတယ်။ ပိုင်ဘီအက်စ်ယာဉ်အစီးရေ တိုးမြှင့်ထွက်ရှိပြေးဆွဲနိုင်ဖို့ အတွက်ဆိုရင် ပြုပြင်ဆဲယာဉ်တွေကို အမြန်ဆုံးပြုပြင်မှသာ ခရီးသွားပြည်သူတွေအတွက် ပိုမိုအဆင်ပြေမှာဖြစ်ပြီး ယာဉ်တွေပြုပြင်ရာတွင်လည်း ယာဉ်အပို ပစ္စည်း၊ ဆက်စပ်ပစ္စည်းတွေ ဝယ်ယူမှု ဈေးနှုန်းမြင့်မားခြင်းနဲ့ ပိုင်ဘီအက်စ် ကုမ္ပဏီတွေရဲ့ ဝင်ငွေ/ထွက်ငွေ မမျှတဖြစ် နေခြင်းတွေကို ကုစားနိုင်ဖို့အတွက် သင့်တင့်မျှတတဲ့ယာဉ်စီးခ နှုန်းထားကို ပြန်လည်သတ်မှတ်နိုင်မှသာ ယာဉ်လိုင်း ကုမ္ပဏီတွေအတွက် အထိုက်အလျောက် အဆင်ပြေစေမှာဖြစ်လို့ ရန်ကုန်တိုင်း ဒေသကြီးအစိုးရအဖွဲ့ရဲ့ ခွင့်ပြုချက်နဲ့ ယာဉ်စီးခနှုန်းထားကို တိုးမြှင့်ကောက်ခံတာဖြစ်ပါတယ်" ဟု ဦးလျန်ကျင့်မန်က ရှင်းလင်းပြောကြားသည်။

ပိုင်ဘီအက်စ်ယာဉ်စီးခ နှုန်းထားများမှာ ရန်ကုန်မြို့တွင်း (Downtown) ဇရိယာအတွင်း ကျပ် ၂၀၀၊ အခြားရန်ကုန်မြို့ပြင်နှင့် ဆင်ခြေဖုံးဒေသ ကျပ် ၄၀၀ နှုန်းဖြင့် ၂၀၂၁ ခုနှစ်မှလက်ရှိကာလအထိ ကောက်ခံလျက်ရှိကြောင်း၊ YRTC ၏ ကြီးကြပ်မှုအောက်တွင် ပိုင်ဘီအက်စ်ယာဉ်လိုင်း ကုမ္ပဏီ ၂၁ ခု၊ စာရင်းရှိ ယာဉ်လိုင်း ၁၄၅ လိုင်း၊ စာရင်းရှိယာဉ်စီးရေ ၅၃၉၉ စီးရှိပြီး နေ့စဉ် ပြေးဆွဲယာဉ်လိုင်း ၁၃၄ လိုင်း၊ ယာဉ်စီးရေ ၃၃၀၀ ခန့်ဖြင့် ခရီးသည် ၁ ဒသမ ၈ သန်းခန့်ကို သယ်ယူပို့ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

ကိုထက်

ကြေးမုံ

အနာဂတ်အသစ် 5G ခေတ်သို့ ...



မောင်ဖိုးသား

(ယမန်နေ့မှအဆက်)

"3G လို့ခေါ်တဲ့ တတိယမျိုးဆက် မိုဘိုင်းနည်းပညာအကြောင်း ဆက်ပြောပြမယ်။ ပထမဆုံး စီးပွားဖြစ် 3G (WCDMA*5) ကွန်ရက်ကို ဂျပန်နိုင်ငံမှာ ၂၀၁၁ ခုနှစ် (အောက်တိုဘာလ) က NTT DoCoMo ကုမ္ပဏီက စတင်မိတ်ဆက်ခဲ့ပြီးတော့ ကမ္ဘာတစ်ဝန်းမှာ ၂၀၀၀ ပြည့်လွန်နှစ်အစောပိုင်းကစပြီး ကျယ်ကျယ်ပြန့်ပြန့် စတင်ပေါ်ပေါက်လာခဲ့တာ။ မြန်မာနိုင်ငံမှာတော့ နိုင်ငံပိုင်မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (MPT) က WCDMA (3G) ဝန်ဆောင်မှုကို ၂၀၁၀ ပြည့်လွန်နှစ် အစောပိုင်းကာလတွေမှာ စတင်စမ်းသပ်မိတ်ဆက်ခဲ့ပြီး ၂၀၁၄ ခုနှစ်အလယ်ပိုင်းမှာ အူရီဒူး (Ooredoo) နဲ့ တယ်လီနော (Telenor) တို့ ဝင်ရောက်လာပြီးတဲ့နောက်မှာတော့ 3G ကွန်ရက်ကို တစ်နိုင်ငံလုံးအနှံ့ အပြည့်အဝစပြီးသုံးစွဲလာနိုင်ခဲ့တယ်။

(WCDMA_ Wideband Code Division Multiple Access)*5

"3G ရဲ့ အဓိက ရည်ရွယ်ချက်က ဖုန်းပြောရုံတင်မဟုတ်ဘဲ ဖုန်းပေါ်မှာ "မြန်နှုန်းမြင့် အင်တာနက်" ကို ကောင်းကောင်းမွန်မွန် သုံးနိုင်အောင်လုပ်ပေးဖို့ပဲ။

"3G ရဲ့ လုပ်ဆောင်ချက်က အသုံးပြုသူတွေရဲ့ အသံတွေ၊ စာသားတွေတင်မကဘဲ ဗီဒီယိုတွေ၊ သီချင်းတွေလို မာလ်တီမီဒီယာ (Multimedia) တွေကိုပါ မြန်နှုန်းမြင့် ဒီဂျစ်တယ်လှိုင်းတွေအဖြစ် ပြောင်းလဲပြီး ကြိုးမဲ့စနစ်နဲ့ ပို့ဆောင်ပေးတာပေါ့။ ဒီအတွက်ကြောင့် ဖုန်းထဲကနေ Website တွေ ရှာဖွေတာ၊ အီးမေးလ်ပို့တာ၊ သီချင်းနဲ့ ဗီဒီယိုတွေ ဒေါင်းလုတ် (Download) ဆွဲတာ၊ ဓာတ်ပုံတွေ အပြန်အလှန်ဝေမျှတာတွေကို စတင်ပြီး ကောင်းကောင်းမွန်မွန် လုပ်ဆောင်နိုင်လာကြတယ်။

"အထူးသဖြင့် ဒီ 3G နည်းပညာဟာ "စမတ် ဖုန်း (Smart Phone)" တွေကို ကမ္ဘာပေါ်မှာ စတင်ခေတ်စားလာစေခဲ့တဲ့ အဓိကဦးဆောင်ခဲ့တဲ့ Mobile Generation ပါပဲ။

"3G ခေတ်မှာ ကိုကြီးတို့ ရရှိခဲ့တဲ့ အကြီးမားဆုံး အပြောင်းအလဲတွေကတော့ ဗီဒီယိုကောလ် (Video Call) ပြောလို့ရလာတယ်။ ကြည်လင်ပြတ်သားတဲ့ အသံအရည်အသွေး (Voice Quality) ရရှိလာတယ်။ ဖုန်းထဲကနေ အွန်လိုင်းအက်ပလီကေးရှင်းတွေကို စိတ်ကြိုက်အသုံးပြုလာနိုင်တယ်။ ပြောရရင် 3G နည်းပညာက ဖုန်းဆိုတာ စကားပြောဖို့ သက်သက်မဟုတ်တော့ဘဲ လက်ထဲက ကွန်ပျူတာအသေးစားလေးတစ်ခုလို အင်တာနက်သုံး၊ ဗီဒီယိုကြည့်၊ အလုပ်လုပ်လို့ရတဲ့အထိ မိုဘိုင်းလောကကို တစ်ခေတ်ဆန်းစေခဲ့တဲ့ သမိုင်းဝင်နည်းပညာတစ်ခု ဖြစ်လာတယ်"

အမေက ...

"သားတို့ တီဗွီမကြည့်ကြတော့ဘူး မဟုတ်လား။ အမေ တီဗွီပိတ်လိုက်တော့မယ်"

ညီလေးနဲ့ ညီမလေးက ပြိုင်တူခေါင်းခါပြကြတယ်။ အမေက ကလေးတွေကို ပြုံးပြုံးကြီးကြည့်ပြီး တီဗွီပိတ်လိုက်တယ်။

"အမေ အိပ်တော့မလို့လား ..."

"နားတော့မယ် သားရယ်။ ၉ နာရီလည်း ထိုးနေပြီ"

"ဟုတ်ကဲ့ အမေ" လို့ပြောပြီး ကလေးတွေကို ကြည့်လိုက်တော့ ...

"သားတို့က မအိပ်သေးဘူးနော်။ ပြီးအောင် ဆက်ပြောပြ ..."

ကျွန်တော်က ညီလေးရဲ့ခေါင်းကို ဖွဖွလေးပုတ်လိုက်ပြီး ပြောပြမှာပေါ့ကွလို့ ပြန်ပြောလိုက်တယ်။ ညီမလေးက ကျွန်တော့်မျက်နှာကိုငေးပြီး ဆက်ပြောပြမှာကို စောင့်နေတယ်။

"ဒီတစ်ခါတော့ 4G အလှည့်ပေါ့ကွာ ...။ ပထမဆုံး 4G LTE (Long–Term Evolution) စီးပွားဖြစ် ကွန်ရက်ကို ၂၀၀၉ ခုနှစ် ဒီဇင်ဘာလက ဆွီဒင်နိုင်ငံနဲ့ နော်ဝေနိုင်ငံတို့မှာ TeliaSonera ကုမ္ပဏီက စပြီးအသုံးပြုခဲ့တာပေါ့။ မြန်မာနိုင်ငံမှာတော့ 4G (LTE) ဝန်ဆောင်မှုကို ၂၀၁၆ ခုနှစ်မှာ စတင်အသုံးပြုခဲ့ကြတယ်။

"4G နည်းပညာခေတ်ကို ရောက်လာတဲ့အခါမှာ အင်တာနက်မြန်နှုန်းက အရှိန်အဟုန်ပြင်းပြင်းနဲ့ ပို့ပြီးမြန်ဆန်လာတော့တာပဲ။ 3G တုန်းက မြန်နှုန်းက 384 Kbps ကနေ 42 Mbps ပဲ ရှိတာကိုး ...။ 4G မှာကျတော့ 100 Mbps ကနေ 1 Gbps အထိရှိလာပြီး မြန်နှုန်းက ၁၀ ဆအထိ ကွာသွားတယ်။ Kbps က တစ်စက္ကန့်မှာ bit ပေါင်းတစ်ထောင် ပို့လွှတ်နိုင်တာကို ပြောတာပေါ့ ညီလေးရာ။ Mbps က တစ်သန်းပို့နိုင်တာကို ပြောတာဖြစ်ပြီး Gbps က သန်းတစ်ထောင်ကို ပြောတာပါ။

" 4G ရဲ့ အဓိက ရည်ရွယ်ချက်ကတော့ ကမ္ဘာတစ်ဝန်းလုံးက ဖုန်းအသုံးပြုသူတွေကို "အလွန်မြန်တဲ့ ဒေတာစနစ်" နဲ့ အရည်အသွေး အကောင်းဆုံး ဝန်ဆောင်မှုတွေပေးနိုင်ဖို့ပဲ။

"ထူးခြားချက်ကတော့ ဖုန်းလိုင်းစနစ်ကြီး တစ်ခုလုံးကို အင်တာနက်စနစ်သက်သက်အဖြစ် ပြောင်းလဲစစ်လိုက်တာ။ ဒါကြောင့်မို့အသံပဲပြောပြော၊ ဗီဒီယိုပဲကြည့်ကြည့်၊ ဒေတာပဲပို့ပို့ အားလုံးကို အင်တာနက်လမ်းကြောင်းပေါ်ကနေ မြန်နှုန်းအမြင့်ဆုံးနဲ့ ပို့ဆောင်ပေးနိုင်ခဲ့တာပေါ့။

"4G ခေတ်မှာ ဖုန်းခေါ်ဆိုမှုအတွက် အကောင်းဆုံး ပြောင်းလဲမှုတစ်ခုကတော့ VoLTE (Voice over LTE) နည်းပညာပဲ။ အရင်က 4G သုံးနေရင်း ဖုန်းလာရင် အင်တာနက်လိုင်းက 3G သို့မဟုတ် 2G ကို အလိုအလျောက် ကျသွားတတ်တယ်။ VoLTE စနစ်ကြောင့်

- ဖုန်းပြောနေရင်းလည်း အင်တာနက်လိုင်းမကျဘဲ တစ်ပြိုင်တည်း သုံးနိုင်လာတယ်။
- ဖုန်းခေါ်လိုက်တာနဲ့ စက္ကန့်ပိုင်းအတွင်း တန်းဝင်သွားတယ်။
- အသံအရည်အသွေးကလည်း ဘေးနားမှာပဲ ထိုင်ပြောနေသလို တောင်တောင်ကြည်လင်ပြတ်သားတဲ့ HD Voice ကို တင်မကဘဲ Video Call ကိုပါ ထောက်ပံ့မှုပေးနိုင်လာတယ်။

"သတိပြုစရာအနေနဲ့ကတော့ သုံးတဲ့ဖုန်းက VoLTE စနစ်ကို မပံ့ပိုးဘူးဆိုရင် ဖုန်းခေါ်တဲ့အခါ အသံပြောနိုင်ဖို့အတွက် ဖုန်းလိုင်းက 2G ဒါမှမဟုတ် 3G ကွန်ရက်ဆီ ခဏပြန်ဆင်းသွားပြီး သုံးနေတဲ့ အင်တာနက်လိုင်းက ကျသွားတတ်တယ်။

"ခြံငုံပြောရရင်တော့ 4G နည်းပညာက အချိန်မရွေး၊ နေရာမရွေး ဗီဒီယိုတွေကြည့်နိုင်မယ်၊ ဂိမ်းတွေ ဆော့နိုင်မယ်၊ အင်တာနက်ကို ကွန်ပျူတာထက်မက မြန်မြန်ဆန်ဆန် သုံးနိုင်အောင် ဖန်တီးပေးနိုင်ခဲ့တယ်။

"4G ရဲ့ မြန်နှုန်းမြင့် ဒေတာစနစ်က နည်းပညာလောကတင်မကဘဲ လူတွေရဲ့ နေ့စဉ်ဖြတ်သန်းမှုပုံစံနဲ့ စီးပွားရေးလောကကြီးတစ်ခုလုံးကိုပါ ပြောင်းလဲပစ်ခဲ့တာပေါ့။ အရင်က ကွန်ပျူတာရှေ့မှာပဲလုပ်နိုင်ခဲ့တဲ့အရာတွေကို လက်ထဲက ဖုန်းတစ်လုံးတည်းနဲ့ အချိန်မရွေးလုပ်ဆောင်လာနိုင်တာဟာ 4G ရဲ့ နည်းပညာကြောင့်ပဲ။

"4G ရဲ့ မြန်ဆန်တဲ့ အင်တာနက်ကြောင့် Taxi လှမ်းခေါ်တဲ့ ရိုက်ရှဲရင်း (Ridesharing) အက်ပလီကေးရှင်းတွေ၊ အိမ်ထဲကနေ အစားအသောက်မှာယူနိုင်တဲ့ Food Delivery စနစ်တွေနဲ့ အွန်လိုင်းကနေ ပစ္စည်းမျိုးစုံဝယ်ယူနိုင်တဲ့ E–commerce စနစ်တွေဟာ အရှိန်အဟုန်နဲ့ တိုးတက်လာခဲ့တယ်"

"ဟာ ကိုကြီး ..."

ညီမလေးက ရုတ်တရက်ထခေါ်လိုက်တော့ ကျွန်တော်လည်း အလန့်တကြားနဲ့ ...

"ဟင် ... ဘာဖြစ်လို့လဲ ညီမလေး ..."

"မနက်ဖြန် ကိုကြီးလည်း ရုံးပိတ်တယ်လေ။ Food Delivery နဲ့ မုန့်ဝယ်ကျွေး ..."

"လက်ရှိအသုံးပြုနေတဲ့ 4G နည်းပညာထက် အဆပေါင်းများစွာ သာလွန်ကောင်းမွန်တဲ့ 5G (5th Generation) က ဆက်သွယ်ရေးလောကရဲ့ ပဉ္စမမြောက်မျိုးဆက်ပေါ့နော်။ 5G ဆိုတာ သာမန်ဖုန်းအင်တာနက်မြန်ရုံသက်သက်မဟုတ်ဘဲ တစ်ကမ္ဘာလုံးမှာရှိတဲ့ စက်ပစ္စည်းအားလုံးကို ကွန်ရက်တစ်ခုတည်းအောက်မှာ စက္ကန့်ပိုင်းအတွင်း ချိတ်ဆက်ပေးဖို့ ဖန်တီးထားတာ။ 4G မြန်နှုန်းက 100 Mbps ကနေ 1Gbps အထိရှိပြီးတော့ 5G မြန်နှုန်းက 1Gbps ကနေ 20Gbps အထိရှိတော့ 5G ရဲ့ အမြန်နှုန်းက လက်ရှိသုံးနေတဲ့ 4G ထက် အဆပေါင်း ၁၀ ဆကနေ အဆ ၁၀၀ အထိ ပိုမြန်တယ်"

"ဘာများလဲလို့ ညီမလေးရယ် ...။ ဝယ်ကျွေးမယ် ဝယ်ကျွေးမယ်"

ကျွန်တော်က မုန့်ဝယ်ကျွေးမယ်ပြောလိုက်တော့ ကလေးနှစ်ယောက် လက်ခုပ်တီးပြီး ပျော်နေကြတယ်။ ကျွန်တော်က ဆက်ပြီး ...

"ကဲ 4G အကြောင်းက ပြောဖို့ကျန်သေးတယ်။ ဆက်ပြောပြမယ် ...။ 4G စနစ်ကြောင့် ရုံးမသွားဘဲ အိမ်ကနေ အစည်းအဝေးလုပ်နိုင်တဲ့ Zoom၊ Teams တို့လို ... Video Conferencing လုပ်ငန်းတွေနဲ့ အွန်လိုင်းပေါ်မှာ တိုက်ရိုက်အရောင်းအဝယ်လုပ်တာ၊ တိုက်ရိုက်ထုတ်လွှင့်တင်ဆက်မှု (Live Streaming) လုပ်ငန်းတွေက အဆင်ပြေချောမွေ့လာတယ်။ အပြင်ထွက်ပြီး ပိုက်ဆံတန်းစီလွှဲစရာမလိုတော့ဘဲ တော့ 5G မြန်နှုန်းက 1Gbps ကနေ 20Gbps အထိရှိတော့ 5G ရဲ့ အမြန်နှုန်းက လက်ရှိသုံးနေတဲ့ 4G ထက် အဆပေါင်း ၁၀ ဆကနေ အဆ ၁၀၀ အထိ ပိုမြန်တယ်။ 4G နဲ့ ရုပ်ရှင်တစ်ကားဒေါင်းဖို့ မိနစ်ပိုင်း စောင့်ရမယ်ဆိုရင် 5G မှာတော့ စက္ကန့်ပိုင်းပဲ ကြာလိမ့်မယ်။ ပြီးတော့ အဝေးကနေ စက်ရုပ်တွေနဲ့ ခွဲစိတ်ကုသတာ၊ မောင်းသူမဲ့ကားတွေ အန္တရာယ်ကင်းကင်း မောင်းနှင်တာမျိုးတွေလုပ်နိုင်တယ်။

"အိမ်က မီးသီး၊ ရေခဲသေတ္တာ၊ လမ်းက မီးပွိုင့် ကအစ စက်ရုံက ကိရိယာတွေအထိ အရာရာကို ချိတ်ဆက်နိုင်တဲ့အပြင် စမတ်ကိရိယာတွေ၊ ကားတွေ၊ စက်ရုံလုပ်ငန်းတွေမှာ စက်ပစ္စည်း သန်းပေါင်းများစွာကို စာမျက်နှာ ၇ သို့ ➲

မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်း (MWCDF) ရုံးအဆောက်အအုံသစ်နှင့် တံတားသစ်ဖွင့်လှစ်

နေပြည်တော် ဩဂုတ် ၁၄

မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ အမျိုးသမီးများနှင့် ကလေးသူငယ်များ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသော မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်း (MWCDF) ရုံးအဆောက်အဦသစ်နှင့် တံတားသစ်ဖွင့်ပွဲ ကို ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိမြို့နယ်ရှိ MWCDF ရုံးချုပ်၌ ကျင်းပရာ မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ဇင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးသန့်နှင့် တာဝန်ရှိသူများက အသစ်ပြန်လည် တည်ဆောက်ထားသည့် အသင်းရုံးချုပ်အဆောက်အအုံသစ်နှင့် "မေတ္တာတံတားသစ်" တို့ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ပြောကြား

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ဇင်က "မေတ္တာတံတားသစ်" အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ပြီး မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်း (MWCDF) ဥက္ကဋ္ဌ ဒေါက်တာနန္ဒာမွန်းက အလှူရှင်များအား အမှတ်တရ ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ကာ ကျေးဇူးတင်စကား ပြောကြားသည်။

မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်းကို ၂၀၁၃ ခုနှစ်မှ စတင်တည်ထောင်ဖွဲ့စည်းခဲ့ပြီး မြန်မာနိုင်ငံတစ်ဝန်းရှိ အမျိုးသမီးများနှင့် ကလေးသူငယ်များ၏ လူမှုစီးပွားဘဝမြှင့်တင်ရေးအတွက် ပြည်ထောင်စုနယ်မြေ နေပြည်တော်အပါအဝင် တိုင်းဒေသကြီး၊ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် ပြည်နယ် ၁၅ ခုတို့၌ အသင်းဝင် ၃၄၀၀ ဖြင့် အသင်းပေါင်း ၁၀၀ ကျော် တစ်သင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



အရာထမ်းလောင်း(အထူး)သင်တန်း အမှတ်စဉ်(၁၅) သင်တန်းဆင်း

ရန်ကုန် ဩဂုတ် ၁၄

အရာထမ်းလောင်း (အထူး) သင်တန်း အမှတ်စဉ်(၁၅) သင်တန်းဆင်း စစ်ရေးပြအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နိုင်ငံဝန်ထမ်း တက္ကသိုလ် (အောက်မြန်မာပြည်) စစ်ရေးပြကွင်း၌ ကျင်းပသည်။



ပေးအပ်

အခမ်းအနားတွင် နိုင်ငံတော်အလံအား အလေးပြုခြင်း၊ ပြည်ထောင်စုရာထူးဝန် ဥက္ကဋ္ဌအား သင်တန်းဆင်းတပ်ခွဲက အလေးပြုခြင်း၊ ဆုရရှိသူများအား ဆုချီးမြှင့်ခြင်း၊ သင်တန်းဆင်း အောင်လက်မှတ် ပေးအပ်ခြင်း တို့ကို ဆောင်ရွက်ကြပြီး ပြည်ထောင်စု ရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌက ဌာနများတွင် အရာထမ်းများအဖြစ် လုပ်ငန်းတာဝန်များ ထမ်းဆောင်ရာတွင် လက်တွေ့ကျကျစဉ်းစားပြီး ဆုံးဖြတ်ချက်ချနိုင်သည့် အသိဉာဏ်နှင့်ပြည့်စုံရန်၊ အကျိုးအကြောင်း ဆီလျော်စွာ တွေးတောဆင်ခြင်တတ်စေရန်၊ အရင်းအမြစ်များကို ကောင်းမွန်စွာ စီမံခန့်ခွဲပြီး ရှင်းလင်းတိကျသော ညွှန်ကြားချက်များပေးနိုင်ရန် လေ့ကျင့်ပေးခဲ့ပြီးဖြစ်ကြောင်း၊ "ဝည်းကမ်းသည် လူ၏တန်ဖိုး" ဖြစ်၍ အမှုထမ်းများ၏ စံနမူနာပြဖြစ်ရန်၊ နိုင်ငံဝန်ထမ်းဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံး၊ လုပ်နည်း၊ အမိန့်နှင့် ညွှန်ကြားချက်များကို တိကျစွာ လိုက်နာရန် တိုက်တွန်းပြောကြားသည်။

အဆိုပါ အရာထမ်းလောင်း (အထူး) သင်တန်း အမှတ်စဉ်(၁၅) ကို ဇပြီ ၂၇ ရက်မှ ဩဂုတ် ၁၄ ရက်အထိ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး သင်တန်းသား ၅၂ ဦး၊ သင်တန်းသူ ၉၇ ဦး စုစုပေါင်း ၁၄၉ ဦး တက်ရောက်ကြသည်။

ဆက်လက်၍တက္ကသိုလ်အစည်းအဝေးခန်းမ၌ ပါမောက္ခချုပ်၊ စီမံဌာနမှူးမှ တာဝန်ရှိသူများ၊ တက္ကသိုလ်မှ ပညာရပ်အဖွဲ့နှင့် တွေ့ဆုံ၍ သင်တန်းအလိုက် ပို့ချသည့် ဘာသာရပ်ဆိုင်ရာ သင်ရိုးညွှန်းတမ်းများ၏ တင်ပြချက်များအပေါ် သုံးသပ်ဆွေးနွေးမှာကြားကာ ရတနာသိမ်ခန်းမ၌ အခြေခံပညာ ဆရာ ဆရာမများ အထူး မွမ်းမံသင်တန်းအမှတ်စဉ် (၁၁၅)နှင့် အရာထမ်းငယ် သင်တန်းအမှတ်စဉ် (၁၃၇)တို့မှ သင်တန်းသား သင်တန်းသူများအား တွေ့ဆုံအမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

လှိုင်းဘွဲ့မြို့နယ် သင့်မြတ် ငွေစုငွေချေးသမဝါယမ အသင်းနှစ်ပတ်လည် စည်းဝေး

ဘားအံ ဩဂုတ် ၁၄

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် သမဝါယမဦးစီးဌာနက သင့်မြတ် ငွေစုငွေချေးသမဝါယမအသင်း၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် အမှုဆောင်အဖွဲ့ရွေးချယ်ပွဲကို ဩဂုတ် ၁၃ ရက်နံနက်ပိုင်းက ထီလုံစစ်မှုထမ်းဟောင်းအိမ်ရာခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်အဆင့်ဖွဲ့စည်းရေးကော်မတီဥက္ကဋ္ဌ ဦးစီးအရာရှိ ဦးအောင်ကျော်တူးက သမဝါယမအသင်း ဥပဒေ၊ နည်းဥပဒေအရ အမှုဆောင်အဖွဲ့ရွေးချယ်တင်မြှောက်ရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ စသည်တို့ကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသော အသင်းသားများ၏ အဆိုပြု၊ ထောက်ခံချက်များအတိုင်း အမှုဆောင်အဖွဲ့ကို ရွေးချယ်အတည်ပြုခဲ့ကြကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



ကြို့ပင်ကောက်မြို့၌ စိုက်ပျိုးရေးသွင်းအားစုများ ဈေးနှုန်းသက်သာစွာဖြန့်ဖြူးပေး



ကြို့ပင်ကောက် ဩဂုတ် ၁၄

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ တောင်သူများအား သီးနှံပေါ်ပေးစနစ်ဖြင့် စိုက်ပျိုးရေးသွင်းအားစုများ ဈေးနှုန်းသက်သာစွာဖြန့်ဖြူးပေးအပ်ပွဲကို ယနေ့မွန်းလွဲပိုင်းက ပြုလုပ်သည်။

ဦးစွာ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး စောမောင်ဇွေက အမှာစကား ပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးမောင်မောင်ဌေးက ဓာတ်မြေဩဇာသွင်းအားစုများ ဈေးနှုန်းသက်သာစွာဖြင့် ဖြန့်ဖြူးပေးရခြင်း ရည်ရွယ်ချက်နှင့် ပြင်ပပဂ္ဂလိကအရောင်းဆိုင်များတွင် ရောင်းချလျက်ရှိသော ပေါက်ဈေးအခြေအနေများ၊ ယခုဖြန့်ဖြူးပေးသောဈေးနှုန်းတို့နှင့် ပြန်လည်ပေးဆပ်ရမည့် အချိန်ကာလတို့ကို အသေးစိတ်ရှင်းလင်းပြောကြားသည်။

လွှဲပြောင်းပေးအပ်

ထို့နောက် ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက တိုင်းဒေသကြီးအစိုးရ၏ လမ်းညွှန်ချက်ဖြင့် ဈေးနှုန်းသက်သာစွာဖြန့်ဖြူးပေးသော ကွန်ပေါင်းမြေဩဇာများကို တောင်သူများထံ လွှဲပြောင်းပေးအပ်ခဲ့ကြကြောင်း သိရသည်။

ဇေယျာထွန်း (ကြို့ပင်ကောက်)

◎ စာမျက်နှာ ၆ မှ

လိုင်းကောင်းကောင်းနဲ့ တစ်ပြိုင်နက်ချိတ်ဆက်ပေးနိုင်စွမ်းရှိလာတယ်။

"4G ကနေ 5G ကို ပြောင်းလဲအသုံးပြုတဲ့အခါ သုံးစွဲသူတွေအတွက် အသိသာဆုံးနဲ့ အဓိကအကျဆုံး တိုက်ရိုက်အကျိုးကျေးဇူးကတော့ eMBB (Enhanced Mobile Broadband) Service ဖြစ်လာတယ်။ eMBB ဆိုတာ ရိုးရိုးရှင်းရှင်းပြောရရင် လက်ရှိ 4G ထက် ပိုမိုမြန်ဆန်ပြီး ပမာဏအမြောက်အမြားရှိတဲ့ Data တွေကို အတော်မြန်ဆန်တဲ့ စွမ်းဆောင်ရည်နဲ့ ထောက်ပံ့ပေးနိုင်တယ်။

"4G ထက် အဆပေါင်းများစွာ မြန်ဆန်တဲ့ Data Speed ကို ရရှိနိုင်မယ်။ App ပိုင်အကြီးတွေကို updates လုပ်တာ၊ ဗိုင်အကြီးကြီးတွေကို Cloud ပေါ် Upload/Download လုပ်တာတွေကို စတွန့်ပိုင်းအတွင်းပြီးစေမယ်။ High-Quality Streaming Video တွေ ကြည့်ရှုတဲ့အခါ လည်နေတာမျိုး လုံးဝမရှိဘဲ 4K ဒါမှမဟုတ် 8K Ultra HD ဗီဒီယိုတွေကို ချောချောမွေ့မွေ့ ကြည့်ရှုလာနိုင်မယ်။ Live ဖျော်ဖြေပွဲတွေကို ကိုယ်တိုင်သွားကြည့်ရသလို Resolution အပြည့်နဲ့ကြည့်နိုင်မယ်။ မိသားစုဝင်တွေ (ဒါမှမဟုတ်) လုပ်ငန်းခွင် အစည်းအဝေးတွေအတွက် Video Call ခေါ်တဲ့အခါ ရုပ်ထွက်ဝါးသွားတာ၊ အသံနဲ့ရုပ်မညီတာတွေ မရှိတော့ဘဲ တစ်ဖက်နဲ့ တစ်ဖက် မျက်နှာချင်းဆိုင် စကားပြောနေရသလိုမျိုး ကြည်လင်ပြတ်သားတဲ့ ရုပ်သံနဲ့ အချိန်နဲ့တစ်ပြေးညီ (Real-time) ဆက်သွယ်နိုင်မယ်"

ညီလေးက ပါးစပ်အဟောင်းသားနဲ့ ...

"ရှယ်ပဲဗျာ ကိုကြီးရာ . "

"ဒါပေါ့ကွ နည်းပညာတွေ တိုးတက်လာတာနဲ့ အမျှ လူနေမှုအဆင့်အတန်းတွေကလည်း မြင့်မားပြီး အဆင်ပြေချောမွေ့လာမှာပဲ ..."

ညီမလေးကတော့ ကျွန်တော့်စကားဆုံးတော့ ရယ်ကျဲကျဲနဲ့ ...

"သွားအိပ်တော့မယ်။ ခေါင်းတွေလည်း မူးသွားပြီ"

"သားလည်း အိပ်တော့မယ်"

"အေး အေး အိပ်ကြတော့ ... ကိုကြီး ခြင်ထောင်တွေ ထောင်ပေးမယ်" ဆိုပြီး သူတို့အိပ်ဖို့ ပြင်ဆင်ပေးလိုက်တယ်။

ကျွန်တော် အိပ်ရာထဲရောက်တော့ အိပ်မပျော်နိုင်သေးဘဲ 1G ကနေ 5G အထိ အဆင့်ဆင့်ပြောင်းလဲလာတာကို ခြုံငုံတွေးတောနေမိတယ်။ နည်းပညာတွေ အဆင့်ဆင့်ပြောင်းလဲလာတဲ့အပေါ်မှာ ကျွန်တော်တို့ဟာ မကျန်ရစ်ခဲ့ဖို့ လိုပါတယ်။ ဒီနည်းပညာတွေ မြင့်မားလာတာကြောင့်ပဲ လူသားတွေရဲ့ နေထိုင်ဖြတ်သန်းမှုတွေဟာ တစ်ခေတ်ထက် တစ်ခေတ် ... ပိုပြီး အဆင်ပြေချောမွေ့လာကြတာပါ။ ဒါကို လျစ်လျူရှုပြီးနေလို့မရပါဘူး။ ဘာဖြစ်လို့လဲ ဆိုတော့ ... ကျွန်တော်တို့ဘဝတွေ ကျွန်တော်တို့ရဲ့ ကိုယ်ပိုင်မိသားစုဘဝတွေဟာ အနာဂတ်ကမ္ဘာမှာ အများနည်းတူ လှလှပပလေးရှင်သန်ဖို့ လိုအပ်နေတာကြောင့်ပါ ...။ ။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ရန်ကုန်တိုင်းဒေသကြီး လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဩဂုတ် ၁၄

စက်မှုနှင့် အသေးစား၊ အလတ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယနေ့နံနက်ပိုင်းတွင် ရုံးအမှတ်(၃၀) အစည်းအဝေးခန်းမ၌ ရန်ကုန်တိုင်းဒေသကြီး လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း (YRYEA) ဥက္ကဋ္ဌနှင့် အဖွဲ့အား လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ပြည်တွင်းရှိလုပ်ငန်းရှင်များ ဒီဂျစ်တယ် နည်းပညာ၊ ဉာဏ်ရည်တုနည်းပညာများ အသုံးပြုနိုင်ရေး၊ စွေးကွက်ရရှိရေး၊ နည်းပညာရရှိရေး၊ လူစွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များ အချင်းချင်း ချိတ်ဆက်ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ စက်မှုလုပ်ငန်းနှင့် MSME များအတွက် မရှိမဖြစ်လိုအပ်သော ကျွမ်းကျင်လုပ်သားများ လေ့ကျင့်မွေးမြူရေး၊ MSME များ စတင်ထူထောင်လုပ်ကိုင်မည့် လုပ်ငန်းရှင်များအား လိုအပ်သည့်ကူညီထောက်ပံ့မှုများ ပေးအပ်နေမှု၊ စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနက ဆောင်ရွက်ပေးလျက်ရှိသည့် MSME ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင်ရေး၊ MSME များတွင် လူငယ်စွန့်ဦးတီထွင်သူများ ပိုမိုပါဝင်နိုင်ရေး၊ အရည်အသွေးကောင်းမွန်သည့် ထုတ်ကုန်အမည်သစ်များ ထုတ်လုပ်နိုင်ရေး၊ အရည်အသွေးပိုမို ကောင်းမွန်သည့် ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး၊ ထုပ်ပိုးမှုစနစ်များ ကောင်းမွန်စေရေးတို့အတွက် တိုင်းဒေသကြီး/ပြည်နယ်၊ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန် ပြပွဲနှင့် စွေးရောင်းပွဲတော်များတွင် ပူးပေါင်းပါဝင်ရေးတို့ကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



ပြည်တွင်းစားသုံးမှုဖူလုံအောင် ဖြန့်ဖြူးရန်၊ ပိုလျှံသည်များကို ပြည်ပသို့ ပို့ကုန်နှစ်ဆတိုးမြှင့်တင်ပို့ရန် ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ မှာကြား

နေပြည်တော် ဩဂုတ် ၁၄

ပြည်တွင်းစားသုံးမှု ဖူလုံအောင် ဦးစွာဖြန့်ဖြူးရန်၊ ဖြန့်ဖြူးရာတွင် စွေးနှုန်းသက်သာစွာ ဖြန့်ဖြူးရန်နှင့် ပိုလျှံသည်များကို ပြည်ပသို့ ပို့ကုန်နှစ်ဆ တိုးမြှင့်တင်ပို့ရန် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် စက်မှုဇုန်(၁)ရှိ Shwe War Yaung Agriculture Production Co.,Ltd. ၌ ပြည်ပသို့တင်ပို့ရန် အဆင့်မြင့်ဆန်များကို သန့်စင်ခြင်း၊ အရောင်ခွဲခြင်း၊ အရွယ်အစား ခွဲခြားသတ်မှတ်ခြင်း၊ အရည်အသွေးပြည့်မီစေရေး စစ်ဆေးခြင်း၊ အိတ်သွတ်ထုပ်ပိုးခြင်း လုပ်ငန်းစဉ်များကို ကြည့်ရှုစစ်ဆေးစဉ် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးထွန်းအုံက မှာကြားသည်။

ဆက်လက်၍ လှိုင်သာယာ စက်မှုဇုန်(၁)ရှိ Mega Pack Co.,Ltd. ၏ သွင်းကုန်အစားထိုးလုပ်ငန်းဖြစ်သည့် ဆန်အိတ်၊ ပဲအိတ်၊ ဓာတ်မြေဩဇာအိတ်၊ ကြက်သွန်အိတ် အပါအဝင် ပီနှံအိတ်ခွံ ၆၀ ခန့်ထုတ်လုပ်သည့် စက်ရုံနှင့် KK Fishing Net Factory Co,. Ltd. ၏ ရွက်လေတံဆိပ် ငါးဖမ်းပိုက်ထုတ်လုပ်သည့် စက်ရုံလုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူက တရုတ်၊ ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံတို့မှ တင်သွင်းလာသော အဆင့်မြင့် အလိုအလျောက်စနစ် သုံးစက်ယန္တရားများဖြင့် ငါးဖမ်းပိုက်များထုတ်လုပ်၍ အရှေ့တောင်အာရှနိုင်ငံ စွေးကွက်များသို့ တင်ပို့လျက်ရှိကာ တောင်အမေရိကနှင့် အရှေ့အလယ်ပိုင်း နိုင်ငံများရှိ စွေးကွက်သို့ တိုးချဲ့တင်ပို့ရန် ဆောင်ရွက်ထားရှိမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ပို့ကုန်နှစ်ဆ တိုးမြှင့်တင်ပို့နိုင်ရေးနှင့် စွေးကွက် ချိတ်ဆက်နိုင်ရေးအတွက် ဝန်ကြီးဌာနမှ စီးပွားရေးသံမှုးများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးမည့် အစီအစဉ်များကို ဆွေးနွေးမှာကြားသည်။

အလားတူ လှိုင်သာယာစက်မှုဇုန်(၄)ရှိ Thamadi Family Co.,Ltd. ၏ ဆန်စက်ခွဲ ပြည်ထောင်စုဝန်ကြီးက ပြည်ပ တင်ပို့ရာတွင် ဝယ်ယူသည့်နိုင်ငံ၏ စွေးကွက် လိုအပ်ချက်နှင့်အညီ တင်ပို့ရန်၊ ပြည်ပပို့ကုန်ပစ္စည်းများအား သတ်မှတ်အရည်အသွေး ပြည့်မီစေရေး အလေးထား ဆောင်ရွက်ရန် မှာကြားပြီး စက်ရုံအတွင်း အဆင့်မြင့်ဆန်များ ကြိတ်ခွဲထုတ်လုပ်နေမှု၊ ပြည်ပသို့ တင်ပို့ရန် ကွန်တိန်နာပေါ်သို့ ထည့်သွင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် မင်္ဂလာဒုံစက်မှုဇုန်ရှိ Fu Xing Brothers Co., Ltd. ၏ ရော်ဘာသိုလှောင်ရုံသို့သွားရောက်၍ သိုလှောင်ရုံအတွင်းထားရှိသည့် ရော်ဘာများ အရည်အသွေး ထိန်းသိမ်းမှု၊ စနစ်တကျ စီမံခန့်ခွဲထားရှိမှု၊ သိုလှောင်ရုံတွင် တပ်ဆင် အသုံးပြုလျက်ရှိသည့် နှစ်မဂ္ဂါဝပ် Solar Power စနစ်ဖြင့် လုပ်ငန်းလည်ပတ်ဆောင်ရွက်နေမှုနှင့် ရော်ဘာများ ပြည်ပသို့တင်ပို့မည့် အစီအစဉ် ဆောင်ရွက်ထားမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



မြိတ်မြို့နယ်ရှိ ကျေးလက်လမ်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

မြိတ် ဩဂုတ် ၁၄

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝတိုးတက်ရေးအတွက် မြိတ်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ဆောင်ရွက်မည့် ကျေးရွာချင်းဆက်လမ်းများနှင့် တံတားလုပ်ငန်းများကို ယနေ့နံနက်ပိုင်းတွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)မှ အင်ဂျင်နီယာချုပ်ဦးထွန်းဝေ၊ တိုင်းဒေသကြီး ညွှန်ကြားရေးမှူး(မြို့ပြ)နှင့် တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ကွင်းဆင်းစစ်ဆေးရာတွင် အင်ဂျင်နီယာချုပ်နှင့် တာဝန်ရှိသူများသည် ၂၀၂၆–၂၀၂၇ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ကျေးရွာချင်းဆက်လမ်းဖြစ်သော တောင်ကြီး–တောင်ဇီလာလမ်း(၀/၃)မိုင်ကို ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း၊ ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့် စနွတ်–ဗိုလ်တောင်–ရွာသစ်လမ်း(၀/၄)မိုင်ကို ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် လမ်းဘေး၀ဲ၊ ယာ အမာခံလမ်းပခုံးချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့် စနွတ်–ဗိုလ်တောင်–ရွာသစ်လမ်းပေါ်တွင် တိုင်းဒေသကြီး ပြင်ထိန်းရန်ပုံငွေဖြင့် Box Culvert တစ်စင်းတည်ဆောက်ခြင်းလုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကျေးလက်လမ်း/တံတားလုပ်ငန်းများ စစ်ဆေးရာတွင် လုပ်ငန်းများ၏ အကြိုအင်ဂျင်နီယာလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး အင်ဂျင်နီယာချုပ်က လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

ခိုင်ထူး(ပြန်/ဆက်)



ပျဉ်းမနားမြို့နယ်၌ အမြဲတမ်းမသန်စွမ်းမှုငွေလုံးငွေရင်း အကျိုးခံစားခွင့်ထုတ်ပေး



နေပြည်တော် ဩဂုတ် ၁၄

ပြည်ထောင်စုနယ်မြေ လူမှုဖူလုံရေးရုံးလက်အောက်ရှိ ပျဉ်းမနားမြို့နယ် လူမှုဖူလုံရေးရုံး၌ အကျိုးဝင်မှတ်ပုံတင်ထားသည့် ဒဟတ်ကုန်းသကြားစက်အလုပ်ဌာနမှ အာမခံအလုပ်သမား ဦးမျိုးမြင့်အောင်အား အမြဲတမ်းမသန်စွမ်းမှု အကျိုးခံစားခွင့် ငွေလုံးငွေရင်း ခွင့်ပြုထုတ်ပေးခြင်းကို ဩဂုတ် ၁၂ ရက်တွင် တပ်ကုန်းမြို့နယ် ဒဟတ်ကုန်းသကြားစက်အလုပ်ဌာန၌ ထုတ်ပေးသည်။

ယင်းသို့ ထုတ်ပေးရာတွင် ပြည်ထောင်စုနယ်မြေ လူမှုဖူလုံရေးရုံးမှ တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မြပိုက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေး ဥပဒေပါ အကျိုးခံစားခွင့်များကို ရှင်းလင်းပြောကြားပြီး အလုပ်ထွင်ထိခိုက်ဒဏ်ရာရရှိမှုအတွက် အမြဲတမ်းမသန်စွမ်းမှု ငွေလုံးငွေရင်းအကျိုးခံစားခွင့် ငွေကျပ် ၉၅၂,၅၆၀,၀ ကို အာမခံအလုပ်သမား ဦးမျိုးမြင့်အောင်ထံသို့ ရုံးခွဲတာဝန်ခံ၊ နယ်မြေတာဝန်ခံ၊ အလုပ်ဌာနမှ တာဝန်ရှိသူများရှေ့တွင် ပေးအပ်ခဲ့ကြောင်း သိရသည်။

ကြေးမုံ

မနက်ဖြန်မွန်းတည့်ချိန်အထိခန့်မှန်းချက်

နေပြည်တော် ဩဂုတ် ၁၄

မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲ၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချန်းရွာပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြိုးနိုင်သည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

မိုး/ဧလ

စစ်ကိုင်းမြို့ပေါ်ရပ်ကွက် ကိုးခုရှိ ရေဘေးသင့်အိမ်ထောင်စု ၄၁၂ စု၊ လူဦးရေ ၁၅၆၉ ဦးအတွက် ငွေကျပ်သိန်း ၃၀၀ တန်ဖိုးရှိ ဆန်ရိက္ခာဖိုး၊ ကြက်ဥ၊ ငါးသေတ္တာဘူးများနှင့် ထိခိုက်လွယ်အုပ်စုများအတွက် ထောက်ပံ့ငွေကျပ် ၁၁၄ သိန်းကျော် ထောက်ပံ့ပေးအပ်

စစ်ကိုင်း ဩဂုတ် ၁၄

စစ်ကိုင်းမြို့ပေါ်ရပ်ကွက် ကိုးခုရှိ ရေဘေးသင့်အိမ်ထောင်စု ၄၁၂ စု၊ လူဦးရေ ၁၅၆၉ ဦးအတွက် ငွေကျပ်သိန်း ၃၀၀ တန်ဖိုးရှိ ဆန်ရိက္ခာဖိုး၊ ကြက်ဥ၊ ငါးသေတ္တာဘူးများနှင့် ထိခိုက်လွယ်အုပ်စုများအတွက် ထောက်ပံ့ငွေကျပ် ၁၁၄ သိန်းကျော် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာစိုးဝင်းသည် စစ်ကိုင်းတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးနှင့်အတူ ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းမြို့နယ်ထုံးဘိုရပ်ကွက်ယာယီရေဘေးရှောင်စခန်းရှိ ထုံးဘိုရပ်ကွက်နှင့် တကောင်းရပ်ကွက်တို့မှ ရေဘေးသင့်အိမ်ထောင်စု ၅၀ မှ လူဦးရေ ၂၀၄ ဦး၊ သောတာပန်ရပ်ကွက် လေးကျွန်းမာရ်အောင်ဘုရားဝင်းအတွင်းရှိ သောတာပန်ရပ်ကွက်နှင့် စိန်ကုန်းရပ်ကွက်အတွင်းမှ ရေဘေးသင့်အိမ်ထောင်စု ၃၆ စု၊ လူဦးရေ ၁၅၀၊ ဓမ္မဝတီရပ်ကွက် ရှစ်မျက်နှာဘုရားဝင်းအတွင်းရှိ ရေဘေးသင့်အိမ်ထောင်စု ၁၇၅ စု၊ လူဦးရေ ၆၅၀ တို့အတွက် ဆန်ရိက္ခာဖိုး၊ ကြက်ဥ၊ ငါးသေတ္တာဘူးများ၊ ရေဘေးသင့်ပြည်သူများအနက်မှ ကိုယ်ဝန်ဆောင်မိခင်များ၊ ငါးနှစ်အောက် ကလေးများ၊ အသက် ၇၀ နှင့်အထက် သက်ကြီးပုဂ္ဂိုလ်များ၊ မသန်စွမ်းသူများအတွက် တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်း ထောက်ပံ့ပေးအပ်သည်။



ထို့နောက် စစ်ကိုင်းမြို့ မျက်မမြင်ကျောင်းရှိ အမြင်အာရုံချို့တဲ့သူများနှင့် ကလေးငယ်များ အတန်းပညာနှင့် အသက်မွေးဝမ်းကျောင်းပညာ သင်ကြားပေးနေမှု၊ သင်တန်းသားအိပ်ဆောင်၊ စာသင်ဆောင်၊ အသက်မွေးဝမ်းကျောင်း သင်တန်းဆောင်များကို လှည့်လည်ကြည့်ရှုပြီး စစ်ကိုင်းမြို့ အသခံရာရိပ်သာ၌ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများနှင့် တွေ့ဆုံကာ လိုအပ်သည်များမှာကြား၍ တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



ဘားအံမြို့ ယာယီရေဘေးရှောင်စခန်းများရှိ ရေဘေးသင့်ပြည်သူများအား ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေနှင့် စားသောက်ကုန်ပစ္စည်းများ ပေးအပ်

ဘားအံ ဩဂုတ် ၁၄

ကရင်ပြည်နယ် ဘားအံမြို့တွင် သံလွင်မြစ်ရေမြင့်တက်မှုကြောင့် အနိမ့်ပိုင်း လူနေရပ်ကွက်များအတွင်း မြစ်ရေဝင်ရောက်သည့် အတွက် အဆိုပါရပ်ကွက်နေပြည်သူများအား ယာယီရေဘေးရှောင်စခန်းများသို့ ပြောင်းရွှေ့နေရာချထားပေးခဲ့ရာ အမှတ်(၁) ရပ်ကွက် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း မြကြေးမုံဆောင်ယာယီရေဘေးရှောင်စခန်းကို ယနေ့နံနက်ပိုင်းက ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးသည် ပြည်နယ်လွတ်တော်ဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ ပြည်နယ်လွတ်တော်ဒုတိယဥက္ကဋ္ဌပြည်နယ် ဝန်ကြီးများနှင့်အတူ သွားရောက် ၍ပြည်သူများအားအားပေးစကား ပြောကြားသည်။

ထိုသို့ တွေ့ဆုံစဉ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနဘားအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက ထောက်ပံ့သည့် ဆန်ရိက္ခာဖိုးငွေကျပ် ၆၄၀၀၀၀၊ ပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့သည့် ဆန်၊ ဆီ၊ ကြက်ဥ အစရှိသော စားသောက်ကုန်ပစ္စည်းများကို ပေးအပ်ကြသည်။

ထို့အတူ အမှတ်(၂)ရပ်ကွက်၊ ရွှေယဉ်မျှော် ပြည်တော်ဧစေတီတော် ယာယီရေဘေးရှောင်စခန်းနှင့် အမှတ် (၅)ရပ်ကွက် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမိုးလုံလေလုံ အားကစားခန်းမ ယာယီရေဘေးရှောင်စခန်းတို့ရှိ ရေဘေးသင့် ပြည်သူများအား သွားရောက်တွေ့ဆုံ အားပေးစကားပြောကြားပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနဘားအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနက ထောက်ပံ့သည့် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေနှင့် ပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့သည့် ဆန်၊ ဆီ၊ ကြက်ဥ အစရှိသည့် စားသောက်ကုန်ပစ္စည်းများကို ပေးအပ်ကြသည်။

နံနက်ပိုင်းကလည်း ဘားအံစက်မူဇုန် အနောက်ဘက်ရှိ လျှိုဝိတ်ဆည် အမှတ်(၁)၌ ကျင်းပသည့် ငါးမျိုးမျောစိုက်ထည့်ပွဲသို့ တက်ရောက်ကာ ငါးခုံးမကြီး ကောင်ရေ ၅၀၀၀၀ နှင့် ငါးမြစ်ချင်း ကောင်ရေ ၅၀၀၀၀ စုစုပေါင်း ကောင်ရေ တစ်သိန်းကို ငါးမျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ကြိုတင်ပြင်ဆင်ဆောင်ရွက်

ရန်ကုန် ဩဂုတ် ၁၄

အဖျောက်မြို့၏ ဧရာဝတီမြစ်ရေဝင်ရောက်မှုနှင့် မြစ်ကမ်းပါးများကြို့ခိုင်မှု အခြေအနေ၊ အဖျောက်မြို့ ရေကြီးရေလျှံမှု ကာကွယ်ရေးတာများ၏ ကြံ့ခိုင်မှု အပေါ် စဉ်ဆက်မပြတ်စစ်ဆေးဆောင်ရွက်ထားရှိမှု၊ ရေကြီးရေလျှံမှု ဖြစ်ပွားပါက ကယ်ဆယ်ရေးအတွက် ရေယာဉ်အား တစ်ဦးချင်း လက်တွေ့မောင်းနှင် လေ့ကျင့်နေမှုနှင့် တိုက်ကြီးမြို့နယ် ပန်းတုန်းဝိတ်ကျေးရွာ ကမ်းပြိုကာကွယ်ရေး လုပ်ငန်းခွင်တို့ကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူသည် လှည့်လည်ကြည့်ရှု စစ်ဆေးပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့ပြင် သဘာဝဘေးအန္တရာယ် ဖြစ်ပေါ်လာပါက ကြိုတင်ပြင်ဆင်နိုင်ရေးအတွက် တိုက်ကြီးမြို့နယ် အဖျောက်(၃)ရပ်ကွက် ငွေဥဒေါင်း ခန်းမ၌ ရိက္ခာနှင့် ဆေးဝါးများ၊ ကာကွယ်ရေး ပစ္စည်းများနှင့် ရှာဖွေကယ်ဆယ်ရေးပစ္စည်းများ ကြိုတင်စုဆောင်း ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဆွေးနွေးနှောကြားသည်။

မွန်းလွဲပိုင်းတွင် ကျောက်တံတားခရိုင် ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည့် တိုင်းဒေသကြီး အဆင့် ၂၀၂၆–၂၀၂၇ ပညာသင်နှစ် ကျောင်းကျန်းမာရေး သိတင်းပတ် လှုပ်ရှားမှု အထိမ်းအမှတ် အခမ်းအနားသို့တက်ရောက်အမှာစကား ပြောကြားပြီး တိုင်းဒေသကြီး အဆင့် ၂၀၂၆–၂၀၂၇ ပညာသင်နှစ် ကျောင်းကျန်းမာရေးသိတင်းပတ် လှုပ်ရှားမှု အထိမ်းအမှတ် အခြေခံပညာကျောင်းများမှ အထက်တန်းကျောင်းသား ကျောင်းသူများ၏ အာဟာရပြည့်ဝ တန်ဖိုးမျှ ချက်ပြုတ်ပြီင်ပွဲ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကာ ချက်ပြုတ်ပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသူများအား ဂုဏ်ပြုဆုများနှင့် ကူညီဆောင်ရွက်ပေးသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ခွဲထက်ကို(ပြန်/ဆက်)





ကြံခင်းမြို့၌ ရေနုတ်မြောင်းများ တူးဖော်ရှင်းလင်း

ကြံခင်း ဩဂုတ် ၁၄

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့ပေါ် ရပ်ကွက်များတွင် မိုးတွင်းကာလ ရေကြီးရေလျှံမှုများ မဖြစ်ပေါ်စေရေးနှင့် ရေစီးရေလာကောင်းမွန်စေရေးအတွက် ယနေ့နံနက်ပိုင်းက အကောက်တောင်မုခ်ဦးအနီး လမ်းမတော်လမ်းနှင့် ကြံခင်း–ဆိပ်သာလမ်းထောင့် လမ်းဘေး၀ဲ/ယာ ပင်မရေနုတ်မြောင်းအား တူးဖော်ရှင်းလင်းလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးဌေးမြင့်အောင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးသိန်းဇော်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအင်ဂျင်နီယာ ဦး၀င်းကို၊ တာဝန်ရှိသူများနှင့် မြို့မရပ်ကွက်အုပ်ချုပ်ရေးမှူးတို့က မြို့နယ်စည်ပင်သာရေးအဖွဲ့မှ ဦးဆောင်ကာ ရပ်ကွက်နေပြည်သူများ ဝိုင်း၀န်း၍ မြို့မရပ်ကွက်၊ လမ်းမတော်လမ်းနှင့် ကြံခင်း–ဆိပ်သာလမ်းထောင့် လမ်းဘေး၀ဲယာရှိ ပင်မရေနုတ်မြောင်းအား စက်ယန္တရားနှင့် လူအင်အားအသုံးပြု၍ ရေမြောင်းအတွင်း မြေသားနှံများဆယ်ယူခြင်း၊ အမှိုက်များ၊ ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်းတို့ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှု အားပေးကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သိရသည်။

ဖြိုးဝေလင်း(ပြန်/ဆက်)

ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် မြို့ပြစီမံခန့်ခွဲမှု

ဝေဖြိုးအောင်

ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် ကာလဝမ်းရောဂါတို့သည် ကမ္ဘာတစ်ဝန်းရှိ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ မြို့ကြီးများတွင် အဓိကကျန်းမာရေးပြဿနာအဖြစ် ဆက်လက်တည်ရှိနေဆဲဖြစ်သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ မှတ်တမ်းများအရ နှစ်စဉ် ကမ္ဘာတစ်ဝန်းတွင် ဝမ်းပျက်ဝမ်းလျှောရောဂါကြောင့် လူပေါင်းများစွာ အသက်ဆုံးရှုံးလျက်ရှိပြီး အထူးသဖြင့် ကလေးသူငယ်များတွင် ပိုမိုအဖြစ်များကြောင်း တွေ့ရှိရသည်။ ယင်းရောဂါများသည် ရောဂါပိုးပါဝင်သော ရေနှင့်အစားအစာများကို စားသုံးမိခြင်းမှတစ်ဆင့် အဓိကကူးစက်ပြန့်ပွားခြင်းဖြစ်သည်။

မျက်မှောက်ခေတ်တွင် မြို့ပြများသို့ လူဦးရေ ရွှေ့ပြောင်းအခြေချမှုအရှိန်အဟုန်မြင့်မားလာသည်နှင့်အမျှ မြို့ပြစီမံခန့်ခွဲမှု၏ အခန်းကဏ္ဍသည် ပြည်သူ့ကျန်းမာရေးအတွက် အသက်တမျှ အရေးပါလာခဲ့သည်။ မြို့ပြတစ်ခု၏ ရေပေးဝေရေးစနစ်၊ မိလ္လာစနစ်၊ အမှိုက်သိမ်းဆည်းမှုစနစ်နှင့် စွမ်းဆောင်ရည်မြင့်မားသော စီမံခန့်ခွဲမှုစသည့် အခြေခံအဆောက်အအုံများ ချို့ယွင်းအားနည်းလာပါက ကူးစက်ရောဂါများ လျင်မြန်စွာ ပြန့်ပွားနိုင်မည့် အန္တရာယ်ရှိပါသည်။ ထို့ကြောင့် ဝမ်းရောဂါကဲ့သို့သော ကူးစက်ရောဂါများကို ကာကွယ်ထိန်းချုပ်ရာတွင် ဆေးဘက်ဆိုင်ရာ ကုသမှုသက်သက်ဖြင့် မလုံလောက်ဘဲ စည်ပင်သာယာရေးကော်မတီများ၊ မြို့ပြအင်ဂျင်နီယာများနှင့် ကျန်းမာရေးဌာနများ ပူးပေါင်းပါဝင်သည့် ဘက်စုံမြို့ပြစီမံခန့်ခွဲမှုစနစ်ထားရှိရန် လိုအပ်လျက်ရှိပါသည်။

ဤဆောင်းပါးတွင် ဝမ်းပျက်ဝမ်းလျှောရောဂါ ကူးစက်ပြန့်ပွားမှုကို အခြေခံကျကျကာကွယ်နိုင်ရန်အတွက် မြို့ပြစီမံခန့်ခွဲမှုဆိုင်ရာ ကဏ္ဍအသီးသီးမှ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ၊ နိုင်ငံတကာစံချိန်စံညွှန်းများနှင့် အနာဂတ်အတွက် ကြိုတင်ပြင်ဆင်ရမည့် မဟာဗျူဟာများကို အသေးစိတ် သုံးသပ်တင်ပြသွားမည်ဖြစ်ပါသည်။

မြို့ပြအသွင်ကူးပြောင်းခြင်းနှင့် ပြည်သူ့ကျန်းမာရေးစိန်ခေါ်မှုများ

မြို့ပြအသွင်ကူးပြောင်းခြင်းသည် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသော မောင်းနှင်အားဖြစ်သော်လည်း စနစ်တကျ ကြိုတင်စီမံကိန်းချမှတ်ထားခြင်းမရှိသော မြို့ပြဧရိယာများသည် ပြည်သူ့ကျန်းမာရေးကို ကြီးမားစွာခြိမ်းခြောက်လျက်ရှိသည်။ ကျေးလက်မှ မြို့ပြသို့ ရွှေ့ပြောင်းနေထိုင်သူများပြားလာခြင်းကြောင့် မြို့ပြ၏လူဦးရေသိပ်သည်းဆသည် ထိန်းချုပ်နိုင်စွမ်းထက် ကျော်လွန်လာလေ့ရှိသည်။

လူဦးရေ တစ်ဟုန်ထိုးတိုးလာသည့်အခါ မြို့ပြ၏ရှိရင်းစွဲ အခြေခံအဆောက်အအုံများဖြစ်သော သောက်သုံးရေဖြန့်ဖြူးမှုကွန်ရက်များ၊ မိလ္လာပိုက်လိုင်းများနှင့် အမှိုက်သိမ်းဆည်းရေး ယာဉ်ယန္တရားများအပေါ် ဝန်ပိလာစေသည်။ အထူးသဖြင့် မြို့သစ်များ၊ ဆင်ခြေဖုံးရပ်ကွက်များနှင့် တရားမဝင်ကျူးကျော်ရပ်ကွက်များတွင် အခြေခံဝန်ဆောင်မှုများ လုံလောက်စွာမရရှိသဖြင့် ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး အားနည်းချက်များ ပေါ်ပေါက်လာသည်။

ထိုကဲ့သို့သော ပတ်ဝန်းကျင်မျိုးတွင် ကာလဝမ်းရောဂါပိုး၊ Rotavirus၊ E. coli နှင့် အခြားသော ဝမ်းပျက်ဝမ်းလျှောဖြစ်စေသည့် ဗက်တီးရီးယား၊ ဗိုင်းရပ်စ်နှင့် ကပ်ပါးပိုးများက အလွယ်တကူပေါက်ပွားနိုင်ပြီး လူတစ်ဦးမှတစ်ဦးသို့ လျင်မြန်စွာကူးစက်နိုင်ပါသည်။ ထို့အပြင် ရာသီဥတုပြောင်းလဲမှုကြောင့် မိုးများခြင်း၊ ရေကြီးရေလျှံဖြစ်ခြင်းများကြုံတွေ့ရချိန်တွင် ရေဆိုးမြောင်းများလျှံကျကာ သောက်သုံးရေအရင်းအမြစ်များနှင့် ရောနှောသွားတတ်သဖြင့် မြို့ပြနေပြည်သူများ၏ ကျန်းမာရေးစိန်ခေါ်မှုသည် ပိုမိုကြီးမားလာပါသည်။

ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားရသည့် မြို့ပြအခြေခံအကြောင်းရင်းများ

မြို့ပြပတ်ဝန်းကျင်တွင် ဝမ်းပျက်ဝမ်းလျှောရောဂါ ကူးစက်ပြန့်ပွားရခြင်း၏ အဓိကအကြောင်းရင်းများကို လေ့လာကြည့်ပါက အောက်ပါ မြို့ပြစီမံခန့်ခွဲမှုဆိုင်ရာ အားနည်းချက်လေးရပ်ကို တွေ့ရှိရပါသည် –

ယိုစိမ့်နေသော ရေပေးဝေရေးစနစ်များ

မြို့ကြီးများတွင် ရေပေးဝေရေးပိုက်လိုင်းများ ဟောင်းနွမ်းဆွေးမြည့်နေခြင်း၊ ပိုက်လိုင်းများ ပေါက်ပြဲနေခြင်းတို့ကြောင့် မြေအောက်ရေသို့မဟုတ် ရေဆိုးမြောင်းများအတွင်းမှ ညစ်ညမ်းရေများသည် ရေပေးဝေရေးစနစ်အတွင်းသို့ ဝင်ရောက်လာနိုင်သည်။ အထူးသဖြင့်ရေကို အချိန်ပိုင်းဖြင့်သာ ပေးဝေရသောစနစ်များတွင် ရေမလာသည့်အချိန်၌ ပိုက်လိုင်းအတွင်း လေဟာနယ်ဖြစ်ပေါ်ပြီး ပြင်ပမှရေဆိုးများကို စုပ်ယူသကဲ့သို့ ဖြစ်စေသည်။

စနစ်မကျသော မိလ္လာနှင့် အိမ်သာများ

မြို့ပြလူဦးရေအားလုံးအတွက် စံမီမိလ္လာစနစ်မရှိခြင်း သို့မဟုတ် မိလ္လာကန်များ စံချိန်စံညွှန်းမမီခြင်းတို့ကြောင့် လူမစင်နှင့် အညစ်အကြေးများသည် မြေအောက်ရေကြောအတွင်းသို့ စိမ့်ဝင်သွားနိုင်သည်။ ဆင်ခြေဖုံးရပ်ကွက်များတွင် ယင်လုံအိမ်သာ မသုံးစွဲနိုင်ခြင်းနှင့် မြစ်ချောင်းများအတွင်းသို့ တိုက်ရိုက်စွန့်ပစ်ခြင်းများသည် ရောဂါပိုး ကူးစက်မှုသံသရာကို အစဖျိုးပေးသည်။

အမှိုက်နှင့်ရေမြောင်းပိတ်ဆို့မှုများ

စွန့်ပစ်အမှိုက်များကို စနစ်တကျ သိမ်းဆည်းနိုင်မှုမရှိသောအခါ ပလတ်စတစ်နှင့် အခြားအမှိုက်များသည် ရေနုတ်မြောင်းများကို ပိတ်ဆို့စေသည်။ ရေစီးရေလာမကောင်းသော ရေမြောင်းများသည် ခြင်၊ ယင် အစရှိသော ရောဂါသယ်ဆောင်သည့် အင်းဆက်များ ပေါက်ပွားရာနေရာဖြစ်လာသည်။ ယင်ကောင်များမှတစ်ဆင့် မစင်တွင်းရှိ ရောဂါပိုးများသည် အစားအသောက်များပေါ်သို့ ရောက်ရှိပြီး ဝမ်းရောဂါကို ကူးစက်စေသည်။

လူနေထူထပ်ကျပ်တည်းခြင်း

နေရာထိုင်ခင်းကျပ်တည်းပြီး လေဝင်လေထွက်နှင့် အလင်းရောင် ကောင်းစွာမရရှိသော အိမ်ရာများတွင် နေထိုင်ခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းရေးအတွက် လုံလောက်သောရေမရရှိခြင်းတို့သည် မိသားစုဝင်တစ်ဦးတွင် ရောဂါဖြစ်ပွားပါက အခြားသူများထံ အလွယ်တကူ ကူးစက်စေရန် တွန်းအားပေးလျက်ရှိသည်။

သောက်သုံးရေဖြန့်ဖြူးမှုစနစ်နှင့် ဘေးကင်းလုံခြုံရေး

သောက်သုံးရေဘေးကင်းလုံခြုံရေးသည် ဝမ်းရောဂါကာကွယ်ရေး အတွက် ပထမဆုံးနှင့် အရေးအကြီးဆုံးခံတပ်ဖြစ်သည်။ မြို့တော်စည်ပင်သာယာရေးအဖွဲ့များအနေဖြင့် အများပြည်သူသို့ ဖြန့်ဖြူးပေးသောရေသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ သောက်သုံးရေစံချိန်စံညွှန်းများနှင့် ကိုက်ညီမှုရှိရန် လိုအပ်မည်ဖြစ်သည်။

ရေလှောင်တမံများ၊ မြစ်ချောင်းများနှင့် မြေအောက်ရေများမှ ရရှိသောရေကြေးမုံများကို ရေသန့်စင်စက်ရုံများတွင် အနည်ထိုင်စေခြင်း၊ စစ်ထုတ်ခြင်းနှင့် ပိုးသတ်ခြင်းအဆင့်ဆင့်ကို စနစ်တကျလုပ်ဆောင်ရမည်ဖြစ်သည်။ ဤလုပ်ငန်းစဉ်တွင် ရောဂါပိုးမွှားများကို သတ်ရန် အတွက် ကလိုရင်းဓာတ်ခြင်းသည် အထိရောက်ဆုံးနှင့် ကုန်ကျစရိတ် အသက်သာဆုံးနည်းလမ်းဖြစ်သည်။

ကလိုရင်းဓာတ်ရာတွင် ရေသန့်စင်စက်ရုံ၌သာမကဘဲ ရေဖြန့်ဖြူးသည့် ကွန်ရက်တစ်လျှောက်နှင့် သုံးစွဲသူပြည်သူများ၏ အိမ်ထိုင်ရာရောက် ပိုက်ခေါင်းများမှ ထွက်ရှိလာချိန်အထိ ရေထဲတွင် ကလိုရင်းအကြွင်းအကျန် (FRC) ပါဝင်နေရန်လိုအပ်ပါသည်။ WHO ၏ လမ်းညွှန်ချက်အရ ပုံမှန်အခြေအနေတွင် သုံးစွဲသူထံရောက်ရှိချိန်၌ FRC သည် 0.2 မှ 0.5 ppm (mg/L) အတွင်းရှိရမည်ဖြစ်သည်။

သို့သော် ဝမ်းပျက်ဝမ်းလျှောရောဂါ သို့မဟုတ် ကာလဝမ်းရောဂါ ကူးစက်ပြန့်ပွားနေသည့် အရေးပေါ်ကာလများတွင် ပိုက်လိုင်းအတွင်း ရောဂါပိုးများ လုံးဝသေဆုံးစေရန် FRC ပမာဏကို အနည်းဆုံး 0.4 ppm မှ 0.5 ppm အထိ တိုးမြှင့်ထားရှိရန် လိုအပ်ပါသည်။ နေ့စဉ် ရေနမူနာများကောက်ယူ၍ ကလိုရင်းပါဝင်မှုနှင့် ဗက်တီးရီးယား (E. coli / Coliform) ပါဝင်မှု ရှိ/မရှိကို ဓာတ်ခွဲစမ်းသပ်စစ်ဆေးမှုများ ပုံမှန်ပြုလုပ်ရမည်ဖြစ်သည်။

လူ့အညစ်အကြေးနှင့် အိမ်သုံးရေဆိုးများကို ဘေးကင်းစွာ စွန့်ပစ်နိုင်ရေးသည် ဝမ်းရောဂါကို အမြစ်ပြတ်ချေမှုန်းရေးအတွက် အဓိက သော့ချက်ဖြစ်သည်။ မြို့ပြစီမံကိန်းများတွင် သောက်ရေအတွက် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်သကဲ့သို့ ရေဆိုးနှင့် မိလ္လာစနစ်အတွက်လည်း အချိုးညီရင်းနှီးမြှုပ်နှံရန် လိုအပ်သည်။

ခေတ်မီမြို့ကြီးများတွင် အိမ်သာများမှ အညစ်အကြေးများကို ပိုက်လိုင်းကြီးများဖြင့် ချိတ်ဆက်ကာ ရေဆိုးသန့်စင်စက်ရုံသို့ ပို့ဆောင်ဖြစ်လာသည်။

စည်ပင်သာယာရေးအဖွဲ့များသည် မြို့နယ်အလိုက် အမှိုက်သိမ်းယာဉ်များဖြင့် နေ့စဉ် သို့မဟုတ် ရက်ခြား အမှိုက်သိမ်းဆည်းခြင်းကို မပျက်မကွက် ဆောင်ရွက်ရမည်။ အများပြည်သူသုံး အမှိုက်ပုံးများကို လူစည်ကားရာနေရာများတွင် လုံလောက်စွာချထားပေးခြင်း၊ အမှိုက်ခွဲခြားစွန့်ပစ်သည့်စနစ်ကို ကျင့်သုံးခြင်းဖြင့် အမှိုက်ပုံများမှ ရောဂါကူးစက်မှုကို လျော့ချနိုင်သည်။

မိုးရာသီမရောက်မီနှင့် ရောဂါကူးစက်မှု မြင့်မားနိုင်သည့် ကာလများတွင် မြို့တွင်းရှိရေနုတ်မြောင်းကြီးများနှင့် ရပ်ကွက်တွင်းရေမြောင်းများကို ဆယ်ယူရှင်းလင်းရမည်။ ရေမြောင်းများ ပိတ်ဆို့ခြင်းမရှိမှသာ ရွာကျသော မိုးရေများသည် အညစ်အကြေးများနှင့် ရောနှောကာ လမ်းပေါ်သို့ လျှံတက်လာခြင်းကို တားဆီးနိုင်မည်ဖြစ်သည်။ ရေကြီးရေလျှံဖြစ်ပေါ်ပါက ရေဆိုးများသည် သောက်သုံးရေကန်များ၊ နေအိမ်များနှင့် စွမ်းများအတွင်းသို့ ဝင်ရောက်လာပြီး ဝမ်းရောဂါကို ကြီးမားစွာပြန့်ပွားစေနိုင်ပါသည်။

ဝမ်းပျက်ဝမ်းလျှောရောဂါသည် အစားအသောက်များမှတစ်ဆင့် အများဆုံး ကူးစက်တတ်သဖြင့် မြို့ပြအတွင်းရှိစွမ်းများနှင့် စားသောက်ဆိုင်များကို ကြီးကြပ်ကွပ်ကဲရန်မှာ မြို့ပြစီမံခန့်ခွဲသူများ၏ အဓိကတာဝန်တစ်ရပ်ဖြစ်သည်။

စည်ပင်သာယာစွမ်းများ ကြီးကြပ်ခြင်း

စွမ်းများအတွင်း အသား၊ ငါး၊ ဟင်းသီးဟင်းရွက် ရောင်းချသော နေရာများကို သန့်ရှင်းရေးပုံမှန်ပြုလုပ်ရန် လိုအပ်သည်။ စွမ်းများအတွင်း ရေဆိုးထွက်ပေါက်များ၊ အမှိုက်စွန့်ပစ်သည့်နေရာများကို စနစ်တကျထားရှိရမည်။ ယင်ကောင်များ မပေါက်ပွားစေရန် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို ပုံမှန်ဆောင်ရွက်ရမည်။ အများပြည်သူသုံးအိမ်သာများကို သန့်ရှင်းစွာထားရှိပြီး လက်ဆေးရန် ဆပ်ပြာနှင့် ရေအလုံအလောက်ထားရှိပေးရမည်။

စာမျက်နှာ ၁၁ သို့ ❐

❖ မိုးရာသီမရောက်မီနှင့် ရောဂါကူးစက်မှု မြင့်မားနိုင်သည့်ကာလများတွင် မြို့တွင်းရှိ ရေနုတ်မြောင်းကြီးများနှင့် ရပ်ကွက်တွင်းရေမြောင်းများကို ဆယ်ယူရှင်းလင်းရမည်။ ရေမြောင်းများ ပိတ်ဆို့ခြင်းမရှိမှသာ ရွာကျသော မိုးရေများသည် အညစ်အကြေးများနှင့်ရောနှောကာ လမ်းပေါ်သို့လျှံတက်လာခြင်းကို တားဆီးနိုင်မည်ဖြစ်သည်။ ရေကြီးရေလျှံဖြစ်ပေါ်ပါက ရေဆိုးများသည် သောက်သုံးရေကန်များ၊ နေအိမ်များနှင့် စွမ်းများအတွင်းသို့ ဝင်ရောက်လာပြီး ဝမ်းရောဂါကို ကြီးမားစွာပြန့်ပွားစေနိုင်

❖ ဝမ်းပျက်ဝမ်းလျှောရောဂါသည် အစားအသောက်များမှတစ်ဆင့် အများဆုံး ကူးစက်တတ်သဖြင့် မြို့ပြအတွင်းရှိ စွမ်းများနှင့် စားသောက်ဆိုင်များကို ကြီးကြပ်ကွပ်ကဲရန်မှာ မြို့ပြစီမံခန့်ခွဲသူများ၏ အဓိကတာဝန်တစ်ရပ်ဖြစ်

ချမ်းအေးသာစံမြို့နယ်တွင် ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှု အထိမ်းအမှတ်အခမ်းအနား ကျင်းပ



မန္တလေး သြဂုတ် ၁၄

၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းကျန်းမာရေး သီတင်းပတ် လှုပ်ရှားမှု (တိုင်းဒေသကြီးအဆင့်) အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင်ချမ်းအေးသာစံမြို့နယ်ရှိ အမှတ် (၁၄) အခြေခံပညာ အထက်တန်းကျောင်း၌ တက်ရောက်အမှာစကားပြောကြားပြီး အခြေခံပညာအလယ်တန်းနှင့် အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများအား ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ခင်းကျင်းပြသထားသည့်ပြခန်းငယ်များ၊ ကျောင်းသား ကျောင်းသူတစ်ဦးချင်း၏ ကျန်းမာရေးစစ်ဆေးမှုများနှင့် ငှက်ပျောသီး၊ ကြက်ဥ၊ သီးစုံပဲဟင်း စုံလင်စွာပါဝင်သည့် ကျောင်းတွင်းအာဟာရဖြည့်စွက်စာ ကျွေးမွေးနေမှုတို့ကို လှည့်လည်ကြည့်ရှု အားပေးပြီး Grade-6 မှ Grade-12 အထိ ကျောင်းသား ကျောင်းသူများအား ဗီတာမင်အေ၊ သန်ချဆေးနှင့် သံဓာတ်အားဆေးများ တိုက်ကျွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

ဖျာပုံမြို့၌ ကျောင်းကျန်းမာရေး သီတင်းပတ်အခမ်းအနားကျင်းပ

ဖျာပုံ သြဂုတ် ၁၄

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်တွင် ၂၀၂၆ - ၂၀၂၇ ပညာသင်နှစ် ကျောင်းကျန်းမာရေး သီတင်းပတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဖျာပုံမြို့အထက(၃) မြမင္ဘုခန်းမ၌ ကျင်းပသည်။



ဦးစွာ ဖျာပုံခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးဇော်လွင်ဦးက အမှာစကား ပြောကြားပြီး ဖျာပုံပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာရဲဝင်းက ကျောင်းကျန်းမာရေး သီတင်းပတ် ဆောင်ရွက်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ဖျာပုံမြို့နယ်ပညာရေးမှူး ဆရာကြီး ဦးထွန်းလွင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး ကျောင်းကျန်းမာရေး သီတင်းပတ် အထိမ်းအမှတ်အဖြစ် အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် စာစီစာကုံး ပြိုင်ပွဲ၊ ကဗျာပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲများတွင် ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ကြသည်။

ဆက်လက်၍ ဖျာပုံမြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာ သိန်းထွန်းဝင်းက ကျောင်းကျန်းမာရေး ဆိုင်ရာ အသိပညာပေး ဟောပြောပြီး ကျောင်းသား ကျောင်းသူများအား ကျန်းမာရေး စောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

မြဝတီမြို့ရှိ KG၊ Grade-1 ကျောင်းသား ကျောင်းသူများအား အာဟာရဖြည့်အစားအစာများ ကျွေးမွေး

မြဝတီ သြဂုတ် ၁၄

ကရင်ပြည်နယ် မြဝတီမြို့နယ် အမှတ်(၁) အခြေခံပညာ အလယ်တန်းကျောင်း၌ ပညာသင်ကြားနေသော ကျောင်းသားကျောင်းသူများအား အာဟာရဖြည့်အစားအစာများ ကျွေးမွေးခြင်းကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါကျောင်း၌ ပြုလုပ်သည်။

ကြည့်ရှုအားပေး

ထိုသို့ကျွေးမွေးရာတွင် အမှတ် (၁) အခြေခံပညာအလယ်တန်းကျောင်း၏ မြို့နယ်ပညာရေးကော်မတီနှင့် ကျောင်းသားမိဘများ ပူးပေါင်း၍ KG ကျောင်းသား ကျောင်းသူ ၁၀၈ ဦးနှင့် Grade-1 ကျောင်းသား ကျောင်းသူ ၁၆၄ ဦး စုစုပေါင်း ၂၇၂ ဦးတို့အား အာဟာရဖြည့်အစားအစာများဖြစ်သည့် နွားနို့နှင့် ငှက်ပျောသီးများကို အမှတ် (၁) အခြေခံပညာအလယ်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးဇာနည်အောင်နှင့် ဆရာ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်များနှင့် ကျောင်းကော်မတီတို့က ကျွေးမွေးခဲ့ရာ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲလင်းမောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်ပညာရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစောမင်းခင်တို့က ကြည့်ရှုအားပေးသည်။

အလားတူ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ယနေ့နံနက်ပိုင်းတွင် ကျောင်းအုပ်ဆရာကြီး ဦးအုန်းမြင့် ကြီးကြပ်မှုဖြင့် KG ကျောင်းသား ကျောင်းသူ ၁၁၃ ဦးတို့အား ထမင်း၊ ကြက်သား၊ ကုလားပဲ၊ ဂေါ်ဖီ၊ ပဲသီး၊ မုန်လာဥ၊ကန်စွန်းဥတို့ကို ကျွေးမွေးခဲ့ကြကြောင်း သိရသည်။

ဆောင်းနှင်းဖြူ(ပြန်/ဆက်)





လက်ပံတန်းမြို့နယ်၌ ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ရေး အသိပညာပေး

လက်ပံတန်း သြဂုတ် ၁၄

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် ကျန်းမာရေးဦးစီးဌာနက မိုးတွင်းကာလတွင် ဖြစ်ပွားတတ်သည့် ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေးနှိုးဆော်ခြင်းကို ယနေ့နံနက်ပိုင်းတွင် မြို့မစျေး၌ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်လွင်မာစိုးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာဝန်ထမ်းများက မိုးရာသီတွင်ဖြစ်ပွားတတ်သော ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ရေကိုကျိုချက်သောက်သုံးရန်၊ မသန့်ရှင်း မလတ်ဆတ်သော အစားအစာများကို မစားသုံးရန်၊ တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် လက်ကိုစင်ကြယ်စွာ ဆေးကြောရန်၊ ရောဂါဖြစ်ပွားပါက နီးစပ်ရာ ကျန်းမာရေးဌာနသို့ ကုသမှုခံယူရန်နှင့် ဆောင်ရန်/ရှောင်ရန်အချက်များကို အသိပညာပေးဆွေးနွေးကာ လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

❐ စာမျက်နှာ ၁၀ မှ

လမ်းဘေးအစာအသောက်ရောင်းချသူများသည် ဝမ်းရောဂါကူးစက်မှုအတွက် အရေးပါသောအချိတ်အဆက်များဖြစ်ကြသည်။ ၎င်းတို့အနေဖြင့် သန့်ရှင်းသောသောက်သုံးရေကို အသုံးပြုရန်၊ အစားအစာများကို ယင်လုံအောင်ဖုံးအုပ်ထားရန်နှင့် တစ်ကိုယ်ရေသန့်ရှင်းရေး (အထူးသဖြင့် လက်ကိုဆပ်ပြာဖြင့် စနစ်တကျဆေးကြောခြင်း) ကို တင်းကျပ်စွာလိုက်နာရန် လိုအပ်သည်။ တာဝန်ရှိသူများသည် စားသောက်ဆိုင်များနှင့် လမ်းဘေးစျေးဆိုင်များသို့ ရှောင်တခင် ဝင်ရောက်စစ်ဆေးခြင်း၊ ရောင်းချသူများကို ကျန်းမာရေးအသိပညာပေး သင်တန်းများပို့ချခြင်းနှင့် သန့်ရှင်းမှုမရှိသောဆိုင်များကို လိုင်စင်ပိတ်သိမ်းသည်အထိ အရေးယူဆောင်ရွက်ခြင်းများကို လုပ်ဆောင်ရပါမည်။

ရောဂါကူးစက်မှုကို အစောဆုံးသိရှိနိုင်ရန်နှင့် ချက်ချင်းထိန်းချုပ်နိုင်ရန်အတွက် ခိုင်မာသောသတင်းအချက်အလက်စနစ်နှင့် အရေးပေါ်တုံ့ပြန်ရေးယန္တရားများ မြို့ပြတိုင်းတွင်ရှိရမည်။

ဝမ်းရောဂါနှင့် မြို့ပြစီမံခန့်ခွဲမှုအကြားဆက်စပ်မှုကို သမိုင်းကြောင်းအရရော ခေတ်သစ်နိုင်ငံတကာ အတွေ့အကြုံများအရပါ လေ့လာနိုင်သည်။

လန်ဒန်မြို့၏ ဂျွန်စနိုးနှင့် ခေတ်သစ်ကူးစက်ရောဂါဗေဒအစ

၁၈၅၄ ခုနှစ်တွင် အင်္ဂလန်နိုင်ငံ လန်ဒန်မြို့၌ ကာလဝမ်းရောဂါ အကြီးအကျယ် ဖြစ်ပွားခဲ့သည်။ ထိုအချိန်က ရောဂါသည် လေမှတစ်ဆင့် ကူးစက်သည်ဟုသာ ယုံကြည်ခဲ့ကြသည်။ သို့သော် ဒေါက်တာဂျွန်စနိုး (Dr. John Snow) သည် ရောဂါဖြစ်ပွားသူများ၏ နေရပ်များကို ဖြေပုံပေါ်တွင် မှတ်သားလေ့လာခဲ့ရာ၊ Broad Street ရှိ အများသုံးရေတုံ့ဘိုင်တစ်ခုတည်းမှ ရေကိုသုံးစွဲသူများသာ ရောဂါဖြစ်ပွားနေကြောင်း ရှာဖွေဖော်ထုတ်နိုင်ခဲ့သည်။ အဆိုပါ ရေတုံ့ဘိုင်၏ လက်ကိုင်ကို ဖြုတ်ချလိုက်ခြင်းဖြင့် ရောဂါကူးစက်မှုကို ရပ်တန့်နိုင်ခဲ့သည်။ ဤဖြစ်ရပ်သည် ခေတ်သစ်ကူးစက်ရောဂါဗေဒ၏ အစဖြစ်သကဲ့သို့ မြို့ပြရေပေးဝေရေးစနစ် ဘေးကင်းရေးသည် ပြည်သူ့ကျန်းမာရေး အတွက် မည်မျှအရေးကြီးကြောင်းပြသခဲ့သော အထင်ရှားဆုံးသမိုင်းဝင်သာဓကဖြစ်သည်။

မျက်မှောက်ခေတ် အာရှနှင့် အာဖရိကမြို့ကြီးများ

ယနေ့ခေတ် ဖွံ့ဖြိုးဆဲနိုင်ငံများရှိ မြို့ကြီးများတွင်လည်း ဝမ်းရောဂါကူးစက်မှုများကို ထိန်းချုပ်ရာတွင် ဌာနဆိုင်ရာပေါင်းစုံ ချိတ်ဆက်ဆောင်ရွက်မှုကို အောင်မြင်စွာ ကျင့်သုံးလာကြသည်။ ဥပမာအားဖြင့် စင်ကာပူနိုင်ငံကဲ့သို့သော နိုင်ငံများသည် ရေဆိုးသန့်စင်မှုနည်းပညာနှင့် စည်းကမ်းတင်းကျပ်သော လမ်းဘေးစားသောက်ဆိုင်စီမံခန့်ခွဲမှုများဖြင့် ရေနှင့်အစားအစာမှ ကူးစက်သော ရောဂါများကို လုံးဝနီးပါးပပျောက်အောင် ဆောင်ရွက်နိုင်ခဲ့သည်။

နိဂုံးချုပ်အားဖြင့် ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် ကာလဝမ်းရောဂါတို့သည် မြို့ပြများ၏ အခြေခံအဆောက်အအုံနှင့် စီမံခန့်ခွဲမှုများကို ထင်ဟပ်ပြသနေသော ပြည်သူ့ကျန်းမာရေးညွှန်ကိန်းများပင်ဖြစ်သည်။ ရောဂါဖြစ်ပွားမှ ဆေးရုံဆေးခန်းများတွင် လိုက်လံကုသနေခြင်းထက်၊ ရောဂါမဖြစ်ပွားစေရန် မြို့ပြ၏ ရေ၊ မိလ္လာ၊ အမှိုက်နှင့် အစားအသောက် ဘေးကင်းလုံခြုံရေးစနစ်များကို စနစ်တကျကြိုတင်စီမံခန့်ခွဲခြင်းက သာ ကုန်ကျစရိတ်သက်သာပြီး အထိရောက်ဆုံးသော ကာကွယ်ရေး နည်းလမ်းဖြစ်ပါသည်။

သက်ဆိုင်ရာအဖွဲ့အစည်းများအနေဖြင့် ကဏ္ဍစုံပူးပေါင်း ဆောင်ရွက်မှု အားကောင်းလာသည်နှင့်အမျှ မြို့ကြီးများသာမက နိုင်ငံတစ်ဝန်းလုံးရှိ မြို့ပြများတွင် ကူးစက်ရောဂါကင်းဝေးပြီး နေချင့်စဖွယ် သန့်ရှင်းကျန်းမာသော မြို့ပြပတ်ဝန်းကျင်များအဖြစ်သို့ အောင်မြင်စွာ တည်ဆောက်နိုင်မည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။ ။

ကိုးကားချက်များ -

၁။ World Health Organization (WHO): Cholera Fact Sheet. Link: https:// www.who.int/news-room/fact-sheets/detail/cholera.

၂။ World Health Organization (WHO): Diarrhoeal Disease Fact Sheet. Link:https://www.who.int/news-room/fact-sheets/detail/diarrhoeal-disease.

၃။ Centers for Disease Control and Prevention (CDC): Global Water, Sanitation, & Hygiene (WASH).Link: https://www.cdc.gov/ healthywater/ global/index.html.

၄။ UN-Habitat: Water and Sanitation in Cities. Link: https:// unhabitat. org/urban-themes/water-and-sanitation.

၅။ UNICEF: Water, Sanitation and Hygiene (WASH) in Urban Settings. Link: https://www.unicef.org/wash.

၆။ World Health Organization (WHO): Guidelines for Drinking-water Quality (Chlorine residual recommendations). Link: https://www.who.int/ publications/i/item/9789241549950.

ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသော အသက်(၂) နှစ်အောက် ကလေးသူငယ်များအား ဌေးကြေးထောက်ပံ့ခြင်း (MCCT) အစီအစဉ်နှင့်ပတ်သက်၍ အသိပေးခြင်း

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနမှ ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသော အသက် (၂)နှစ်အောက် ကလေးသူငယ်များအား ငွေကြေးထောက်ပံ့ခြင်း (MCCT) အစီအစဉ်ကို တိုင်းဒေသကြီး/ပြည်နယ် (၇)ခုတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် ဘဏ္ဍာရေးနှစ်အလိုက် ထောက်ပံ့ကြေးပေးရန် စာရင်းကောက်ယူမည့်အချိန်မတိုင်မီ MCCT အစီအစဉ်နှင့်စပ်လျဉ်း၍ အများပြည်သူများ သိရှိနိုင်ရန် နိုင်ငံပိုင်မီဒီယာများဖြစ်သည့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ မြဝတီ ရုပ်မြင်သံကြား၊ ရေဒီယိုအစီအစဉ်များနှင့် နေ့စဉ်ထုတ်သတင်းစာများမှတစ်ဆင့် "MCCT အစီအစဉ်တွင် အကျိုးခံစားခွင့်ရရှိရန် သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူး သို့မဟုတ် နီးစပ်ရာလူမှုဝန်ထမ်းရုံးများသို့ စာရင်းပေးသွင်းနိုင်ပါကြောင်း" နှိုးဆော်ခဲ့ပါသည်။

ယခုအခါ MCCT အစီအစဉ်၏ နာမည်ကို အလွဲသုံးစားပြု၍ Online မှတစ်ဆင့် ငွေကြေးလိမ်လည်မှုများ ပေါ်ပေါက်လျက်ရှိရာ လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် MCCT အစီအစဉ်တွင် အကျိုးဝင်သူများ၏ စာရင်းကို သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူးများမှ ကောက်ယူခြင်းကိုသာ ဆောင်ရွက်လျက်ရှိပြီး Online မှတစ်ဆင့် စာရင်းကောက်ယူခြင်း လုံးဝ(လုံးဝ)မပြုလုပ်ပါကြောင်း၊ အကျိုးခံစားသူ စာရင်းသွင်းရန် လျှောက်ထားပုံစံ (Registration Form)များနှင့် စပ်လျဉ်း၍လည်း ငွေကြေးတစ်စုံတစ်ရာ ကောက်ခံခြင်းမရှိပါကြောင်းနှင့်လက်ရှိ ၂၀၂၆–၂၀၂၇၊ ဘဏ္ဍာရေးနှစ်အတွင်း အကျိုးခံစားခွင့်ရှိသူများ စာရင်းကောက်ခံခြင်းအဆင့် ပြီးဆုံးပြီ ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

မြန်မာ-ရုရှား နှစ်နိုင်ငံ သာသနာရေးနှင့် ယဉ်ကျေးမှုချစ်ကြည်ရေး၏ သင်္ကေတတစ်ခုဖြစ်သည့် မော်စကိုရှေစည်းခုံစေတီတော် ပြုပြင်ထိန်းသိမ်းရေး သီတဂူဆရာတော်ကြီး ကွင်ရောက်စစ်ဆေး

ရန်ကုန် သြဂုတ် ၁၄

ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ပထမဆုံး တည်ထားကိုးကွယ်သော မြန်မာ-ရုရှား နှစ်နိုင်ငံ သာသနာရေးနှင့်ယဉ်ကျေးမှု ချစ်ကြည်ရေး၏ သင်္ကေတတစ်ခုလည်း ဖြစ်သည့် သမိုင်းဝင်စေတီတော်တစ်ဆူ ဖြစ်သော မော်စကို ရှေစည်းခုံစေတီတော် မြတ်ကြီး ပြုပြင်ထိန်းသိမ်းရေးအတွက် သီတဂူဆရာတော်ကြီး သွားရောက် စစ်ဆေးသည်။

ရုရှားနိုင်ငံ ကာလူဂါပြည်နယ် ဘိုရော့ဗ်စကီးခရိုင်ရှိ Ethno-World (Etnomir) ယဉ်ကျေးမှုဥယျာဉ်အတွင်း တည်ထားကိုးကွယ်ထားသည့် မော်စကို ပုဂံ ရွှေစည်းခုံစေတီတော်မြတ်ကြီး ရေရှည် တည်တံ့ခိုင်မြဲရေးအတွက် လိုအပ်သော ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများကို လုပ်ဆောင်နိုင်ရန် သီတဂူဆရာတော်ကြီးက ယနေ့တွင် စေတီတော်ပရိဝုဏ်အတွင်း သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ဆရာတော်ကြီးက Ethno-World ပြတိုက်အတွင်း ခင်းကျင်းပြသထား သည့် တိပိဋကဓရ မင်းကွန်းဆရာတော်ကြီး၏ ရုပ်တုအပါအဝင် အာရှနှင့် အနောက်နိုင်ငံများမှ ထင်ပေါ်ကျော်ကြားသူများ၏ ရုပ်တုပုံစံများကိုလည်း လေ့လာကြည့်ရှုသည်။

အဆိုပါ မော်စကို ရှေစည်းခုံစေတီတော်ကြီးသည် မြန်မာ့ရိုးရာ လက်ရာစစ်စစ်ဖြင့် ရုရှားမြေတွင် ပထမဆုံးတည်ထား ကိုးကွယ်ခဲ့သည့် သမိုင်းဝင်စေတီတော် တစ်ဆူဖြစ်ပြီး မြန်မာ-ရုရှား နှစ်နိုင်ငံ သာသနာရေးနှင့် ယဉ်ကျေးမှုချစ်ကြည်ရေး၏ သင်္ကေတတစ်ခုလည်းဖြစ်ကြောင်း သိရသည်။ MT



မော်စကိုမြို့ရှိ ရွှေစည်းခုံစေတီတော်မြတ်ကြီးအား ဖူးတွေ့ရစဉ်။



ဖလမ်းခရိုင်နှင့် မြို့နယ်ရှိ ဌာနဆိုင်ရာ ရုံးအဆောက်အအုံများ ပြန်လည်ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

ဖလမ်း သြဂုတ် ၁၄

ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းကော်မတီဝင်များ၏ အနီးကပ်ဦးဆောင်ကြီးကြပ်မှုဖြင့် အကြမ်းဖက်ဖြစ်စဉ်များကြောင့် ပျက်စီးသွားသည့် ဖလမ်းခရိုင်နှင့် မြို့နယ်ရှိ ဌာနဆိုင်ရာ ရုံးအဆောက်အအုံများကို ဒေသခံကုမ္ပဏီများက ပြန်လည်ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

အကြမ်းဖက်ဖြစ်စဉ်များကြောင့် တစ်စိတ်တစ်ပိုင်း ပျက်စီးသွားသည့် ဖလမ်းမြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးနှင့် မြို့တော်ခန်းမ ပြန်လည် ပြုပြင်နေမှုကို ယနေ့တွင် နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦးသည် တာဝန်ရှိသူများနှင့်အတူ ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် အမှတ်(၃)အခြေခံပညာ မူလတန်းကျောင်း၌ ကျောင်းကျန်းမာရေးသီတင်းပတ် လှုပ်ရှားမှုအဖြစ် ကျောင်းသား ကျောင်းသူများအား အာဟာရတိုက်ကျွေး နေမှုကို သွားရောက်ကြည့်ရှုအားပေးသည်။

အလားတူ တီးတိန်မြို့၌ အကြမ်းဖက်ဖြစ်စဉ်များ ကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် ဌာနဆိုင်ရာ ရုံးအဆောက် အအုံများနှင့် မြို့တွင်း သာယာလှပရေးလုပ်ငန်းများ ကို အရှိန်အဟုန်မပျက် ဆောင်ရွက်နိုင်ရေးအတွက် တီးတိန်မြို့ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည် တည်ဆောက်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဦးဇော်နိုင်ဦးနှင့် ကော်မတီဝင်များသည် မြို့နယ် သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ဝန်ထမ်းအိမ်ရာ လေးခန်းတွဲ နှစ်ထပ်အဆောက်အအုံ၊ ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းအော်တိုအိတ်ချ်ဖိုးရုံးပျက်စီးမှုကိုလည်းကောင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့မရပ်ကွက်ရှိ Dr. Vungh Suan Thang(ဝုန်ဆွမ်းထန်) လမ်း ရေစီးရေလာကောင်းမွန်စေရေး မြောင်းဆယ်ယူခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကိုလည်းကောင်း၊ လိန်တုန်လမ်းနှင့် လွိုးစုလမ်း သန့်ရှင်းသာယာလှပရေး ကျောက်စီ မြေထိန်းနံရံတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက် နေမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့အတူ တွန်းဇံမြို့ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးကော်မတီ အတွင်းရေးမှူး သည် ကော်မတီအဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့်အတူ တစ်စိတ်တစ်ပိုင်းပျက်စီးခဲ့သည့် ဌာနဆိုင်ရာ အဆောက်အအုံများဖြစ်သည့် မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၏မြို့နယ်ရုံး(အသစ်)ပြုပြင်ခြင်း၊ လူငယ်သင်တန်းကျောင်း၏ ကျောင်းသား အိပ်ဆောင် ပြုပြင်ခြင်း၊ လျှပ်စစ်ရုံး၏ လေးခန်းတွဲ ဝန်ထမ်းအိမ်ရာ ပြုပြင်ခြင်းလုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေး ခဲ့ကြောင်း သိရသည်။ သတင်းစဉ်



ဟင်္သာတ - ဆုံကုန်း - မြန်အောင်လမ်း လမ်းပခုံးနှစ်ဖက် ကွန်ကရစ်ခင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိ

ပုသိမ် သြဂုတ် ၁၄

ဧရာဝတီတိုင်းဒေသကြီးရှိ ဟင်္သာတ-ဆုံကုန်း-မြန်အောင်လမ်း ၁ မိုင် ၁ ဖာလုံမှ ၁ မိုင် ၇ ဖာလုံအထိ ခြောက်ဖာလုံအား လမ်းပခုံးနှစ်ဖက် ကွန်ကရစ်ခင်း လုပ်ငန်း ဆောင်ရွက်လျက်ရှိသည်။

အဆိုပါလုပ်ငန်း ဆောင်ရွက်နေမှုကို ဧရာဝတီ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်သည် ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများနှင့်အတူ သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် ဟင်္သာတမြို့နယ် စည်ပင်သာယာရေး အဖွဲ့က ရေစီးရေလာကောင်းမွန်စေရေးအတွက် အေးမြသာယာရပ်ကွက် အင်္ဂပိုလမ်းတစ်လျှောက်နှင့် မင်းရဲကျော်စွာလမ်းတစ်လျှောက်ရှိ ရေမြောင်းများ အတွင်း အမှိုက်များ ဖယ်ရှားရှင်းလင်းခြင်းလုပ်ငန်း များဆောင်ရွက်နေမှု၊ ဆက်သွယ်ရေးတိုင်များရှိ အမြင်မတင့်တယ်သောကြိုးများ ရှင်းလင်းခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေး သည်။

ထို့အတူ ဟင်္သာတမြို့ ဆည်မြောင်းရိပ်သာတွင် မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်း(ဗဟို)မှ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ငွေများ၊ တိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့နှင့် ကျန်းမာရေးဝန်ထမ်းများအတွက် အလှူငွေပေးအပ်ပွဲသို့ တက်ရောက်ပြီး အလှူငွေ လက်ခံရယူသည်။

အဆိုပါခရီးစဉ်အတွင်း ဧလွန်မြို့နယ် ကြာအင်း ကျေးရွာအုပ်စု ရေပေါက်ကြီးကျေးရွာတွင် ဧရာဝတီ မြစ်ရေတိုက်စားမှုအား steel cable groyne ပေ ၂၅၀ ဆောင်ရွက်မှုနှင့် သဲအိတ်ဆွဲသစ်ကိုင်းများချထား မှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး မြစ်ရေတိုက်စား မှုကြောင့် ရေပေါက်ကြီးကျေးရွာမှကြိုတင်ရွှေ့ပြောင်း ခဲ့ရသည့် အိမ် ၁၉ လုံးအတွက် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက ပေးအပ်သော ထောက်ပံ့ငွေ များနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့က ပေးအပ်သော ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများကို ပေးအပ်သည်။

အလားတူ ဧရာဝတီ-ဟင်္သာတတာ(ညောင်ပင်သာ ပန်းတာ)တာဝိုင်း (၃၀/၀)မှ (၃၀/၃) နေရာအား ရေခွေပြုလုပ်ကာကွယ်ခြင်း၊ သဲအိတ်ချတာခြေထောက် အားဖြည့် ဆောင်ရွက်ခြင်းတို့ကို ကြည့်ရှုစစ်ဆေးခဲ့ ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

Digital Smart မီတာအသစ်များကို Website မှ လျှောက်ထားရာတွင် ပေးသွင်းရမည့်နှုန်းထားများအား အသိပေးကြေညာခြင်း

၁။ လျှပ်စစ်ဓာတ်အားသုံးစွဲလိုသော်လည်း မီတာမရှိသေးသည့် မိဘပြည်သူများအနေဖြင့် အိမ်သုံးအပြင် စီးပွားရေး/စက်မှုလုပ်ငန်းများအတွက်ပါ လိုအပ်သည့် Digital Smart မီတာအသစ်များကို နိုင်ငံတော်အစိုးရထံမှ ငှားရမ်းအသုံးပြုရာတွင် လျင်မြန်စွာရရှိနိုင်ရန်နှင့် တစ်ဆင့်ခံပွဲစားများ၊ ဝန်ထမ်းများ၏ပါဝင်ပတ်သက်မှုများမှ ကင်းဝေးစေပြီး အချိန်နှင့်စရိတ်စကများ သက်သာစေရန် ရည်ရွယ်၍ ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်နေ့မှစ၍ Website မှတစ်ဆင့် ရုံးချုပ်သို့ လျှောက်ထားနိုင်မည်ဖြစ်ကြောင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် နိုင်ငံပိုင်သတင်းစာများတွင် ကြေညာခဲ့ပြီးဖြစ်ပါသည်။

၂။ Digital Smart မီတာအသစ်များကို Website မှတစ်ဆင့် လျှောက်ထားရာ၌ ဌာနမှသတ်မှတ်ချက်ဖြင့် ကိုက်ညီသောလျှောက်ထားမှုများအတွက် သတ်မှတ်ကြေးပေးသွင်းရာတွင် ကြိုးကြပ်ခ၊ မီးသွယ်ခ၊ မီးဆက်ခအပါအဝင် ပေးသွင်းရမည့်နှုန်းထားသည် ယခင်အတိုင်းပြောင်းလဲခြင်းမရှိဘဲ အောက်ပါအတိုင်းပေးသွင်းရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်-

(က) အိမ်သုံးမီတာ - ၂၅၀,၀၀၀ ကျပ်
(ခ) အိမ်သုံးပါဝါမီတာ (10 kW) - ၁,၀၀၀,၀၀၀ ကျပ်
(ဂ) အိမ်သုံးပါဝါမီတာ (20 kW) - ၁,၂၃၀,၀၀၀ ကျပ်
(ဃ) အိမ်သုံးပါဝါမီတာ (30 kW) - ၁,၄၆၀,၀၀၀ ကျပ်
(င) စက်မှုသုံးပါဝါမီတာ (10 kW) - ၁,၀၇၇,၅၀၀ ကျပ်
(စ) စက်မှုသုံးပါဝါမီတာ (20 kW) - ၁,၃၈၂,၅၀၀ ကျပ်
(ဆ) စက်မှုသုံးပါဝါမီတာ(30 kW) - ၁,၆၈၇,၅၀၀ ကျပ်

၃။ သိရှိလိုသည်များမေးမြန်းလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါကြောင်း ဖော်ပြအပ်ပါသည်-

(က) လျှပ်စစ်နှုန်းစွမ်းအင်ဝန်ကြီးဌာန - ၀၆၇-၃၄၁၀၄၆၀ (ရုံးချုပ်)
(ခ) ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး - ၁၇၁၇ ကော်ပိုရေးရှင်း(YESC)
(ဂ) မန္တလေးလျှပ်စစ်ဓာတ်အားပေးရေး- ၁၆၁၆ ကော်ပိုရေးရှင်း (MESC)
၀၂-၄၀၃၉၃၀၊၀၂-၄၀၇၃၆၆၆၊၀၂-၄၀၇၂၆၁၈(HotLine)
(ဃ) ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များ - ၀၆၇-၃၄၁၀၄၀၇ ၀၉-၆၈၂၂၃၆၀၀၊ ၀၉-၆၆၅၄၃၂၅၇၅

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန



ပုသိမ်မြို့၌ ပြည်သူ့စကားဝိုင်း ကျင်းပ

ပုသိမ် ဩဂုတ် ၁၄

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ အမှတ်(၈)ရပ်ကွက် တဂေါင်းဘုရားဝင်းအတွင်းရှိ တန်ဆောင်းတွင် ယမန်နေ့က သဘာဝဘေးအန္တရာယ် ဝိုင်းဝန်းစုပေါင်းကာကွယ် ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ကျင်းပသည်။

အခမ်းအနားတွင် အမျိုးသားလွတ်တော်ကိုယ်စားလှယ် ဒေါ်နွယ်နွယ်ဦးက သဘာဝဘေးအန္တရာယ်ဖြစ်ပွားမှုများကို ကြိုတင်ကာကွယ်ရေးနှင့် ဆောင်ရန်၊ ရှောင်ရန်များနှင့်ပတ်သက်၍ အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လဲ့လဲ့ဝင်းက ပြည်သူ့စကားဝိုင်း ကျင်းပရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပုသိမ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်မီးသတ်ဦးစီးဌာန၊ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ခရိုင်ပညာရေးမှူးရုံးတို့မှ တာဝန်ရှိသူများက သက်ဆိုင်ရာဌာနအလိုက် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့်ပတ်သက်၍ ဆောင်ရွက်လျက်ရှိသော ဌာန၏လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

ကျော်ဟိန်း(ပြန်/ဆက်)



မြစ်ကြီးနားမြို့၌ ဥပဒေအသိပညာပြန့်ပွားရေး ဆင့်ပွားသင်တန်းများ ဖွင့်လှစ်

မြစ်ကြီးနား ဩဂုတ် ၁၄

ဥပဒေရေးရာ ဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် ပြည်သူများ ဥပဒေအသိပညာ ပြန့်ပွားရေး အတွက် ကချင်ပြည်နယ်ဥပဒေ ချုပ်ရုံးက ကြီးမှူးဖွင့်လှစ်သော ဥပဒေအသိပညာ ပြန့်ပွားရေး ဆရာအဖြစ်သင်တန်း (TOT) သင်တန်းဆင်း ရပ်ကွက်/ကျေးရွာ အုပ်စု အုပ်ချုပ်ရေးမှူးများက မြစ်ကြီးနားမြို့နယ် ဥပဒေရုံးနှင့် ပူးပေါင်း၍ သက်ဆိုင်ရာ ရပ်ကွက်များတွင် ဥပဒေ အသိပညာပြန့်ပွားရေး ဆင့်ပွား သင်တန်းကို ဖွင့်လှစ်ပေးလျက်ရှိသည်။



အဆိုပါသင်တန်းကို ဩဂုတ် ၁၄ ရက်တွင် မြစ်ကြီးနားမြို့ မြို့သစ်ကြီးရပ်ကွက်ရှိ အေးမြသာယာခန်းမ၌ နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ရာအိမ်မှူးများ ဆယ်အိမ်မှူးများ အပါအဝင် ရပ်ကွက်နေပြည်သူ ၁၀၀ ကျော် တို့ဖြင့် စတင်ဖွင့်လှစ်သင်ကြားပေးသည်။ သင်တန်းဖွင့်ပွဲတွင် မြို့နယ်ဥပဒေအရာရှိ ဦးမျိုးကိုကိုဟိန်းက ဆင့်ပွားသင်တန်း ဖွင့်လှစ်ပေးရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးတက်တိုးက ဖွဲ့စည်းပုံအခြေခံဥပဒေ၊ လောင်းကစား ဥပဒေ၊ မူးယစ်ဆေးဝါးဥပဒေနှင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးဥပဒေများမှ လိုက်နာကျင့်သုံးရမည့် အကြောင်းအရာများကို အသိပညာပေး ဆွေးနွေးပို့ချပေးကာ မြို့နယ်ဥပဒေအရာရှိက ဥပဒေပါ အကြောင်းအရာများ အပေါ် အလေးထား လိုက်နာရမည့် အချက်အလက်များကို ဖြည့်စွက် ဆွေးနွေးပေးခဲ့သည်။

ပြည်နယ်(ပြန်/ဆက်)

ဥတ္တရသီရိမြို့နယ်၌ လက်ဆွဲကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်း ကွင်းသရုပ်ပြ

နေပြည်တော် ဩဂုတ် ၁၄

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိမြို့နယ်၌ လက်ဆွဲကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်းကွင်းသရုပ်ပြပွဲကို ယမန်နေ့ နံနက်ပိုင်းက ဘုရားကုန်းကျေးရွာရှိ တောင်သူ ဦးနောက်တိုး၏လယ်မြေ ၁၅ ဧကတွင် ပြုလုပ်သည်။

ကွင်းသရုပ်ပြပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးနိုင်က တောင်သူများအနေဖြင့် မျိုး၊ မြေ၊ ရေ၊ နည်း နည်းလမ်းများနှင့်အညီ စနစ်တကျစိုက်ပျိုးရေး၊ ရာသီပြည့်သီးနှံများ စိုက်ပျိုးနိုင်ရေး၊ သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး၊ သဘာဝမြေဩဇာကို တောင်သူများကိုယ်တိုင် ပြုလုပ်သုံးစွဲစေရေး၊ တစ်နှစ်သုံးသီးစိုက်ပျိုးနိုင်ရေးနှင့် သီးထပ်စွမ်းအားမြှင့်တင်နိုင်ရေး၊ ပေါ်ဆန်းမွေးနှင့် အောင်နိုင်တိုးစပါးများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ ကြပ်မက်စနစ် ပပျောက် အောင် မျိုးစေ့ချက်ရိယာနှင့် ကောက်စိုက်စက်များဖြင့် စိုက်ပျိုးနိုင်ရေးတို့ကို အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

အောင်မျိုးဝင်း(ဥတ္တရ)

မော်လမြိုင်မြို့၌ လူငယ်စကားဝိုင်း ပြုလုပ်

မော်လမြိုင် ဩဂုတ် ၁၄

မွန်ပြည်နယ် မော်လမြိုင်မြို့၌ "အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် လူငယ်တို့၏အခန်းကဏ္ဍ" ခေါင်းစဉ်ဖြင့် လူငယ်စကားဝိုင်းကို ယနေ့နံနက်ပိုင်းတွင် အမှတ်(၈)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။



ဦးစွာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး (မော်လမြိုင်ရုံးခွဲ) တာဝန်ခံညွှန်ကြားရေးမှူး ဦးဖြူစိုးကြည်က အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့်စပ်လျဉ်းသော အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ကျောင်းသား ကျောင်းသူများအနေဖြင့် အဂတိလိုက်စားမှုကို ရုက်ရွံ့သော၊ ဆန့်ကျင်သော၊ တွန့်လှန်တိုက်ဖျက်လိုစိတ်ရှိသော လူ့အဖွဲ့အစည်းဖြစ်တည်လာစေရန် ကျောင်းသူများအနေဖြင့် လူငယ်စကားဝိုင်းမှ ဆွေးနွေးပေးလိုက်သည့် အတွေးအခေါ်အယူအဆများကို မိမိတို့ကျောင်း၊ မိမိတို့ပတ်ဝန်းကျင်တွင် ထပ်ဆင့်မျှဝေပေးနိုင်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် "အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် လူငယ်တို့၏အခန်းကဏ္ဍ" ခေါင်းစဉ်ဖြင့် ဆွေးနွေးခဲ့ကြပြီး ဆွေးနွေးမှုနှင့်ပတ်သက်၍ သိရှိလိုသည့်မေးခွန်းများကို တက်ရောက်လာသော ကျောင်းသူများက မေးမြန်းခဲ့ကြရာ ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

စည်သူ(ပြန်/ဆက်)

✻ MFF မှ

ရာသီကြိုကွင်းဖွင့်ပွဲကို နှစ်ကာလအတန်ကြာ ကျင်းပနိုင်ခြင်းမရှိရာမှ ယခုရာသီတွင် ပြန်လည်ကျင်းပမည်ဖြစ်သည်။ ရာသီကြိုကွင်းဖွင့်ပွဲကို ၂၀၁၂ ရာသီမှ ၂၀၂၀ ရာသီအထိ ကိုးရာသီဆက်တိုက် ကျင်းပခဲ့ပြီး ကျင်းပပြီးစီးခဲ့သည့် ကိုးကြိမ်တွင် ရှမ်းယူနိုက်တက်နှင့် ရန်ကုန်ယူနိုက်တက် အသင်းက သုံးကြိမ်စီ၊ ဧရာဝတီအသင်းက နှစ်ကြိမ်၊ မကွေးအသင်းက တစ်ကြိမ် ဗိုလ်စွဲထားသည်။ ရှမ်းယူနိုက်တက်အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းသည် ပြီးခဲ့သည့်ရာသီတွင် သုံးကြိမ်တွေ့ဆုံရာ MNL League Cup ဗိုလ်လုပွဲတွင် ရန်ကုန်ယူနိုက်တက်အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး အမှတ်ပေးပြိုင်ပွဲ နှစ်ကျော့စလုံး ဂိုးမရှိသရေကျခဲ့သည်။

ရှမ်းယူနိုက်တက်အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းသည် ရာသီသစ်တွင် ပြည်တွင်းပြိုင်ပွဲများအပြင် နိုင်ငံတကာပြိုင်ပွဲများလည်း ယှဉ်ပြိုင်ရမည်ဖြစ်သောကြောင့် လက်ရွေးစင်အဆင့် ပြည်တွင်းကစားသမားများ အင်အားဖြည့်တင်းထားသလို နိုင်ငံခြားသားကစားသမားများလည်း အပြိုင်အဆိုင်ခေါ်ယူထားသည်။

သတင်း-ကိုညီလေး
ဓာတ်ပုံ-စိုးညွှန့်သော်

❖ **အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

❖ **အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံထဲကြည်သည့် PDF အမည်ခံအဖွဲ့ဝင် အမျိုးသား ၁၈ ဦးနှင့် အမျိုးသမီး နှစ်ဦး လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်



နေပြည်တော် သြဂုတ် ၁၄

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင် လျက်ရှိသည့် အဖွဲ့အစည်းများ အတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည် ဝင်ရောက်ရန်ဖိတ်ခေါ်၍ ဥပဒေ ဘောင်အတွင်းသို့ ပြန်လည်ဝင် ရောက်လာကြသူများအား လိုအပ် သည့် ကူညီပံ့ပိုးမှုများဆောင်ရွက် ပေးလျက်ရှိရာ နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို နားလည် သဘောပေါက်လာသည့် PDF အမည်ခံ အဖွဲ့ဝင်အမျိုးသား ၁၈ ဦး နှင့် အမျိုးသမီးနှစ်ဦး စုစုပေါင်း ၂၀ သည်လက်နက်၊ခဲယမ်းများနှင့်အတူ ယနေ့တွင် ဥပဒေဘောင်အတွင်း သို့ ထပ်မံဝင်ရောက်လာကြသည်။

ထိုသို့ ဥပဒေဘောင်အတွင်း လက်နက်/ခဲယမ်းများနှင့် အတူ ပြန်လည် ဝင်ရောက်လာကြသည့် ပဲခူးတိုင်းဒေသကြီး ရေတာရှည် မြို့မှ အမျိုးသား သုံးဦး၊ အမျိုးသမီး နှစ်ဦး၊ နတ်တလင်းမြို့မှ အမျိုးသား သုံးဦး၊ အုတ်ဖိုမြို့မှ အမျိုးသား ရှစ်ဦး၊ ညောင်လေးပင်မြို့မှ အမျိုးသား လေးဦး စုစုပေါင်း PDF အမည်ခံအဖွဲ့ဝင် အမျိုးသား ၁၈ ဦး နှင့် အမျိုးသမီးနှစ်ဦးတို့အား ကြိုဆို လက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပွဲကိုယနေ့ နံနက်ပိုင်းတွင် တောင်ပိုင်းတိုင်း စစ်ဌာနချုပ်ရှိ အေးချမ်းဖြိုးခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ် စိုးကျော်ထက်နှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိ သူများ၊ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လာခဲ့ကြသည့် အဖွဲ့ဝင်များနှင့် ၎င်းတို့၏မိဘ အုပ်ထိန်းသူများ တက်ရောက်ကြ သည်။

ဦးစွာ တိုင်းမှူးက နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေး၊ တရား ဥပဒေပုဒ်မများနှင့် ပတ်သက်၍ အသိပညာပေးစကားများ ရှင်းလင်း ဆွေးနွေး ပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူ ပါရှိလာသည့် MA-1 သေနတ် သုံးလက်၊ M-4 သေနတ်သုံးလက်၊ BA-63 သေနတ် တစ်လက်၊ အီနာဂါစုံးသီး တစ်လုံး၊ လက်ပစ်စုံး သုံးလုံး၊ ၅ ဒသမ ၅၆ မမကျည် ၃၂ တောင့်၊ ၇ ဒသမ ၆၂ မမကျည် အတောင့် ၁၄၀၊ ကိုးလုံးကျည် ၁၃ တောင့်နှင့် ကျည် အိမ် ငါးခုတို့ကို လွှဲပြောင်းအပ်နှံ ရာတိုင်းမှူးက လက်ခံရယူသည်။ ယင်းနောက် တိုင်းမှူးနှင့် တာဝန် ရှိသူများက လက်နက်၊ ခဲယမ်းများ နှင့်အတူ ဥပဒေဘောင်အတွင်း ဝင်ရောက် လာသူများအား မောင်းပြန်ရိုင်ဖယ် ခုနစ်လက် အတွက် ဆုကြေးငွေကျပ် သိန်း ၃၅၀၊ အီနာဂါစုံးသီး တစ်လုံး အတွက် ဆုကြေးငွေကျပ်သုံးသိန်း၊ လက်ပစ်စုံး သုံးလုံးအတွက် ဆုကြေးငွေကျပ် ကိုးသိန်းနှင့် အလင်းဝင်ရောက်လာသူ ၂၀ အား တစ်ဦးလျှင် ဆုကြေးငွေကျပ် နှစ်သိန်းစီဖြင့် ငွေကျပ် သိန်း ၄၀ စုစုပေါင်း ဆုကြေးငွေကျပ် ၄၀၂ သိန်းနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ကာ ခံဝန်ကတိလက်မှတ် ရေးထိုးစေပြီး မိဘအုပ်ထိန်းသူ များထံ ပြန်လည်လွှဲပြောင်းအပ်နှံ ပေးရာ အလင်းဝင်ရောက်လာသူ များ၏ကိုယ်စား အလင်းဝင်လာသူ တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများ အား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်း သူများထံသို့ စနစ်တကျပြန်လည် လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင် အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေး ကြောင်း သိရှိရပြီး ဥပဒေဘောင် အတွင်း ပြန်လည်ဝင်ရောက်လို သူများအနေဖြင့် နီးစပ်ရာခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ၊ တပ် စခန်းများနှင့် ရဲစခန်းများသို့ အမြန် ဆက်သွယ် သတင်းပေးပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်သွား မည်ဖြစ်ကြောင်းနှင့် လက်နက်/ ခဲယမ်းများအတွက် ဆုကြေးငွေ များ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့ပြီး ရှေ့တန်းပြန်နိုင်ငံသားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနား ကျင်းပ

နေပြည်တော် သြဂုတ် ၁၄

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ပြီး ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန်နိုင်ငံသားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းအခမ်းအနားကို ယနေ့နံနက် ပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး ပလောက်မြို့ရှိ နယ်မြေခံတပ်ရင်း၌ပြုလုပ်ရာ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာ နိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ဒေသခံ ပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက် အိုးအိမ်စည်းစိမ်ဥစ္စာလုံခြုံမှုရှိစေရေး၊ နိုင်ငံတော် တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များ ကို မိဝေးဖဝေး၊ မိသားစုများနှင့်ဝေးကွာ၍ နေ့မအား၊ ညမနား စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်တပ်မတော်သားများအား တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဂုဏ်ပြုပန်းကုံးများ၊ အောင်သပြေခက်များဖြင့်လည်းကောင်း၊ အထိုးအမှတ်၊ အကအခုန်များဖြင့်လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုခဲ့ကြသည်။ ယင်းနောက် တာဝန်ရှိသူ များက အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများ အား ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုဆုံးဖြတ် ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ သွားရောက်လေ့လာ

နေပြည်တော် သြဂုတ် ၁၄

နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုနှင့် တပ်မတော်၏ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် နိုင်ငံတော်၏ အနာဂတ် ကြယ်ပွင့်လေးများ ဖြစ်ကြသော မျိုးဆက်သစ်ကျောင်းသား လူငယ် မောင်မယ်များအား ကျောင်းတက် ချိန် ကျောင်းပြင်ပဗဟုသုတရရှိ စေရန်၊ နိုင်ငံတော်၏သမိုင်းနှင့် တပ်မတော်၏သမိုင်းကြောင်းများ ကို သိရှိပြီး အသိပညာဗဟုသုတ များစွာ ရရှိစေရန်၊ တပ်မတော်၏ လုပ်ငန်း ဆောင်ရွက်ချက်များ၊ တည်ဆောက်မှုများ၊ တီထွင် ဆန်းသစ်မှုများကို ကြည့်ရှု လေ့လာပြီး အနာဂတ်ရည်မှန်း ချက်များ ပေါ်ထွက်လာစေရန်၊ တပ်မတော် အကြီးအကဲများ၏ နိုင်ငံတော်နှင့် တပ်မတော်အပေါ် ထားရှိသောစေတနာနှင့် နိုင်ငံတော် ရှေ့ဆက်သွားမည့် ရည်မှန်းချက် များကို သိရှိစေရန်၊ မျိုးချစ်စိတ်ဓာတ် များ ရှင်သန်ထက်မြက်လာစေပြီး အားကျအတုယူလိုသည့်စိတ်များ ဖြစ်ပေါ်လာစေရန်၊ တပ်မတော်၏ သမိုင်းဝင် စစ်လက်နက်ပစ္စည်း များကို ကိုယ်တိုင်ကိုယ်ကျထိတွေ့ ခံစားမှုအတွေ့အကြုံများ ရရှိစေ ရန်၊ သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာ များကို အထောက်အကူပြုစေရန်၊ ကျောင်းသား တစ်ဦးချင်းစီ၏ ပြင်ပ လေ့လာမှတ်သားနာယူမှု စွမ်းရည်ကို တိုးတက်စေရန် ရည်ရွယ်ချက်များဖြင့် တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်) သို့ လေ့လာရေးအစီအစဉ်များ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ စီစဉ်ဆောင်ရွက်ပေးမှု ဖြင့် ပြည်ထောင်စုနယ်မြေ (နေပြည်တော်) ဧရယာသီရိ မြို့နယ်ရှိ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းနှင့် အခြေခံ ပညာ အလယ်တန်းကျောင်း(ခွဲ) (သစ်တပ်)မှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမ များသည် ယနေ့တွင် တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်) သို့ လာရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား ကျောင်းသူ များနှင့် ဆရာ ဆရာမများသည် တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ ရောက်ရှိကြ ပြီး မြန်မာ့တပ်မတော်သမိုင်း မှတ်တမ်းရုပ်ရှင်ကြည့်ရှုကြသည်။

ဆက်လက်၍ ပြတိုက်တာဝန်ရှိ သူက ပြတိုက်သမိုင်း၊ ရည်ရွယ် ချက်နှင့် ပြတိုက်အတွင်း ကဏ္ဍ အလိုက် ပြခန်း၊ ပြကွက်များ ပြသ ထားမှုတို့ကို လိုက်လံရှင်းလင်း ပြောကြားရာ စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုကြပြီး သိရှိလို သည်များကို မေးမြန်းကြရာ ပြခန်း တာဝန်ရှိသူများက ရှင်းလင်း ဖြေကြားကြကြောင်း သိရသည်။ **သတင်းစဉ်**



❍ Hyundai မှ

စင်ကာပူအားကစားကွင်း၌ လည်းကောင်း၊ သြဂုတ် ၁၆ ရက် ည ၇ နာရီခွဲတွင် မလေးရှားအသင်းနှင့် ဗီယက်နမ်အသင်းတို့သည် မလေးရှား အားကစားကွင်း၌လည်းကောင်း၊ သြဂုတ် ၁၈ ရက် ည ၇ နာရီခွဲတွင် ထိုင်းအသင်းနှင့် စင်ကာပူ အသင်းတို့သည် ထိုင်းအားကစားကွင်း၌ လည်းကောင်း၊ သြဂုတ် ၁၉ ရက် ည ၇နာရီခွဲတွင် ဗီယက်နမ်အသင်းနှင့် မလေးရှားအသင်း တို့သည် ဗီယက်နမ်အားကစားကွင်း၌ လည်းကောင်း ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ ဗိုလ်လုပွဲ ပွဲစဉ်များကို သြဂုတ် ၂၂ ရက်နှင့် ၂၆ ရက် ည ၇ နာရီခွဲတွင် အသီးသီးယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။

အဆိုပါ ဘောလုံးပြိုင်ပွဲ ပွဲစဉ်များကို MRTV Sports Channel နှင့် MRTV Entertainment Channel တို့မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသမည် ဖြစ်သည်။ **သတင်းစဉ်**

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ကြမည့် နိုင်ငံ့သားကောင်းများ၏ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၅) သင်တန်းဆင်းပွဲများ ကျင်းပပြုလုပ်

နေပြည်တော် သြဂုတ် ၁၄

နိုင်ငံသား တိုင်းသည် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန် အရေးသုံးပါးကို စောင့်ထိန်းရန် တာဝန်ရှိသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရန်အတွက် စိတ်အားထက်သန်စွာ လာရောက်စာရင်းပေးသွင်းကြသည့် လူငယ်များကို ပြည်သူ့စစ်မှုထမ်းသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၅) သင်တန်းဆင်းပွဲ အခမ်းအနားများကို ယနေ့တွင် တိုင်းစစ်ဌာနချုပ်များအလိုက် နယ်မြေခံသင်တန်းကျောင်းအသီးသီး၌ ကျင်းပသည်။

ဆုများပေးအပ်ချီးမြှင့်

အဆိုပါ သင်တန်းဆင်းပွဲများကို သင်တန်းဆင်းစစ်ရေးပြ အစီအစဉ် အတိုင်း ဆောင်ရွက်ကြပြီး သင်တန်းသားများက နိုင်ငံတော်အလံကိုကိုင်၍ ကတိသစ္စာခံယူကြသည်။ ထို့နောက် သင်တန်းကျောင်းများအလိုက် သက်ဆိုင်ရာ တာဝန်ရှိသူများက သင်တန်းဆင်းအမှာစကားများ ပြောကြားကြပြီး သင်တန်းဆင်းထူးချွန်ဆု ရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။





သင်တန်းဆင်းပွဲ အခမ်းအနားများအပြီးတွင် သင်တန်းဆင်းပွဲများသို့ တက်ရောက်ကြသော နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သင်တန်းကျောင်းခန်းမများ၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၅)မှ သင်တန်းဆင်း နိုင်ငံ့သားကောင်း စစ်သည်များအား တွေ့ဆုံအမှာစကားပြောကြားပြီး ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးကြသည်။

အဆိုပါ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၅)မှ သင်တန်းသားများကို ကြံ့ခိုင်ရေးဘာသာရပ်၊ စစ်ရေးပြဘာသာရပ်၊ စစ်နည်းဗျူဟာဘာသာရပ် စသည့် ဘာသာရပ်များနှင့် အထွေထွေဘာသာရပ်များကို အဆင့်ဆင့် လေ့ကျင့် သင်ကြားပေးခဲ့ကြကြောင်း သိရသည်။

ယနေ့တွင် သင်တန်းဆင်းခဲ့ကြသည့် ပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်း စစ်သည်များသည် အဖွဲ့အစည်းဖြင့် စနစ်တကျ လုပ်ကိုင် ဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများရရှိခဲ့ကြပြီး နိုင်ငံ့ချစ်စိတ်၊ မျိုးချစ်စိတ်၊ အဖွဲ့အစည်းစိတ်၊ ရဲဘော်ရဲဘက်စိတ်၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များကို ကာကွယ်စောင့်ရှောက်လိုသည့်စိတ် အပြည့်အဝဖြင့် တာဝန်ကျရာ တပ်ရင်း/တပ်ဖွဲ့အသီးသီးသို့ သွားရောက်၍ ဂုဏ်ယူစွာဖြင့် တာဝန်ထမ်းဆောင်ကြတော့မည်ဖြစ်သည်။

နိုင်ငံတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံသားများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက် ပေးလျက်ရှိပြီး နိုင်ငံသားများ အနေဖြင့်လည်း နိုင်ငံ့တာဝန်များကို ထမ်းဆောင်ကြရမည်ဖြစ်သည်။ ယင်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်ရန် ဆန္ဒရှိကြသည့် နိုင်ငံ့သားကောင်းများသည် ပြည်သူ့စစ်မှုထမ်း သင်တန်းများ တက်ရောက်ကာ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်နေကြဖြို့ဖြစ်သည်။

ထို့နောက် ညပိုင်းတွင် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၅)မှ နိုင်ငံ့သားကောင်းစစ်သည်များအား သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲများကို သင်တန်းကျောင်းအသီးသီး၌ ပြုလုပ်ပေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

★ ကျောထုံမှ

ပထမဦးဆောင်ဂိုးကို လည်းကောင်း၊ ပွဲကစားချိန် ၁၁ မိနစ် ၄၅ စက္ကန့်တွင် ကျောနံပါတ်(၇) ထွန်းအောင်ကျော်က ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းအတွက် ပထမဦးဆုံး ချေပဂိုးကို သွင်းယူပေးခဲ့ပြီး ပွဲကစားချိန် ၁၇ မိနစ် ၂၄ စက္ကန့်တွင် ကာကွယ်ရေးဝန်ကြီးဌာနအသင်းမှ ကျောနံပါတ်(၁၁) ထွဋ်ဝေထွန်းက ဒုတိယဂိုးကို လည်းကောင်း၊ ပထမပိုင်းပွဲပြီးရန် ၁ မိနစ် ၄၀ စက္ကန့်အလိုတွင် ကျောနံပါတ်(၁၁) နိုင်ထွန်းလူက ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းအတွက် ဒုတိယချေပဂိုးကို လည်းကောင်း ထပ်မံသွင်းယူပေးခဲ့သည်။

ဗိုလ်လုပွဲ ပွဲစဉ်ဖြစ်သည့်အတွက် နှစ်သင်းစလုံး အကြိတ်အနယ် အနိုင်ဂိုးများ အပြန်အလှန်သွင်းယူခဲ့ကြရာ ဒုတိယပိုင်းပွဲပြီးဆုံးချိန်တွင် နှစ်သင်းစလုံး တစ်ဖက် သုံးဂိုးစီ သရေရလဒ်ဖြစ်နေသည့်အတွက် အချိန်ပို ငါးမိနစ် နှစ်ပိုင်း ထပ်မံယှဉ်ပြိုင်ကစားခဲ့ရာ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက ကာကွယ်ရေးဝန်ကြီးဌာနအသင်းကို လေးဂိုး-သုံးဂိုးဖြင့် အကြိတ်အနယ် ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ အကောင်းဆုံး ဂိုးသမားဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းမှ ကျောနံပါတ်(၂) မင်းခန့်အောင်အား ဆုဖလားနှင့် ဂုဏ်ပြုဆုငွေကျပ် နှစ်သိန်းကို အမျိုးသမီးရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန်းစန်းနွယ်က လည်းကောင်း၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံးအားကစားသမားဆုရရှိသည့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းမှ ကျောနံပါတ်(၁၁) နိုင်ထွန်းလူအား ဆုဖလားနှင့် ဂုဏ်ပြုဆုငွေကျပ် နှစ်သိန်းကို ဂုဏ်ပြုဆုငွေကျပ် ၁၅ သိန်းကို ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထွန်းလူက လည်းကောင်း၊ ပူးတွဲတတိယဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေကျပ် ၁၅ သိန်းကို ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထွန်းလူက လည်းကောင်း၊ ပူးတွဲတတိယဆုရရှိသည့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေကျပ် ၁၅ သိန်းကို နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးဂက်မြင့်သန်းက လည်းကောင်း၊ ဒုတိယဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေကျပ် သိန်း ၅၀ ကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က လည်းကောင်း၊ ပထမဆုရရှိသည့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေကျပ်သိန်း ၁၀၀ နှင့် အမျိုးသားတံခွန်စိုက်ဆုဖလားတို့ကို မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းကလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

မြန်မာ့အားကစားကဏ္ဍ တိုးတက်မြင့်မားစေရေးအတွက် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်နှင့်အညီ အားကစားရေးရာဝန်ကြီးဌာနအနေဖြင့် Mass Sports မှ Excellent Sports အဆင့်ထိရောက်ရှိစေရန်ရည်ရွယ်၍ ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုဖူဆယ်(အမျိုးသား)ပြိုင်ပွဲကို ၂၀၂၆ ခုနှစ် သြဂုတ် ၃ ရက်မှ ၁၄ ရက်အထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းရှိ ဖူဆယ်အားကစားရုံ၌ ၁၂ ရက်ကြာ ကျင်းပပြုလုပ်ခဲ့ရာ ပြိုင်ပွဲဝင်အမျိုးသားအသင်း ၂၅ သင်း၊ စုစုပေါင်း ပြိုင်ပွဲဝင်အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားအင်အား ၄၄၅ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုဖူဆယ်(အမျိုးသား)ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

❖ (၃၄)ကြိမ်မြောက်မှ

ထိုသို့ ကျိုက္ကဆံအားကစားကွင်း အားကစားရုံများ၌ စခန်းသွင်းလေ့ကျင့်နေမှု၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)ရှိမြန်မာနိုင်ငံမသန်စွမ်းအားကစားအဖွဲ့ချုပ်၊ ဘော်လီဘောအားကစားရုံ၊ မြန်မာနိုင်ငံသေနတ်ပစ်အဖွဲ့ချုပ်တို့၌ (၃၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၊ (၅)ကြိမ်မြောက် အာရှမသန်စွမ်းအားကစားပြိုင်ပွဲနှင့် (၁၄)ကြိမ်မြောက် အာဆီယံ မသန်စွမ်းအားကစားပြိုင်ပွဲများသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် ပဏာမလက်ရွေးစင်အားကစားသမားများ၏ စခန်းသွင်းလေ့ကျင့်နေမှုများကို မြန်မာနိုင်ငံအိုလံပစ်ကော်မတီဒုတိယဥက္ကဋ္ဌ အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညီညီသည် တာဝန်ရှိသူများနှင့်အတူ ကြည့်ရှုအားပေးပြီး ပြိုင်ပွဲသို့ အောင်မြင်စွာ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးနှင့် အောင်မြင်မှုဆုတံဆိပ်များရရှိရေးအတွက် ယခုမှစ၍ စနစ်တကျ အားသွန်ခွန်စိုက် ကြိုးစားအားထုတ်ရမည်ဖြစ်ကြောင်း ပြောကြားပြီး မြန်မာနိုင်ငံသေနတ်ပစ်အဖွဲ့ချုပ်က ခင်းကျင်းပြသထားသည့် လေ့ကျင့်ရေးသုံးနှင့် ပြိုင်ပွဲဝင်သုံး အထောက်အကူပြုပစ္စည်းများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံပန်ကြပ်ဆီလတ်အဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်သည့် ပန်ကြပ်ဆီလတ်ဒိုင်သင်တန်း(၁/၂၀၂၆)သင်တန်းဆင်းပွဲသို့ တက်ရောက်အမှာစကား ပြောကြား၍ သင်တန်းဆင်းလက်မှတ်များပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်ရှိ 21 PARADISE NATURAL HOT SPRING (သဘာဝရေပူစမ်း)နှင့် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်

မော်လမြိုင် သြဂုတ် ၁၄

မွန်ပြည်နယ်အတွင်း ဒေသတွင်းခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ သဘာဝအခြေပြုခရီးသွားလုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ဝန်ဆောင်မှုအဆင့်အတန်းမြှင့်တင်နိုင်ရေးအတွက် သံဖြူဇရပ်မြို့နယ် ဝဲကလိကျေးရွာ 21 PARADISE NATURAL HOT SPRING (သဘာဝရေပူစမ်း)ရှိ ရေပူစမ်းကန်များ၊ ရေကူးကန်၊ ရေစိမ်ကန်၊ ခရီးသွားဧည့်သည်များ အနားယူရန်စီစဉ်ဆောင်ရွက်ထားရှိမှုကို မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်းသည် ပြည်နယ်ဝန်ကြီးများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် လှည့်လည်ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့ပြင် သံဖြူဇရပ်မြို့နယ် အောင်ကုသိုလ်ရပ်ရှိ ASIA HMT ကုမ္ပဏီပိုင် ဒူးရင်းခြံကော ၂၉၀ ၌ ဒူးရင်းပင် ၁၄၀၀၀ အောင်မြင်စွာ စိုက်ပျိုးထားရှိမှုကို လှည့်လည်ကြည့်ရှုပြီး သံဖြူဇရပ်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး၌ ရပ်ကွက်/ ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံကာ အုပ်ချုပ်ရေးဆိုင်ရာ လုပ်ငန်းစဉ်များနှင့် ပြည်သူဝန်ဆောင်မှု လုပ်ငန်းများကို သွက်လက်မြန်ဆန်ပြီး ပွင့်လင်းမြင်သာမှုရှိစွာ ဆောင်ရွက်ပေးကြရန်၊ ဒေသတွင်း တရားဥပဒေစိုးမိုးရေးနှင့် အေးချမ်းသာယာရေး အလေးထားဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

တွေ့ဆုံပွဲတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌက အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာ ဆောင်ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြပြီး ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများက မြို့နယ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးများက အကြံပြုဖြည့်စွက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။



စည်သူ(ပြန်/ဆက်)

ကျောင်းကောင်စဉ်ဥက္ကဋ္ဌဖလား မိုးရာသီအားကစားပြိုင်ပွဲ ဆုချီးမြှင့်ပွဲ ကျင်းပ

မူဆယ် သြဂုတ် ၁၄

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၂၆–၂၀၂၇ ပညာသင်နှစ် ကျောင်းကောင်စီဥက္ကဋ္ဌဖလား မိုးရာသီအားကစားပြိုင်ပွဲ ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါကျောင်းရှေ့၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်လွင်လွင်အောင်နှင့် ဟိုမွန်ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့က ပထမဆုရရှိကြသည့် အသက် ရှစ်နှစ်အောက် ကျား/မ ဘောလုံးအသင်းများအား တစ်ဦးချင်း ဆုတံဆိပ်နှင့် ဆုဖလားများကို ပေးအပ်ခဲ့ပြီး အသက် ၁၆ နှစ်အောက် ကျား/မ ဘောလုံးအသင်းများအား တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုဖလားများကို အားကစားနှင့်ကာယပညာဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဒုတိယမြို့နယ်ပညာရေးမှူးတို့က ပေးအပ်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



ဧရာဝတီဘဏ်နှင့် PRO 1 Global Company Limited တို့ Agent Banking Partnership နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

ရန်ကုန် သြဂုတ် ၁၄

ဧရာဝတီဘဏ်မှ ခွင့်ပြုထားသောကိုယ်စားလှယ်များမှတစ်ဆင့် ဘဏ်လုပ်ငန်းနှင့် ဒီဂျစ်တယ်ဝန်ဆောင်မှုများ ရရှိခြင်းဖြင့် သုံးစွဲသူများ ပိုမိုအဆင်ပြေလွယ်ကူစေရန် ဧရာဝတီဘဏ်နှင့် PRO 1 Global Company Limited တို့အကြား Agent Banking Partnership နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးသည်။

ယင်းAgent Banking Partnership နားလည်မှုစာချွန်လွှာကို ရန်ကုန်မြို့ ဧရာဝတီဘဏ်ရုံးချုပ် ပုသိမ်ခန်းမ၌ ကျင်းပခဲ့ကြောင်း သြဂုတ် ၁၃ ရက်တွင် AYA Bank မှ ထုတ်ပြန်ထားသည်။



ယခုကဲ့သို့ မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် ဧရာဝတီဘဏ်၏ ဝန်ဆောင်မှု သုံးစွဲသူတိုင်း PRO 1 Global Company Limited ဆိုင်ခွဲ သုံးခုဖြစ်သော ရန်ကုန်မြို့ရှိ စက်ဆန်းဆိုင်ခွဲ၊ အရှေ့ဒဂုံဆိုင်ခွဲနှင့် မန္တလေးမြို့ရှိ တမွဝတီဆိုင်ခွဲတို့တွင် ဘဏ်ဝန်ဆောင်မှုများ ရရှိမည်ဖြစ်ပြီး တစ်ချိန်တည်း၌ပင် PRO 1 တွင် ဈေးဝယ်သူများလည်း ဈေးဝယ်ရင်း ဘဏ်ဝန်ဆောင်မှုကို တစ်ခါတည်း တစ်နေရာတည်းတွင် ရရှိမည်ဖြစ်သည်။

AYA Agent Banking သည် အများပြည်သူများ နေ့စဉ်အသုံးပြုနေသော ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများဖြစ်ကြသည့် ငွေသွင်းခြင်း၊ ငွေထုတ်ခြင်း၊ ငွေလွှဲခြင်းနှင့် အခြားဝန်ဆောင်မှုများကို ယခင်ကဲ့သို့ ဘဏ်ခွဲများသို့ သီးသန့်သွားရောက်စရာမလိုဘဲ AYA Agent တိုင်းတွင် လုံခြုံစိတ်ချစွာ ဆောင်ရွက်နိုင်မည်ဖြစ်သည်။

ယခုကဲ့သို့ မိတ်ဖက်မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုကြောင့် ပြည်သူများ၏ နေ့စဉ်ဘဝကို ပိုမိုအဆင်ပြေလွယ်ကူစေရန်၊ ဘဏ်ဝန်ဆောင်မှုများကို ပိုမိုလက်လှမ်းမီစေရန်နှင့် ဘဏ်လုပ်ငန်းဆိုင်ရာ နေ့စဉ်လိုအပ်ချက်များကို တစ်နေရာတည်းတွင် အဆင်ပြေစွာ ဖြည့်ဆည်းပေးနိုင်ရန် အတူတကွပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။

ယင်း Agent Banking Partnership နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးပွဲသို့ ဧရာဝတီဘဏ်မှ Chief Executive Officer ဒေါ်သဇင်အောင်၊ Chief Business Officer ဦးနေလင်းထွဋ်၊ Chief Operating Officer ဦးဇော်ထွန်းနိုင်တို့နှင့်အတူ PRO 1 Global Company Limited မှ Managing Director ဒေါ်အေးအေးဟန်၊ Chief Financial Officer Mr. Teerapong Thongmuean နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

MT

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၅-စ-၂၀၂၆

ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	မိုးမူ	မကွေး	ထားဝယ်	ရုံးချာ	ပုသိမ်	ပြန်ကြီးနား	စစ်တွေ	ဘားအံ	ဖောလမြိုင်	လားရှိုး	တောင်ကြီး	ဖွဲ့ခိုင်ကော်	ဟားခါး
92 Ron	၃၆၅၀	၃၈၀၅	၃၇၂၅	၃၆၆၅	၃၈၀၀	၃၈၂၅	၃၈၅၅	၃၇၂၅	၄၁၀၅	၄၁၀၅	၃၇၂၅	၃၈၀၅	၃၈၃၅	၃၈၀၅	၃၈၀၅	၄၀၀၅
95 Ron	၃၇၇၀	၃၉၂၅	၃၈၈၀	၃၇၉၀	၃၉၃၀	၃၉၄၅	၃၉၈၀	၃၈၆၀	၄၂၂၅	၄၂၂၅	၃၈၈၀	၃၉၈၅	၃၉၅၀	၃၉၂၅	၃၉၃၀	၄၁၆၅
HSD (500 ppm)	၄၁၀၅	၄၁၀၅	၄၁၀၅	၄၀၈၅	၄၁၀၅	၄၁၀၅	၄၂၂၅	၄၁၀၀	-	၄၄၈၀	၄၁၂၀	၄၂၅၀	၄၁၀၀	၄၁၀၀	၄၁၀၀	၄၁၉၅
HSD (50 ppm)	၄၈၇၀	၅၀၂၅	၄၉၇၅	၄၈၈၅	၅၀၃၀	၅၀၄၅	၅၀၇၅	၄၉၇၅	၅၃၂၅	၅၃၇၅	၄၉၇၅	၅၀၁၀	၅၀၂၅	၅၀၄၅	၅၀၃၀	၅၂၆၅
HSD (10 ppm)	၄၈၇၀	၅၀၂၅	၄၉၇၅	၄၈၈၅	၅၀၃၀	၅၀၄၅	၅၀၇၅	၄၉၇၅		၅၃၇၅	၄၉၇၅	၅၀၁၀	၅၀၂၅	၅၀၄၅	၅၀၃၀	၅၂၆၅

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၃၆၅၀	၃၈၀၀
95 Ron	၃၇၇၀	၃၉၃၀
HSD (500 ppm)	၄၁၀၅	၄၁၉၀
HSD (50 ppm)	၄၉၇၀	၅၀၄၅
HSD (10 ppm)	၄၉၇၀	၅၀၄၅

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂။ ၀၉-၆၈၀၅၅၀၀၀၀

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

သံဖြူဇရပ်မြို့နယ်၌ ပြည်သူလူထုပူးပေါင်းပါဝင်သော သစ်ပင်စိုက်ပျိုးခြင်း အသိပညာပေး

သံဖြူဇရပ် သြဂုတ် ၁၄

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်၌ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်သစ်တောဦးစီးဌာနတို့ ပူးပေါင်း၍ ယမန်နေ့ နံနက်ပိုင်းက ပြည်သူလူထုပူးပေါင်းပါဝင်သော သစ်ပင်စိုက်ပျိုးခြင်း အသိပညာပေးဆွေးနွေးပွဲကို လူထုအခြေပြုဇာတိဌာနခန်းမတွင် ပြုလုပ်သည်။

ဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးအေးသိက ဆွေးနွေးပွဲကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးရဲဝင်းက သဘာဝပတ်ဝန်းကျင်ပျက်စီးရခြင်းအကြောင်းရင်းများ၊ ရာသီဥတုပြောင်းလဲမှု၏ နောက်ဆက်တွဲဆိုးကျိုးများ၊ သစ်ပင်စိုက်ပျိုးခြင်း၏ အကျိုးကျေးဇူးများကို ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဩဂုတ် ၁၄

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေခြင်းကြောင့်လည်းကောင်း၊ အနောက်ဘင်္ဂလားပြည်နယ် ကုန်းတွင်းပိုင်းဒေသများတွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်၏ အရှိန်ကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှုအားကောင်းနေခြင်းကြောင့်လည်းကောင်း ယနေ့နံနက်မှ ဩဂုတ် ၁၇ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာဒေသအချို့တွင် ပြင်းထန်စွာ မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်ထားသည်။ မိုးကြီးမည့် သတိပေးချက်နှင့်ပတ်သက်သည့် အခြေအနေများကို အချိန်နှင့်တစ်ပြေးညီ ဆက်လက်ထုတ်ပြန်ပေးပို့တင်ပြသွားမည်ဖြစ်ပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

မိုး/ဇလ

မုန်တိုင်းငယ် အနောက်ဘင်္ဂလားပြည်နယ် ကုန်းတွင်းပိုင်းဒေသများသို့ ရောက်ရှိ

နေပြည်တော် ဩဂုတ် ၁၄

ယနေ့နံနက် ၅ နာရီခွဲ တိုင်းထွာချက်များအရ အိန္ဒိယနိုင်ငံအနောက် ဘင်္ဂလားပြည်နယ်တွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ကာ အနောက် ဘင်္ဂလားပြည်နယ် ကုန်းတွင်းပိုင်းဒေသများသို့ ရောက်ရှိခဲ့ပြီး ဆက်လက်တည်ရှိနေသည်။ အဆိုပါ မုန်တိုင်းငယ်သည် အနောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ် ကုန်းတွင်းပိုင်းဒေသများနှင့် ဂျက်ခမ်းပြည်နယ်တို့ကို နောက် ၂၄ နာရီအတွင်း ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ

နတ်တလင်းမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များနေ့ချင်းပြီး ဆောင်ရွက်ပေး

နတ်တလင်း ဩဂုတ် ၁၄

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးက နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ နေ့ချင်းပြီးဆောင်ရွက်ပေးခြင်းကို ယမန်နေ့ နံနက်ပိုင်းက အထက(နတ်တလင်း)မနေ၁ဟဒယခန်းမ၌ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးခြင်းကို နတ်တလင်းခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်ရွှေ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန နတ်တလင်းခရိုင်ရုံးမှ ခရိုင်ဦးစီးမှူး ဦးဝေမျိုးသက်နှင့်ဝန်ထမ်းများက ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးခဲ့ပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



ထို့နောက် အထက(နတ်တလင်း)မှ အသက် ၁၀ နှစ်ပြည့်ပြီးသည့် ကျောင်းသား ၆၈ ဦး၊ ကျောင်းသူ ၆၀ စုစုပေါင်း ၁၂၈ ဦးတို့အား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

ဝေယံဖြိုး(ပြန်/ဆက်)



ငါန်းဇွန်မြို့နယ်၌ ဧရာတီမြစ်ရေမြင့်တက်မှုကြောင့် ရပ်ကွက်၊ ကျေးရွာများအတွင်း အိမ်ထောင်စုများ ပြောင်းရွှေ့

ငါန်းဇွန် ဩဂုတ် ၁၄

မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ်အတွင်း ဧရာဝတီမြစ်ရေမြင့်တက်မှုကြောင့် မိုးစပါးအပါအဝင် မိုးသီးနှံစိုက်ပျိုးထားရှိမှုများ ရေကြီးနစ်မြုပ်မှု၊ ထိခိုက်ပျက်စီးမှု ရှိ၊ မရှိနှင့် ရပ်ကွက်၊ ကျေးရွာများအတွင်း ပြည်သူများပြောင်းရွှေ့နေထိုင်မှုတို့ကို သိရှိနိုင်ရန် တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်တင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးမင်းသိန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးနေမျိုးထက်၊ မြို့နယ်စီးသတ်ဦးစီးဌာနမှူး ဦးကျော်ဇင်သန့်၊ မြို့နယ်မြေစာရင်းဦးစီးဌာန ဦးစီးအရာရှိ ဦးလွင်မိုးဦးနှင့် ဌာနဆိုင်ရာဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ရာ ဧရာဝတီမြစ်ရေမြင့်တက်မှုကြောင့် ပြည်သူများ၏ လယ်/ယာစိုက်ခင်းများအတွင်း ရေဝင်ရောက်မှုရှိသော်လည်း အဆိုပါ စိုက်ခင်းများသည် ဆောင်းသီးနှံများသာ အဓိကစိုက်ပျိုးသည့်ကွင်းများဖြစ်ခြင်းကြောင့် သီးနှံစိုက်ပျိုးမှုများ ထိခိုက်မှုမရှိကြောင်း၊ မြို့ပေါ်ရပ်ကွက်များဖြစ်သည့် အမှတ်(၁၊ ၂၊ ၃)ရပ်ကွက်များရှိ မြေနိမ့်ပိုင်းများမှ အိမ်ထောင်စု ၂၀၆ စု၊ ပြည်သူ ၅၉၈ ဦးတို့သည် နီးစပ်ရာဆွေမျိုးများနေအိမ်နှင့် ဘုန်းတော်ကြီးကျောင်းများသို့ ပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း သိရသည်။

သက်နောင်ဦး(ငါန်းဇွန်)

မြိတ်မြို့၌ လူငယ်စကားဝိုင်းကျင်းပ

မြိတ် ဩဂုတ် ၁၄

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် ကျောင်းသား ကျောင်းသူများ ဗဟုသုတများ ပြန်လည်မျှဝေတတ်သည့် အလေ့အကျင့်ကောင်းများ ရရှိစေရန်နှင့် အသိပညာ ဗဟုသုတများ တိုးပွားစေရန် အတွက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာ ဦးစီးဌာနတို့ ပူးပေါင်း၍ အမှတ်(၁) အခြေခံပညာအထက် တန်းကျောင်း ပညာဗိမာန်ခန်းမ၌ ယနေ့နံနက်ပိုင်းက လူငယ်စကားဝိုင်း ကျင်းပသည်။



လူငယ်စကားဝိုင်းတွင် အထက (၁)မြိတ် ကျောင်းအုပ်ကြီး ဦးအောင်မိုးက အမှာစကား ပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်မေဇင်ဦးက လူငယ်စကားဝိုင်း ကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားကာ စကားဝိုင်း ဆွေးနွေးပွဲကို စတင်ခဲ့သည်။

ထို့နောက် ကျောင်းသား ကျောင်းသူများက နည်းပညာ ကဏ္ဍထဲက လူငယ်၊ အသိလိမ္မာ တိုးပွားဖို့ စာဖတ်ကြပါစို့၊ လူငယ်နှင့် ကိုယ်ကျင့်သိက္ခာ ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြပြီး ကျောင်းသား ကျောင်းသူများက ပါဝင်မေးမြန်း ဆွေးနွေးခဲ့ကြရာ ဦးဆောင် ဆွေးနွေးကြသူများက ပြန်လည်ဆွေးနွေးဖြေကြားကြပြီး ဆရာမ ဒေါ်ရွှေထွေးက ဖြည့်စွက် ဆွေးနွေး ပြောကြားခဲ့ကြောင်း သိရသည်။

ခိုင်ထူး(ပြန်/ဆက်)

မြောက်ဥက္ကလာပမြို့နယ်၌ ပြည့်စုံရောင်းဝယ်ရေးသမဝါယမအသင်း နှစ်ပတ်လည် စည်းဝေး

ရန်ကုန် ဩဂုတ် ၁၄

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်အတွင်းရှိ သမဝါယမအသင်းများမှ ပြည့်စုံရောင်းဝယ်ရေးသမဝါယမအသင်း လီမိတက်၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် နှစ်ပတ်လည်နေ့



အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်ရွေးချယ်ပွဲကို ယမန်နေ့ နံနက်ပိုင်းက မြို့နယ်သမဝါယမအသင်းစုရုံး၌ ပြုလုပ်သည်။

ဦးစွာ မြောက်ဥက္ကလာပမြို့နယ် သမဝါယမမဦးစီးဌာနမှ ဦးစီးမှူး ဒေါ်သီတာမွန်က ဝန်ကြီးဌာနနှင့် ဦးစီးဌာနမှ ဆက်လက်အကောင် အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အသင်းအမှုဆောင်အဖွဲ့အစီရင်ခံစာနှင့် နှစ်ချုပ် ဘဏ္ဍာရေးရှင်းတမ်းများကို အသင်းသူ ဒေါ်ဝင်းနွယ်ဖြိုးက ဖတ်ကြားတင်ပြပြီး အသင်းသားများ၏ အတည်ပြုချက်များရယူကာ အမှုဆောင် ရွေးချယ်ခဲ့ကြသည်။

အဆိုပါအစည်းအဝေးသို့ အသင်းသား ၂၂ ဦး တက်ရောက်ခဲ့ပြီး အစုပေါ်အဖြတ်နှင့် အသင်းသားများအား လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

သက်လွင်စိုး(ပြန်/ဆက်)

ထာဝရကုသိုလ်ရယူဖို့၊ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့

တတိယအကြိမ် ရခိုင်ပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့ကျင်းပ

စစ်တွေ သြဂုတ် ၁၄

တတိယအကြိမ် ရခိုင်ပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၁၀ နာရီက ရခိုင်ပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဒေါက်တာစန်းလွှေက အစည်းအဝေးပထမနေ့ စတင်ကြောင်းနှင့် အစည်းအဝေး အထမြောက်ကြောင်း ကြေညာသည်။

ဆက်လက်၍ ရခိုင်ပြည်နယ် အစိုးရအဖွဲ့၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွက် ဖြည့်စွက်ခွင့်ပြုငွေစာရင်း(လျာထားချက်)၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွက် ဖြည့်စွက်ခွင့်ပြုငွေစာရင်း(လျာထားချက်) နှင့် စပ်လျဉ်း၍ ရခိုင်ပြည်နယ်ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာရေးဆိုင်ရာကော်မတီ၏ လေ့လာစိစစ်



တင်ပြသည့် အစီရင်ခံစာ၊ ရခိုင်ပြည်နယ် လွှတ်တော်တိုင်းရင်းသားလူမျိုးများအရေးလေ့လာရေး ကော်မတီ၏ တိုင်းရင်းသားများ၏ စာပေ၊ ယဉ်ကျေးမှု၊ အရေးအသား၊ အသုံးအနှုန်း၊ အခေါ်အဝေါ်များ၊ လေ့လာထိုနောက် ရခိုင်ပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေးပထမနေ့ ရပ်နားကြောင်းနှင့် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခဲ့ကြောင်း သိရသည်။

တင်ထွန်း(ပြန်/ဆက်)

✪ ၂၀၂၆ ခုနှစ်မှ

ရိုးရာလက်ဝှေ့အားကစားရုံ၌ ဆက်လက်ကျင်းပသည်။

ယနေ့ပြိုင်ပွဲ ပွဲစဉ်များအဖြစ် အမျိုးသား ၆၇ ကီလို လူသစ်တန်းပြိုင်ပွဲ၊ အမျိုးသား ၅၁ ကီလို(ဂ အဆင့်)ပြိုင်ပွဲ၊ အမျိုးသား ၆၀ ကီလို(ဂ အဆင့်)ပြိုင်ပွဲ၊ အမျိုးသား ၆၃ ဒသမ ၅ ကီလို(ဂ အဆင့်) ပြိုင်ပွဲ၊ အမျိုးသမီး ၄၈ ကီလိုပြိုင်ပွဲ၊ အမျိုးသမီး ၅၁ ကီလိုပြိုင်ပွဲတို့ ယှဉ်ပြိုင်ကစားကြသည်။

အမျိုးသား ၆၇ ကီလို လူသစ်တန်းပြိုင်ပွဲ ပွဲစဉ်များအဖြစ် မန္တလေးတိုင်းဒေသကြီးအသင်းမှ အောင်လင်းဦး(အနီ)နှင့် မွန်ပြည်နယ်အသင်းမှ စောသိန်းဇော်(အပြာ)တို့ ယှဉ်ပြိုင်ခဲ့ရာ စောသိန်းဇော်(အပြာ)က လည်းကောင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းမှ ဝေနိုင်ဦး(အနီ)နှင့် တနင်္သာရီတိုင်းဒေသကြီးအသင်းမှ ထက်ပိုင်စိုး(အပြာ)တို့ ယှဉ်ပြိုင်ခဲ့ရာ ထက်ပိုင်စိုး(အပြာ)က လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းမှ ရှိန်းထက်ကျော်(အနီ)နှင့် ကရင်ပြည်နယ်အသင်းမှ အောင်ချစ်ကြည်(အပြာ)တို့ယှဉ်ပြိုင်ခဲ့ရာ အောင်ချစ်ကြည်(အပြာ)က လည်းကောင်း၊ အမျိုးသား ၅၁ ကီလိုတန်း(ဂ အဆင့်)ပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးအသင်းမှ စိုးမိုးလွင်(အနီ)နှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းမှ လိန်းဟုန်(အပြာ)တို့ ယှဉ်ပြိုင်ခဲ့ရာ စိုးမိုးလွင်(အနီ)က လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးအသင်းမှ ချမ်းမြေနိုင်(အနီ)နှင့် ပဲခူးတိုင်းဒေသကြီးအသင်းမှ ကောင်းခန့်ကျော်(အပြာ)တို့ ယှဉ်ပြိုင်ခဲ့ရာ ကောင်းခန့်ကျော်(အပြာ)က လည်းကောင်း၊ ကချင်ပြည်နယ်အသင်းမှ ဆွတ်မျိုးထွယ်(အနီ)နှင့် ကရင်ပြည်နယ်အသင်းမှ မင်းသစ္စာ(အပြာ)တို့ ယှဉ်ပြိုင်ခဲ့ရာ မင်းသစ္စာ(အပြာ)က လည်းကောင်း၊ အမျိုးသား ၆၀ ကီလိုတန်း(ဂအဆင့်)ပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးအသင်းမှ ဆန်းလင်းအောင်(အနီ)နှင့် မွန်ပြည်နယ်အသင်းမှ ခခရန်မျိုးဂျက်ခေါင်(အပြာ)တို့ ယှဉ်ပြိုင်ခဲ့ရာ ခခရန်မျိုးဂျက်ခေါင်(အပြာ)က လည်းကောင်း၊ ကချင်ပြည်နယ်အသင်းမှ အောင်လင်းဦး(အနီ)နှင့် ရှမ်းပြည်နယ်အသင်းမှ စန်းကိုကို(အပြာ)တို့ ယှဉ်ပြိုင်ခဲ့ရာ အောင်လင်းဦး(အနီ)က လည်းကောင်း၊ ကရင်ပြည်နယ်အသင်းမှ စောသန့်ဇင်ဦး(အနီ)နှင့် ဧရာဝတီတိုင်းဒေသကြီးအသင်းမှ ရဲမွန်ကျော်(အပြာ)တို့ ယှဉ်ပြိုင်ခဲ့ရာ စောသန့်ဇင်ဦး(အနီ)က လည်းကောင်း၊ အမျိုးသား ၆၃ ဒသမ ၅ ကီလို(ဂ အဆင့်)ပြိုင်ပွဲတွင် ကရင်ပြည်နယ်အသင်းမှ သီဟ(အနီ)နှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းမှ ထွန်းထွန်းထက်(အပြာ)တို့ ယှဉ်ပြိုင်ခဲ့ရာ သီဟ(အနီ)က လည်းကောင်း၊ ရှမ်းပြည်နယ်အသင်းမှ စည်သူအောင်(အနီ)နှင့် ဧရာဝတီတိုင်းဒေသကြီးအသင်းမှ စထက်လင်း(အပြာ)တို့ ယှဉ်ပြိုင်ခဲ့ရာ စထက်လင်း(အပြာ)က လည်းကောင်း၊ အမျိုးသမီး ၄၈ ကီလိုပြိုင်ပွဲတွင် ချင်းပြည်နယ်အသင်းမှ ပန်းသဇင်မြင့်(အနီ)နှင့် မန္တလေးတိုင်းဒေသကြီးအသင်းမှ မလောမံ(အပြာ)တို့ ယှဉ်ပြိုင်ခဲ့ရာ မလောမံ(အပြာ)က လည်းကောင်း၊ ရှမ်းပြည်နယ်အသင်းမှ သဲမြတ်မွန်(အနီ)နှင့် ကရင်ပြည်နယ်အသင်းမှ အေးအေးနွယ်(အပြာ)တို့ ယှဉ်ပြိုင်ခဲ့ရာ အေးအေးနွယ်(အပြာ)က လည်းကောင်း၊ အမျိုးသမီး ၅၁ ကီလိုပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးအသင်းမှ သက်ထားဗိုလ်(အနီ)နှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းမှ နော်အယ်ဆဲဖော(အပြာ)တို့ ယှဉ်ပြိုင်ခဲ့ရာ သက်ထားဗိုလ်(အနီ)က လည်းကောင်း၊ မွန်ပြည်နယ်အသင်းမှ နော်ပွင့်ချောစု(အနီ)နှင့် ကယားပြည်နယ်အသင်းမှ ပိုးပိုးဥ(အပြာ)တို့ ယှဉ်ပြိုင်ခဲ့ရာ နော်ပွင့်ချောစု(အနီ)က လည်းကောင်း အသီးသီး ယှဉ်ပြိုင်အနိုင်ရရှိခဲ့ကြသည်။

သြဂုတ် ၁၅ ရက် ပြိုင်ပွဲ ပွဲစဉ်များအဖြစ် အမျိုးသား ၆၀ ကီလို လူသစ်တန်း(ကွာတားဖိုင်နယ်)ပြိုင်ပွဲ၊ အမျိုးသား ၆၃ ဒသမ ၅ ကီလို လူသစ်တန်း(ကွာတားဖိုင်နယ်)ပြိုင်ပွဲ၊ အမျိုးသား ၅၄ ကီလို (ဂ အဆင့်) (ကွာတားဖိုင်နယ်)ပြိုင်ပွဲ၊ အမျိုးသား ၆၇ ကီလို(ဂ အဆင့်) (ကွာတားဖိုင်နယ်)ပြိုင်ပွဲ၊ အမျိုးသမီး ၅၄ ကီလို(ကွာတားဖိုင်နယ်)ပြိုင်ပွဲကို ဆက်လက်ယှဉ်ပြိုင်ကစား သွားမည်ဖြစ်ရာ အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို "အခမဲ့" လာရောက်ကြည့်ရှု အားပေးနိုင်ကြောင်းနှင့် ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်ရိုးရာလက်ဝှေ့ပြိုင်ပွဲကို သြဂုတ် ၁၃ ရက်မှ ၂၀ ရက်အထိ သိမ်ဖြူရိုးရာလက်ဝှေ့အားကစားရုံ၌ ရှစ်ရက်ကြာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ပြင်ဦးလွင်မြို့၌ တောင်သူပညာပေး ကွင်းသရုပ်ပြသ

ပြင်ဦးလွင် သြဂုတ် ၁၄

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့၌ ပိုးစာပင်မျိုးပွားရန်အတွက် ပိုးစာပျိုးကိုင်းစိုက်ပျိုးခြင်း တောင်သူပညာပေး ကွင်းသရုပ်ပြပွဲကို ယနေ့နံနက်ပိုင်းက ပိုးသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးဗဟိုဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသိန်းနိုင်ဝင်းက အမှာစကားပြောကြားပြီး ပိုးသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးဗဟိုဌာန ခြံတာဝန်ခံ ဒေါက်တာအေးနွယ်ဝင်းက ပိုးစာပင်မျိုးပွားရန်အတွက် ပိုးစာပျိုးကိုင်းစိုက်ပျိုးခြင်းကွင်းသရုပ်ပြပွဲ ပြုလုပ်ရခြင်းရည်ရွယ်ချက်နှင့် ကွင်းသရုပ်ပြခြင်းနှင့်စပ်လျဉ်းသည့် နည်းစနစ်များကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသူများနှင့် တောင်သူများ၏ မေးမြန်းဆွေးနွေးမှုများကို ခြံတာဝန်ခံက ပြန်လည်ဖြေကြားပြီး ပိုးစာပင်မျိုးပွားရန်အတွက် ပိုးစာပျိုးကိုင်းစိုက်ပျိုးခြင်း လက်တွေ့သရုပ်ပြသခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



အမျိုးသမီးငယ်များကို တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ရောင်းစားခဲ့သူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ် ချမှတ်

နေပြည်တော် သြဂုတ် ၁၄

အမျိုးသမီးငယ်များကို တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ရောင်းစားခဲ့သူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ်ချမှတ်လိုက်ကြောင်း မြန်မာနိုင်ငံခရီးတပ်ဖွဲ့ထံမှ သိရသည်။

ဖြစ်စဉ်မှာ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့ နောင်ဘိုရပ်ကွက်နေ အမျိုးသမီးငယ် သုံးဦးနှင့် မယ်ဆွမ်(တောင်)ရပ်ကွက် နောင်ဟီးရပ်နေ အမျိုးသမီးငယ် တစ်ဦးတို့အား ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့ နောင်ဘိုရပ်ကွက်နေ ဒေါ်ရီရီမြင့်နှင့် မမျိုးသန္တာတို့က မိုင်းလားမြို့ ဂိမ်းခုံများတွင် အလုပ်အကိုင်ရမည်၊ တစ်လလျှင် ဒွေကျပ် ၁၀ သိန်းရမည်ဟု ပြောဆိုစည်းရုံးပြီး မိုင်းလားမြို့မှတစ်ဆင့် တရုတ်နိုင်ငံ ရွှေလီမြို့သို့ပို့ဆောင်၍ တရုတ်ဇနီးမယားအဖြစ် ရောင်းစားခဲ့ကြောင်း စိစစ်သိရှိရသဖြင့် မိုင်းဆတ်မြို့မရဲစခန်းတွင် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/၄၄ ဖြင့် အမှုရေးဖွင့် တရားစွဲတင်ခဲ့သည်။

သြဂုတ် ၁၁ ရက်တွင် မိုင်းဆတ်ခရိုင်တရားရုံးမှ ဖမ်းမိတရားခံ ဒေါ်ရီရီဖြင့်ကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ အရ ၈၇/၈၈ အတည်ပြုထုတ်ဆင့်ခဲ့ကြောင်း သိရသည်။

ထို့ပြင် မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် နေပူရပ်ကွက်နေ အမျိုးသမီးတစ်ဦးအား ရှမ်းပြည်နယ် လားရှိုးမြို့ ရပ်ကွက်(၁၀) နယ်မြေ(၈) ချယ်ရီလမ်းနေ ရွှေမိန့်နှင့် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နေ မင်းခန့်တို့က တရုတ်ယောကျ်ားယူရမည်၊ ခြောက်လ ပေါင်းသင်းရမည်၊ ခြောက်လ ပေါင်းသင်းပြီးလျှင် ပြန်လာလိုပါက ပြန်လာနိုင်သည်၊ ဒွေကျပ်သိန်း ၆၀/၇၀ ရမည်၊ တရုတ်ယောကျ်ားယူပြီးပါက မုန့်ဖိုးအဖြစ် တစ်လလျှင် ဒွေကျပ် ၁၀/၂၀ သိန်းခန့် ထပ်မံရမည်ဟု ပြောဆိုစည်းရုံးပြီး အထူးဒေသ နမ့်တစ်မြို့နေ ဘရဏီနှင့် ချိတ်ဆက်၍ တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန် ခေါ်ဆောင်လာကြောင်း စိစစ်သိရှိရသဖြင့် လားရှိုးနယ်မြေရဲစခန်း (ပ)၈၀/၂၀၂၆၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၈(က)/၄၄ ဖြင့် အမှုရေးဖွင့် တရားစွဲတင်ခဲ့ပြီး သြဂုတ် ၁၃ ရက်တွင် လားရှိုးခရိုင်တရားရုံးမှ ဖမ်းမိတရားခံ ရွှေမိအား လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/၄၄ အရ အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့ပြီး တိမ်းရှောင်တရားခံ မင်းခန့်နှင့် ဘရဏီတို့ နှစ်ဦးအား ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၅၁၂ အရ ၈၇/၈၈ အတည်ပြုထုတ်ဆင့်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ဧရာတ်ကောင်းမြို့၌ ရေနုတ်မြောင်းတူးဖော်ခြင်း ဆောင်ရွက်

ရေတ်ကောင်း သြဂုတ် ၁၄

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဧရာတ်ကောင်းမြို့စည်ပင်သာယာရေးအဖွဲ့ကမြို့ပေါ်ရပ်ကွက်များအတွင်း ရေစီးရေလာကောင်းမွန်စေရေးအတွက် ယမန်နေ့နံနက်ပိုင်းက ရုံးလမ်းမကြီး ဘေးဝဲ/ယာရှိ ရေနုတ်မြောင်းအား တူးဖော်ဆယ်ယူခြင်းနှင့် ချုံနွယ်မြက်ပင်များ ရှင်းလင်းခြင်း ဆောင်ရွက်ကြသည်။

ရေနုတ်မြောင်းအား မြို့မိမြို့ဖများ၊ စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိဦးစိုးလွင်နှင့် ပန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသည်။

မြို့စည်ပင်သာယာရေးအဖွဲ့သည် မြို့သန့်ရှင်းသာယာလှပရေး၊ မိုးတွင်းကာလ ရပ်ကွက်များအတွင်း ရေစီးရေလာကောင်းမွန်စေရေး၊ ချုံနွယ်မြက်ပင်များ ရှင်းလင်းခြင်းနှင့် အနှံ့အသက်ဆိုးများ ကင်းဝေးပြီး



သန့်ရှင်းမှုရှိစေရေးအတွက် အမှိုက်များစနစ်တကျ သိမ်းဆည်းခြင်း၊ ရေနုတ်မြောင်းများ တူးဖော်ဆယ်ယူခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ရေတ်ကောင်း(ပြန်/ဆက်)

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ ဗိုလ်မြင့်ဆွေလမ်း၊ အကွက်အမှတ်(၂၅၊ ဗိုလ်ချုပ်ရေနံစက်ကွက်)၊ ဦးပိုင်အမှတ်(၁၆)၊ မြေကွက်အမှတ်(ခ/၁၈၉)၊ ဧရိယာ (၀.၀၅၅) ဧက အကျယ်ရှိ ဦးကျော်ဦး(ဌာနေ)အမည်ပေါက် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ဝယ်ရှိ၍ ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံသူ LAI CHU KYAUNG(ခ) ဒေါ်စိန်သော် (ဘ)ဦးလိုင်ခင်ရန်(ခ)လိုင်ခင်လူ [၁၂/ကတတ(ပြု)၀၀၀၀၉၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးလင်းလင်းထက် (ဘ)ဦးညွန့်သိန်း [၁၂/သလန(နိုင်)၁၅၆၀၃၀] က ပြန်လည်ဝယ်ယူရန်အတွက် ၎င်းအား စရန်ငွေပေးချေပြီး ဖြစ်ပါသည်။ အရောင်းအဝယ်နှင့်ပက်သက်၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ သက်ဆိုင်ရာ စာရွက်စာတမ်းများနှင့်တကွ ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင် ဆောင်ရွက်ကာ အရောင်းအဝယ်ပြုသည့်ပစ္စည်းကို လက်ရောက်ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်သီတာမြင့်အောင်(LL.B, D.B.L)
တရားလွှတ်တော်ရှေ့နေ(စဉ်-၂၀၀၇၈)
ရုံး- အမှတ်(၁၂၈)၊ ကျိုက်ခေါက်ဘုရားလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့။ ဖုန်း-၀၉-၄၂၂ ၅၃၇ ၃၇၇

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၀၊ ဘုရင့်နောင်လမ်း၊ မြေကွက်အမှတ်-၉၃၉/ခ၊ အကျယ်အဝန်း(အလျား ၂၀ ပေxအနံ ၆၀ ပေ)၊ (၁၂၆၀)စတုရန်းပေ၊ ဧရိယာ(၀.၀၂၉)ဧကရှိ ဦးမောင်အေး(CM-၀၁၀၄၂၅)၊ [၁၂/မဂတ(နိုင်)၀၅၁၀၈၄] အမည်ပေါက် နှစ်(၆၀)ဂရန်မူရင်းမြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ပျဉ်ထောင်အိမ်၊ ရေ၊ မီး၊ မီတာအပါအဝင် မြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ခင်ပွန်း ကွယ်လွန်သဖြင့် တစ်ဦးတည်းသောဇနီးဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်အုန်းမြင့် [၁၂/မဂတ(နိုင်)၀၅၃၀၇၉]က စီမံခန့်ခွဲပိုင်ခွင့်၊ ပြန်လည်ရောင်းချပိုင်ခွင့်ရှိသည့်အပြင် အမွေဆက်ခံပိုင်ဆိုင်ကြောင်း ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ထပ်မံဝန်ခံပြောဆို၍ ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း(မူရင်း)အပြည့်အစုံနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်စိုးစိုးသိန်း (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၄၀၉/၁၉)
အမှတ်(၄၄၇/က)၊ အောင်သပြေ(၂)လမ်း၊ (၈၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၉-၄၂၀၀၄၉၃၈၀၊ ၀၉-၇၉၅၃၃၅၂၇၅

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၀၊ မြေကွက်အမှတ်-၈၃၆၊ အကျယ်အဝန်း (အလျား ၄၀ပေ x အနံ ၆၀ ပေ)၊ (၂၄၀၀)စတုရန်းပေ၊ ဧရိယာ(၀.၀၅၅)ဧကရှိ ဦးလှငွေ(MDN-၀၀၂၁၈၁)အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်ဖြစ်ပြီး၊ အမည်ပေါက် ကွယ်လွန်သွားသည့်အတွက် အဆိုပါမြေကွက်အား တရားဝင်ခွဲစိတ်ရသေးခြင်းမရှိသေးသော အကျယ်အဝန်း(အလျား ၂၀ ပေ x အနံ ၆၀ ပေ) မြေကွက်အမှတ်-(၈၃၇)နှင့်ကပ်လျက် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၅၀)ရပ်ကွက်၊ မြဝတီမင်းကြီးလမ်း၊ အမှတ်(၈၃၆)ဟုခေါ်တွင်သော ပျဉ်ထောင်အိမ်၊ ရေ၊ မီး၊ မီတာ အပါအဝင် မြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်လှမြင့်(ဇနီး)နှင့် ဒေါ်အေးအေးတိုး(သမီး)တို့ထံမှ ဒေါ်နေနွယ်နီဖြိုး[၁၂/မရက(နိုင်)၀၄၁၁၁၂]က အရပ်ကတိစာချုပ်မူရင်းဖြင့် ဝယ်ယူလက်ရှိပိုင်ဆိုင်လျက်ရှိပြီး မိမိသာလျှင် စီမံခန့်ခွဲပိုင်ခွင့်၊ ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆို၍ ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် မည်သူမဆိုကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း(မူရင်း) အပြည့်အစုံနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်စိုးစိုးသိန်း(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၄၀၉/၁၉)
အမှတ်(၄၄၇/က)၊ အောင်သပြေ(၂)လမ်း၊ (၈၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၂၀၀၄၉၃၈၀၊ ၀၉-၇၉၅၃၃၅၂၇၅

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၃)၊ မြေကွက်အမှတ်(၁၅၆)၊ အကျယ်အဝန်း (၄၀x၆၀)ပေရှိ ဒုအရာခံဗိုလ်တင်ဝင်း အမည်ပေါက် ပါမစ်မြေကွက်မှ တရားဝင်မခွဲမစိတ်ရသေးသော အကျယ်အဝန်း (၂၀ x ၆၀)ပေရှိ အမှတ်(၁၅၆)၊ သစ္စာလမ်း၊ (၈၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးဟုခေါ်တွင်သော မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား လက်ရှိထားပိုင်ဆိုင်သည်ဟုဆိုသူ ဦးတင်မိုး[၈/မဘန(နိုင်)၀၈၇၂၁၈]ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးကနေယာလား [၇/ဖမန(နိုင်)၁၇၆၆၂၆]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထားဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဦးဇော်ဝင်းလှိုင်(LL.B)	**ဒေါ်စန္ဒာလှိုင်(LL.B)**
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၀၂၇)	**အထက်တန်းရှေ့နေ(စဉ်-၅၃၀၇၄)**

အမှတ်(၂၇)၊ ပထမထပ်၊ ဇေယျာသီရိလမ်း၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၀၀၇၃၆၁၉

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သင်္ဃန်းကျွန်းမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၂၉/သုဝဏ္ဏ(ရွှေဂါးဆန်)၊မြေကွက်အမှတ်-၂၁၊ဧရိယာ(၂၅'×၄၀')၊(၁၀၀၀)စတုရန်းပေ၊မြေကွက်တည်နေရာအမှတ်(၂၁)၊၄ဝါလမ်း၊(၂၉/ရွှေဂါးဆန်မြေ)ရပ်ကွက်၊သင်္ဃန်းကျွန်းမြို့နယ်၊ဦးခင်သောင်း(SGN-၀၄၈၂၆၈)ကိုယ်တိုင်မှ(ဓါတ်ပုံ၊ရွှေ့ပြောင်းမည့်သူများ၏ရာဇဝင်အကျဉ်းချုပ်တို့သာပါရှိပြီးအိမ်ရာဆောက်လုပ်နေထိုင်ခွင့်နှင့်မှီခိုသူများစာရင်းမပါရှိ)အမည်ပေါက်ပါမစ်မူရင်း(မပြည့်စုံ)၊နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းတို့တင်ပြ၍ဂရန်သစ်လျှောက်ထားလာမှုအပေါ် ကန့်ကွက်ရန်ရှိပါကလျှောက်ထားလာရာတရားဝင်နိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ကိုယ်စား)(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ငြင်းချက်ထုတ်ရန်ဆင့်စာ
(တရားမကျင့်ထုံးဥပဒေအမိန့် - ၅၊ နည်းဥပဒေ - ၂၀)
ဒဂုံမြို့သစ်ခရိုင်တရားရုံးတော်၌
၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၅၆

ဒေါ်အိသဉ္ဇာ	နှင့်	၁။ ဒေါ်ရီရီခိုင်
(၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးအောင်မိုး)		၂။ ဦးအောင်သူဟိန်း
(တရားလို)		**(တရားပြိုင်များ)**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၄)ရပ်ကွက်၊ ကမ်းနားလမ်း၊ အမှတ် - ၁၉၃ နေ (၁)တရားပြိုင် ဒေါ်ရီရီခိုင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက "ကတိပဋိညာဉ်ပါအတိုင်း အိမ်ခြံမြေ အရောင်းအဝယ်စာချုပ်အား မှတ်ပုံတင်ပေးစေလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက် (၁၃၈၈ ခုနှစ်၊ ဝါခေါင်လပြည့် (၁၅)ရက်နေ့)မွန်းမတည့်မီ (၁၀)နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်၏ ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေး(၄) ရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဩဂုတ်လ (၁၃) ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(အောင်မျိုးထွန်း)
တွဲဖက်ခရိုင်တရားသူကြီး(၂)
ဒဂုံမြို့သစ်ခရိုင်တရားရုံး

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ ဗိုလ်စောအောင်လမ်း၊ ကွင်း/အကွက်အမှတ် (၂၅)၊ ဗိုလ်ချုပ်ရေနံစက်၊ ဦးပိုင်အမှတ် (က/၂၅)၊ မြေကွက်အမှတ် (O/၁၀၉)၊ ဧရိယာ (၀.၀၅၃)ဧကအကျယ်အဝန်းရှိ နှစ် (၉၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ တစ်ထပ်တိုက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဒေါ်သန္တာညွန့် (ခ) ဒေါ်သန္တာမျိုးညွန့်မှ အမည်ပေါက် ပိုင်ဆိုင်၍ တရားဝင်လက်ရှိထားပိုင်ဆိုင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန် ကမ်းလှမ်းသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေ ဦးဇော်ဝင်းထွန်း [၁၂/ကခက (နိုင်)၀၆၂၁၇၉]မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ယင်းကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှ (၁၄) ရက်အတွင်း စာရွက်စာတမ်းမူရင်းများနှင့်တကွ အခြားခိုင်လုံသော အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကြော်ငြာပါ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဒေါ်အေးအေးမော် (LL.B, D.B.L)	**ဒေါ်သူသူမင်း (LL.B, D.B.L)**
(စဉ်-၇၆၀၇)	**(စဉ်-၁၂၉၆၅)**
ဒေါ်ခင်မို့မို့ထွန်း (LL.B)	**ဒေါ်မာလာသန်းမြင့် (LL.B)**
(စဉ်-၁၅၉၉၄)	**(စဉ်-၁၈၂၅၅)**

တရားလွှတ်တော်ရှေ့နေများ
အမှတ် (၄၉)၊ အခန်း (၅+၆)၊ လမ်း (၄၀)အောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၉၈၈၅၉၅၀၄၅၊ ၀၉-၇၆၃၁၆၁၂၅၅

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၄)၊ သင်းဝင်လမ်း၊ မြေကွက်အမှတ်(၁၁၅၄)ဟုခေါ်တွင်သော (အလျား၄၂ပေx အနံ ၆၀ပေ)အကျယ်အဝန်းရှိ ဒေါ်ခင်ခင်ကြီး [၃/ဘအန(နိုင်)၁၆၆၀၉၁] အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်၏ တရားဝင်မခွဲစိတ်ရသေးသော မြေကွက်အမှတ် (၁၁၅၃)နှင့် ကပ်လျက်ဘက်ခြမ်း၊ (အလျား၂၀ပေxအနံ၆၀ပေ)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို အမည်ပေါက် ပိုင်ဆိုင်သူ ဒေါ်ခင်ခင်ကြီးမှ ဥပဒေနှင့်အညီ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြု ပြောဆိုလာရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမောင်မောင်ချစ်(စလင်း)LL.B	**ဒေါ်မိုးယုနွယ်**
တရားလွှတ်တော်ရှေ့နေ(စဉ်-၇၇၄၇)	**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၉၂၄)**
Ph-09-954280932	**LL.B, D.B.L, D.I.L, D.M.L,**
အမှတ်(၈၁)၊ တကောင်း(၅)လမ်း၊	**WIPO(Switzerland)**
(၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။	**Ph:09-420080932,09-983837110**

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၉/B)၊ ဗိုလ်ဆွန်ပက်လမ်း၊ မြေကွက်အမှတ်(၄၂၃)၊ (အလျား၄၀ပေ x အနံ၆၀ပေ) အကျယ်အဝန်းရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို အမည်ပေါက် ပိုင်ဆိုင်သူ ဦးအောင်ဝင်း[၉/မနတ(နိုင်)၀၆၉၄၀၂] မှ ဥပဒေနှင့်အညီ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမောင်မောင်ချစ်(စလင်း)LL.B	**ဒေါ်မိုးယုနွယ်**
တရားလွှတ်တော်ရှေ့နေ(စဉ်-၇၇၄၇)	**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၉၂၄)**
Ph-09-954280932	**LL.B, D.B.L, D.I.L, D.M.L,**
အမှတ်(၈၁)၊ တကောင်း(၅)လမ်း၊	**WIPO(Switzerland)**
(၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။	**Ph:09-420080932,09-983837110**

"အများသိစေရန် ကြေညာချက်"

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ (၅)ရပ်ကွက်၊ ၅၂လမ်း၊ တိုက်အမှတ် - ၂၂/၂၈၊ အခန်းအမှတ်-(A-401)၊ တတိယထပ်၊ ၄လွှာ(ဝဲဘက်)၊ အကျယ်အဝန်း (၃၀ပေ x ၅၈ပေ)ဟု ခေါ်တွင်သော ဓာတ်လှေကားပါ နေအိမ်တိုက်ခန်း အပါအဝင် လျှပ်စစ်မီတာ၊ ရေမော်တာ၊ အဲယားကွန်း(၅)လုံးကို ဦးထွန်းတင့်အောင် [၁၄/ကလန(နိုင်)၀၉၅၄၅၀]က ကန်ထရိုက်တာ ဦးခင်မောင်လတ်(တော်ဝင်မြန်မာ) ထံမှ (၂၂-၂-၂၀၁၆)ရက်စွဲပါ တိုက်ခန်း အရောင်းအဝယ်ကတိစာချုပ်အရ ဝယ်ယူပိုင်ဆိုင်ပြီး အဆိုပါစာချုပ်မူရင်းအား ပြသလျက် တိုက်ခန်းအားလက်ရှိထား စီမံခန့်ခွဲလျက်ရှိ၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း အရှုပ်အထွေးကင်းရှင်းကြောင်း ဝန်ခံကတိပြုပြီး ကမ်းလှမ်းသဖြင့် ဦးအောင်ကျော်လွင် [၁၂/ပဘတ (နိုင်) ၀၂၈၁၁၇] နှင့် ဒေါ်လဲ့လဲ့ထွန်း[၁၂/သကတ(နိုင်)၁၆၁၇၁၈]တို့က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ကို ကြေညာပါသည့်နေ့မှစ၍ (၁၄) ရက်အတွင်း ပိုင်ရေးပိုင်ခွင့်/ ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဤအရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဦးအောင်ဇော်မြတ် (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ် - ၈၅၀၉)
အမှတ်-၁၇၈၊ ဒု-ထပ်၊ အခန်း(၅)၊ ဗိုလ်အောင်ကျော်လမ်း(အောက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
၀၉ - ၅၄၁၂၇၅၂၊ ၀၉ - ၈၇၅၅၅၇၇၄၅

မိခင်အမည်မှန်

ဒိုက်ဦးမြို့နယ်၊ အ.ထ.က(ခွဲ)၊ သနပ်ကွင်းကျောင်း Grade-3 တွင် ပညာသင်ကြားနေသော မောင်လင်းမြတ်ဟိန်း၏ မိခင်အမည်မှန်မှာ ဒေါ်ဝင်းသန္တာငြိမ်း [၇/ဒဥန(နိုင်) ၁၇၁၉၅၀] ဖြစ်ပါကြောင်း။

ဒေါ်ဝင်းသန္တာငြိမ်း
[၇/ဒဥန(နိုင်)၁၇၁၉၅၀]

ဖခင်အမည်မှန်

ဒိုက်ဦးမြို့နယ်၊ အ.ထ.က(ခွဲ)၊ သနပ်ကွင်းကျောင်း Grade-3 တွင် ပညာသင်ကြားနေသော မောင်ရဲရင့်နိုင်၏ ဖခင်အမည်မှန်မှာ ဦးမျိုးခိုင် [၅/စကန(နိုင်) ၂၁၁၅၀၆] ဖြစ်ပါကြောင်း။

ဦးမျိုးခိုင်[၅/စကန(နိုင်)၂၁၁၅၀၆]

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်၊ စောရန်ပိုင်အရှေ့ရပ်ကွက်၊ Hill Top Condo မင်းရဲကျော်စွာလမ်း၊ အမှတ်(၁၁)နေ ဒေါ်ခင်စန်းရီ (၁၂/အလန(နိုင်)၀၁၇၇၃၇)၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည် -

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်၊ အဆင့်မြင့်မင်္ဂလာဈေးတွင်ရှိသော ပြေညီဆိုင်ခန်းအမှတ်(၂၈၆)အခန်းသည် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်စန်းရီ အမည်ဖြင့် လိုင်စင်၊ ဆိုင်ခန်း Owner Book အမည်ပေါက် လက်ဝယ်ပိုင်ဆိုင်သော ဆိုင်ခန်းဖြစ်ပါသည်။ ၎င်းဆိုင်ခန်းသည် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်စန်းရီအမည်ဖြင့် ယနေ့အချိန်ထိ နှစ်စဉ်အခွန်များထမ်းဆောင်၍ မည်သူတစ်ဦးတစ်ယောက်ကိုမျှ ရောင်းချပေါင်နှံ ပေးကမ်း စွန့်လွှတ်ထားခြင်းမရှိပါ။ ကျွန်ုပ်မိတ်ဆွေ ဒေါ်ခင်စန်းရီ အမည်ပေါက် ဆိုင်ခန်း Owner Book သည် နေအိမ်တွင် ပျောက်ဆုံးခဲ့ပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်စန်းရီ ခွင့်ပြုချက်မပါဘဲ ဆိုင်ခန်းပေါ်တွင် ဈေးတက်ဈေးတင် ပစ္စည်းတင်ရောင်းချခြင်းများ မပြုလုပ်ရန်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဈေးများဌာနတွင် Owner Book အမည်ပြောင်းခြင်းများ မပြုလုပ်ရန်နှင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်စန်းရီအမည်ဖြင့် Owner Book အမည်ပြန်လည်လျှောက်ထားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်အေးအေးမူ (စဉ်-၈၂၂၃) (၁၀-၅-၂၀၁၂)
LL.B, D.B.L, D.M.L တရားလွှတ်တော်ရှေ့နေ
တိုက်-၉/၁၁ ၊ မြေညီထပ် ၊ (၃၆)လမ်းအောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၅၀၁၃၉၉၁

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ ရန်ကုန်မြို့သစ်စီမံကိန်း၊ ၂၀၂၀ ပြည့်နှစ်ယာယီမြေပေးမိန့်အမှတ် (၅၆၅၂)၊ ပြန်လည်နေရာချထားသည့်အုပ်စု RA-1၊ အကွက်အမှတ်(တ-၀၇)၊ မြေကွက်အမှတ် (၀၁၂၄)၊ မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ယာယီမြေပေးမိန့်အရ တရားဝင်အမည်ပေါက်ချထားပေးခြင်းခံရပြီး ရောင်းချပိုင်ခွင့်ရှိသူ ဦးခင်စိန် [၁၂/လမတ(နိုင်)၀၂၇၆၂၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေများအနက်မှ စရန်ငွေပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်း အထောက်အထားများနှင့်အတူ ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်ပြီး ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးဇော်ကိုကိုဦး (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၉၄၇၄)
အမှတ် (၅၈)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၉- ၄၂၁၁၆၉၄၆၀၊ ၀၉-၇၉၁၅၁၈၅၁၆

နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးစီးကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်အေးအေးအောင်[၁၂/တမန(နိုင်)၀၉၂၀၉၆]နှင့် ဦးမြတ်သူ[၁၂/ကမရ(နိုင်)၀၆၃၂၁၅]တို့သည် (၁၅-၁၁-၂၀၂၁)နေ့မှစ၍ အကြင်လင်မယားအဖြစ်ပေါင်းသင်းနေထိုင်ခဲ့ကြပြီး၊ သား/သမီး တစ်ဦးတစ်ယောက်မျှမထွန်းကားခဲ့ပါ။ ယခုအခါတွင် နှစ်ဦးနှစ်ဖက်စိတ်သဘောထားချင်းတိုက်ဆိုင်မှုမရှိတော့ပါသဖြင့် ဆက်လက်ပေါင်းသင်းရန်ဆန္ဒမရှိတော့သောကြောင့် (၁၃-၈-၂၀၂၆)ရက်နေ့တွင် နှစ်ဦးသဘောတူအကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်းကတိစာချုပ် ချုပ်ဆို၍ ဂုဏ်သရေရှိလူကြီးများ၊ အသိသက်သေများ၏ ရှေ့မှောက်တွင် ကွာရှင်းပြတ်စဲခဲ့ပြီးဖြစ်ပါသည်။ ထို့ကြောင့် နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးသည့်နေ့မှစ၍ နောက်နောင် တစ်ဦး၏လူမှုရေး၊ စီးပွားရေးအစရှိသည့် မည်သည့်ကိစ္စရပ်များတွင်မဆို တစ်ဦးနှင့်တစ်ဦးဝင်ရောက်ပတ်သက်နှောင့်ယှက်ခြင်း၊ သက်ဆိုင်ခြင်း တစ်စုံတစ်ရာမရှိနိုင်တော့ပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

ဒေါ်အေးအေးအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးရဲမာန်ဗိုလ်(LL.B)	**ဒေါ်နီလာခင်(LL.B, D.BL)**
အထက်တန်းရှေ့နေ(စဉ်-၅၅၅၃၁/၂၀၂၃)	**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၇၅၁/၂၀၁၄)**
(Ph-၀၉-၂၅၄၃၄၆၂၃၄)	**(Ph-၀၉-၂၅၂၆၄၀၀၂၄)**

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၅၆)၊ မြေကွက်အမှတ် (၅၇/ခ)၊ စိန်ရတနာလမ်း၊ အကျယ်အဝန်း(၂၀ x ၆၀)ပေ(၁၂၀၀ စတုရန်းပေ)ရှိသော ပါမစ်မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် နှစ်(၆၀) ဂရန်အမည်ပေါက် ဦးတင်ဇော်[၁၂/ဒဂတ (နိုင်) ၀၇၂၈၅၄] အမည်ဖြင့် မှတ်သားတည်ရှိပြီး အမည်ပေါက်သူထံမှ အရပ်ကတိစာချုပ် အဆက်ဆက်ဖြင့် ဝယ်ယူထားသူဖြစ်သော ဦးရမ်းသပ်ဆေးယား (ခ) ဦးဘူချဝါး [၇/ကတခ(နိုင်)၀၇၆၁၀၅] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးဇင်မင်း [၁၂/ကတတ(နိုင်) ၀၂၈၉၈၀] က အပြီးအပိုင်ဝယ်ယူရန်အတွက် (၁၁-၈-၂၀၂၆) ရက်နေ့တွင် စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်နှင့် မြေရှင်ထံသို့ ပိုင်ဆိုင်မှုအထောက်အထားစာရွက်စာတမ်းမူရင်းများကို ကိုင်ဆောင်၍ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြုလုပ်မည့်မြေကွက်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်သန်းမြင့် (LLB, WIPO, Switzerland)
တရားလွှတ်တော်ရှေ့နေ(စဉ် - ၁၂၇၇၄)
၄၃၊ သီတာလမ်း၊ ရန်အောင်ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၉၆၇၆၈၃၂၀၄၊ ၀၉-၄၅၀၂၇၉၄၆၈

"ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂)၊ ဆဒ္ဒံဒူးဝါးလမ်းနှင့် ကေတုမတီလမ်းထောင့်၊ မြေကွက်အမှတ်(၈၇၈)၊ အကျယ်အဝန်း (၄၀ ပေx ၆၀ ပေ)ရှိ မြေချပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှု မြေယာဌာနရှိ မြို့မြေစာရင်းတွင် ဒေါ်ချိုဘီ (ISN-၁၅၆၀၆၄) အမည်ဖြင့် အမည်ပေါက် မှတ်သားတည်ရှိပြီး အမည်ပေါက်ထံမှ ဦးမျိုးခိုင် [၁၂/ဗဟန(နိုင်)၀၇၇၂၃၆] သည် နှစ်ဦးသဘောတူ အဆင့်ဆင့် အဆက်စပ်အရောင်းအဝယ်ကတိစာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိ ပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်၏မိတ်ဆွေထံသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်သက်ထားခိုင် (LL.B, D.B.L, D.I.P.L)
အထက်တန်းရှေ့နေ (စဉ်-၅၆၈၇၅)
အမှတ်(၅၀၄)၊ ဓာနည်လမ်း၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း - ၀၉-၇၉၂၀၁၂၉၉၈၊ ၀၉-၉၄၀၉၁၉၉၉၉

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန
အကောက်ခွန်ဦးစီးဌာန
ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချရေးကြော်ငြာ

၁။ အကောက်ခွန်ဦးစီးဌာနက တည်ဆဲအကောက်ခွန်ဥပဒေအရ အရေးယူထားသော Mobile Phone၊ Tablet၊ အထွေထွေလူသုံးကုန်ပစ္စည်းများအား အောက်ပါအစီအစဉ်အတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသဖြင့် အများပြည်သူများ ဝင်ရောက်ယှဉ်ပြိုင်ဝယ်ယူနိုင်ရန် အသိပေးကြေညာအပ်ပါသည်-

(က) နေ့ရက်/အချိန် - ၂၈-၈-၂၀၂၆ ရက်နေ့ နံနက် (၁၀:၀၀) နာရီ၊

(ခ) နေရာ - အကောက်ခွန်ဦးစီးဌာန၊ အကောက်ခွန်သင်တန်းကျောင်းခန်းမ၊ အမှတ်(၂၀၅/၂၁၁)၊ ၄၉ လမ်းနှင့် ၅၀ လမ်းကြား၊ မဟာဗန္ဓုလလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊

(ဂ) ပစ္စည်းအမျိုးအမည် - Mobile Phone၊ Tablet၊ အထွေထွေလူသုံးကုန်ပစ္စည်းများ၊

(ဃ) လေလံပုံစံရောင်းချခြင်း- ၁၈-၈-၂၀၂၆ ရက်နေ့မှ ၂၀-၈-၂၀၂၆ ရက်နေ့အထိ (ရုံးဖွင့်ရက်) ရုံးချိန်အတွင်း လေလံပုံစံ (လေလံစည်းကမ်းချက်များနှင့် လေလံပစ္စည်းစာရင်း ပူးတွဲလျက်) တစ်စုံလျှင် ကျပ် (၁၀၀၀၀/-) (ကျပ်တစ်သောင်းတိတိ) နှုန်းဖြင့် ရောင်းချခြင်းနှင့် အာမခံစပေါ်ငွေပေးသွင်းခြင်းကို ၂၁-၈-၂၀၂၆ ရက်နေ့မှ ၂၇-၈-၂၀၂၆ ရက်နေ့အထိ ရုံးဖွင့်ရက်ရုံးချိန်အတွင်း လက်ခံသွားမည်ဖြစ်ပါသည်၊

(င) ပစ္စည်းပြသမည့်အချိန် - အာမခံစပေါ်ငွေပေးသွင်းသူများကိုသာ ၂၁-၈-၂၀၂၆ ရက်နေ့မှ ၂၇-၈-၂၀၂၆ ရက်နေ့အထိ (ရုံးဖွင့်ရက်) နံနက် (၁၀:၀၀) နာရီမှ ညနေ (၁၆:၀၀) နာရီအထိ (၅)ရက် ပြသပါမည်၊

(စ) ပစ္စည်းပြသမည့်နေရာ - Mobile Phone နှင့် Tablet များအား အကောက်ခွန်ဦးစီးဌာနမှူးရုံး၊ နေပြည်တော်နှင့် အထွေထွေလူသုံးကုန်ပစ္စည်းများအား ထောက်ပံ့ရေးနှင့် ပို့ဆောင်ရေးဌာနခွဲ၊ ရန်ကုန်မြို့။

၂။ အသေးစိတ်အချက်အလက် သိရှိလိုသူများသည် ထောက်ပံ့ရေးနှင့် ပို့ဆောင်ရေးဌာနခွဲ၊ အကောက်ခွန် (ကုန်လှောင်ရုံ)၊ ကွန်ကရစ်ကမ်းနားလမ်း၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးသို့ လူကိုယ်တိုင်သို့မဟုတ် ဖုန်း(၀၉-၅၁၆၅၂၄၁) နှင့် (၀၉-၅၅၀၆၃၅၅) သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

အတွင်းရေးမှူး
လေလံတင်ရောင်းချရေးအဖွဲ့
အကောက်ခွန်ဦးစီးဌာန၊ ရန်ကုန်မြို့

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်၊ (၆၁)ရပ်ကွက်၊ ဧရာဝတီလမ်း၊ ဧရာချမ်းသာအဆောင့်မြင့်ကွန်ဒို၊ အဆောက်အအုံအမှတ် (11-A)၊ (၁၃)ထပ်အဆောက်အဦး၏(၃-လွှာ) အခန်းအမှတ် (၂၄၄) အကျယ်အဝန်း(၆၀၀)စတုရန်းပေရှိ တိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အရောင်းအဝယ်ပြုလုပ်ခြင်းအား ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

အထက်ဖော်ပြပါ တိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးခန့်ကျော် (၁၂/ရကန (နိုင်) ၀၀၂၄၃၂) နှင့် ဒေါ်သင်းမိမိစိုး (၁၂/ရကန (နိုင်) ၀၀၃၂၃၄) တို့က တရားဝင်ဝယ်ယူလက်ရှိပိုင်ဆိုင်လျက်ရှိပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အေးအိမ့်မွန် (၁၂/ဥကမ (နိုင်) ၁၉၄၅၇၉) က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း စာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - **ဒေါ်ဇေးမွှင့်မြူ (LL.B)**
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၃၉၁)
အမှတ်(၄၉၄)၊ တတိယထပ်၊ ငမိုးရိပ်(၅)လမ်း၊ အပိုင်း(၃)၊ ငမိုးရိပ်ရပ်ကွက်၊ သယ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၄၃၁၅၃၃၁၀၊ ၀၉ ၉၇၇၈၀၁၃၆၆

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ မြေကွက်အမှတ် (၁၄၅/ခ)၊ ဧရိယာ(၁၂၀၀)စတုရန်းပေရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်ဟုခေါ်တွင်သော အမှတ်(၁၄၅/ခ)၊ ပါရမီလမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊ အကျယ်အဝန်း(၂၀x၆၀)ပေရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အိမ်အပါအဝင် ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်များအားလုံးကို ဝယ်ယူရန် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် တရားဝင်အမည်ပေါက်ပိုင်ရှင်ဖြစ်၍ ယခုရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ခင်သန်းမြင့်[၁၂/ဥကတ(နိုင်)၀၄၅၀၃၁]အား ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဦးရဲနိုင်စိုး[၉/အမရ(နိုင်)၁၄၀၃၉၈]၊ ဦးရဲဖြိုး[၁၂/အလန(နိုင်)၀၄၈၂၆၅]တို့မှ မြေကွက်နှင့် အိမ်ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ စရန်ငွေပေးချေထားခြင်းနှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်း(မူရင်း)များနှင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါကအထက်ဖော်ပြပါမြေကွက်နှင့်အိမ်ကို တရားဝင်နည်းလမ်းတကျ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ဆက်လက်ချုပ်ဆို၍ ဥပဒေနှင့်အညီ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်စိုးစိုးမြင့်(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၀၆၃)
အမှတ်(၈၆)၊ (၇-လွှာ/စီ)၊ ဝါးတန်းလမ်း၊ (၂)ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၄၂၁၀၃၅၉၆၃၊ ၀၉-၇၉၃၀၂၇၆၇၇

မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ ချောင်းဆုံမြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စု(ခဆန)၊ ကွင်း/အကွက်အမှတ် (၆၁၄ᵐ)၊ အကွက်အမည် (ကန်ဖျား)၊ ဦးပိုင်အမှတ်(၃၄)၊ ဧရိယာ(၁၅.၅၆) ဧက၊ (မြေအမျိုးအစား ပုံစံ-၇) မြေကွက်နှင့်ဆက်စပ်လျက်ရှိသော ဦးပိုင်အမှတ် (၂၃၈+၁၁၃)၊ ဧရိယာ (၂.၉၀)ဧကနှင့် (၁.၅၀)ဧက၊ စုစုပေါင်းဧရိယာ (၁၉.၉၆)ဧကရှိ ဒေါ်မြင့်မြင့်စိန် [၁၀/ခဆန(နိုင်)၀၀၁၉၈၅] အမည်ပေါက်လျက်ရှိသော မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

အဆိုပါမြေကွက်နှင့်ပတ်သက်၍ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ဝယ်ပိုင်ဆိုင်သူ စီမံခန့်ခွဲပိုင်ခွင့်၊ ရောင်းချပိုင်ခွင့်ရှိပြီး အရှုပ်အရှင်းကင်းရှင်းကြောင်း၊ တာဝန်ယူကြောင်း၊ ဝန်ခံကတိပြုရောင်းချသူ ဒေါ်မြင့်မြင့်စိန် [၁၀/ခဆန(နိုင်)၀၀၁၉၈၅]ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်သဘောတူ၍ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

ယင်းမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းစာချုပ် (မူရင်း)များနှင့်အတူတကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်နန်းထက်ထက်ဇော် (LL.B, D.B.L, D.I.L, WIPO (Switzerland)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၇၁၇)
အမှတ်-၈၇၃၊ ကျော်သူလမ်း(၂၀)၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉-၉၄၆၄၉၄၆၄၅၊ ၀၉-၂၅၄၆၂၁၇၀

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၄-ရပ်ကွက်၊ အကွက်အမှတ်-(ဇ-၃)၊ ဦးပိုင်အမှတ်(၄၉)၊ ၆၀လမ်း၊ ၁၁၁x၁၁၂ လမ်းကြားရှိ ဦးရှကူး(ခ)ဦးသန်းရွှေ အမည်ပေါက်ဂရန်မြေကွက်အား အမွေဆက်ခံစာချုပ်အမှတ်(၁၅၃၈/၂၀၂၆)ဖြင့် အမွေဆက်ခံခဲ့သည့် ဒေါ်အရှာဘီ[၉/မနမ(နိုင်)၁၀၂၁၃၄]၊ ဒေါ်မြင့်မြင့်သက် [၉/မနမ(နိုင်)၀၇၇၉၀၅]၊ ဒေါ်စန်းစန်းသက် [၉/မနမ(နိုင်)၁၀၂၁၃၃]၊ ဒေါ်စိန်မြသက် [၉/မနမ(နိုင်)၁၀၂၁၃၂]၊ ဦးလှမျိုးထွန်း[၉/ခမစ(နိုင်)၀၀၉၆၃၈]၊ ဦးလှမျိုးထူး [၉/ခမစ(နိုင်)၀၀၉၆၃၇]၊ ဒေါ်တာတာသက် [၉/ခမစ(နိုင်)၁၀၈၄၄၁]၊ ဦးလှမျိုးဝေ [၉/ခမစ(နိုင်)၁၀၈၄၅၆] တို့က ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း(တောင်)ရပ်ကွက်၊ ပဒေသာလမ်း၊ အမှတ်(၄)၊ ၃-လွှာ(ညာ)၊ အကျယ်ဝန်း(၁၅ x ၅၀)ပေခန့်ရှိ တိုက်ခန်းရေမီးအစုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်ပိုင်ဆိုင် ရောင်းချခွင့်ရှိသူ ဒေါ်ဆွေဆွေမြင့် [၁၂/လသန(နိုင်)၀၀၆၀၀၀] ထံမှ ကျွန်မ ဒေါ်မြမြင့်မိုး (ခ)SHEEMA [၁၂/ကတတ(ပြု)၀၀၁၁၀၇]သည် ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောအထောက်အထားမူရင်းနှင့်တကွ (၇)ရက်အတွင်း သက်ဆိုင်ရာသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ဒေါ်မြမြင့်မိုး (ခ) SHEEMA [၁၂/ကတတ(ပြု)၀၀၁၁၀၇]
